ပြည်သူ့တရားရှင် ပေါင်းချင်းထျန်း ၏ ဂန္တဝင်ဝတ္ထု

# ဂန်းကြွယ်

ပေါင်းချင်းထျန်း

အိမ်ရှေ့စံနှင့်ကြောင်ပေါက်စေ



# ဘုန်းကြွယ်

## အိမ်ရှေ့စံနှင့် ကြောင်ပေါက်လေး

ပြည်သူ့တရားရှင် ပေါင်ချင်းထန်း

( ဒုတိယပိုင်း -- ဇာတ်သိမ်း)

လှိုင်စာပေ
အမှတ် ၁၅/၁၃၁၊ မြို့ ...
တောင် ၄ မြို့
ဖုန်း ၂၀၃၄၄

ပေါင်ချင်းထန်း အခက်အခဲ

ပေါင်ချင်းထန်းသည် မျက်ခမြင် အမျိုးသမီး၏ ရင်နှင့် စဖွယ်မှုခင်းများကို သေချာစွာ ကြားနာပြီးသောအခါ....

သူ၏ ရင်ထဲ၌ လှိုက်လှိုက်လှဲလှဲ ခံစားရလေတော့သည်။

ဤအမှုကို ဖြေရှင်းရန်မှာ အလွန်ခက်ခဲလှမည်ဖြစ်ကြောင်း သူက နားလည်ထားလေသည်။

ထိုအမျိုးသမီးကြီး၏ တိုင်ကြားမှုမှာ မှန်ကန်ခဲ့ပါလျှင် ဤအမှုသည် နိုင်ငံတစ်ဝှမ်းရှိ ပြည်သူပြည်သားများသာမက နန်းတွင်းသူနန်းတွင်းသားများ အားလုံးပါ ထိတ်လန့်တုန်လှုပ်ဖွယ်ရာ အမှုအခင်းတစ်ခု ဖြစ်နေလေပြီ။

သူက မျက်မမြင် အမျိုးသမီး ပြောသမျှကို တစ်ချိန်လုံး သူက စိတ်ရှည်လက်ရှည် နားထောင်ရင်းမှ အကဲခတ်ကြည့်ခဲ့လေသည်။

ထိုအမျိုးသမီး၏ ပြောပုံဆိုပုံနှင့် စကားအသုံးအနှုန်းများအားလုံးမှာ နန်းဆန်လှပေသည်။

သူမသည်တစ်ဆယ့်ရှစ်နှစ်လုံးလုံး လောကဒဏ်ကို ကြံ့ကြံ့ခံရသဖြင့် လက်ရှိအရွယ်ထက် အိုစာနေသည့် တိုင်အောင် ငယ်ရွယ်စဉ်က ချောမော၍ ကျက်သရေရှိခြင်းကိုမူ မြင်တွေ့နေရဆဲပင်။

နှစ်ပေါင်းအတန်ကြာကြာ သိမ်းဆည်းခဲ့သော နန်းဝတ်နန်းစားတို့အား ပြန်လည် ဝတ်ဆင်ထားရာတွင်လည်း အချိုးကျကျ ဝတ်ဆင်ထားနိုင်ခြင်းကို အကဲခတ် မိလိုက်လေတော့သည်။

ထို့ကြောင့်—

ဤအမျိုးသမီး၏ တိုင်ကြားမှုမှာ မှန်ကန်နိုင်သည်ဟု နားလည်ထားလေသည်။



ထို့ကြောင့်....

ဤမှုခင်းကို ဖြေရှင်းပေးရန် ပေါင်ချင်းထန်းက လက်ခံခဲ့လေသည်။

'ကျွန်တော်မျိုးဟာ ပြည်သူ့တရားသူကြီး တာဝန်ကို ထမ်းဆောင်နေရတဲ့ အမှုထမ်းတစ်ယောက်ပါ၊ ဒါကြောင့်.... ဘယ်သူမဆို တိုင်ကြားတဲ့အမှုအခင်းမှန်သမျှ လက်ခံစစ်ဆေးပေးပါတယ်'

သူက တောင်နန်းစံ မိဖုရားအား တစ်ချက်ကြည့်ကာ စကားဆက်လိုက်လေသည်။

'အခု သခင်မကြီး တင်ပြလာတဲ့အမှုသွားအမှုလာ အချက်အလက်နဲ့ သက်သေခံပစ္စည်းတွေ အားလုံး ပြည့်စုံနေတာကြောင့် ကျွန်တော်မျိုးက အမှုမှန်ပေါ်ပေါက်ရေး အတွက် အစွမ်းရှိသလောက် ကြိုးစားပေးပါ့မယ်'

သူက စကားကို ခေတ္တရပ်တန့်ပြီးမှ....

'ဒီအမှုတာ ဘယ်အမှုနဲ့မှမတူပဲ အလွန်ကြီးလေးလှတဲ့အမှုတစ်မှုပါ၊ တရားလိုက တောင်နန်းစံ မိဖုရားဖြစ်ပြီး တရားခံက အတွင်းဝန်မင်း ကိုဟိုင်နဲ့ မြောက်နန်းစံ မိဖုရားတို့ဖြစ်နေပါတယ်၊ အဲဒီလူတွေဟာ လက်ရှိ ကေရာဇ်ဘုရင်နဲ့ ပတ်

သက်နေကြတာကြောင့် ဩဇာအာဏာကြီးထွားတဲ့ ပုဂ္ဂိုလ်တွေဖြစ်နေတယ်၊ ဒါကြောင့် တခြားအမှုတွေလို တရားခံတွေကို ရုံးတော်ပင့်ခေါ်ပြီး စစ်ဆေးနိုင်ခွင့်မရှိပါဘူး၊ ဒီအမှုနဲ့ ပတ်သက်တဲ့ သက်သေတွေကို တင်ပြနိုင်မှသာ ကေရာဇ်ဘုရင်ကို လျှောက်ထားပြီး အမှုကို ဖော်ထုတ်နိုင်မှာပါ၊ ဒါကြောင့် သခင်မကြီးအနေနဲ့ စိတ်ရှည်လက်ရှည်ထားပြီး အချိန်ပေးဖို့ တောင်းပန်ပါရစေခင်ဗျာ'

တောင်နန်းစံ မိဖုရားကြီးက ခေါင်းညိတ်လိုက်လေတော့သည်။

'ဒါကို သခင်မကြီးက နားလည်ပြီးသားပါ၊ ဒါကြောင့် ဘယ်သူ့ကိုမှ မတိုင်ကြားပဲ တစ်ဆယ့်ရှစ်နှစ်လုံးလုံး ကြိတ်မှိတ်ခံစားခဲ့ရတာပေါ့ကွယ် အခုတလော တရားသူကြီး ပေါင်ချင်းထန်းဟာ တစ်နေ့တခြား နာမည်ကြီးလာတာကြောင့် သခင်မကြီးက ယုံကြည်စိတ်ချစွာနဲ့ တိုင်ကြားတာပါ'

သူမက စကားဆက်လိုက်၏၊

'အခု သခင်မကြီး တိုင်ကြားခဲ့တဲ့ ရည်ရွယ်ချက်က လဲ နန်းတော်ထဲကို ပြန်သွားပြီး စည်းစိမ်ခံချင်လို့ မဟုတ်ပါဘူး၊ ကိုယ့်ရဲ့ ရင်သွေးလေးဟာ ဝမ်းကကျွတ်ချိန်ကစပြီး ဘယ်လို ရုပ်သွင်ရှိတယ်ဆိုတာကိုတောင်မှ တွေ့ခွင့်မရလိုက်တဲ့ သခင်မအနေနဲ့ အသေမဖြောင့်နိုင်ပါဘူးကွယ်'



ပေါင်ချင်းထန်းက ဦးညွှတ်လိုက်သည်။

'ကျွန်တော်မျိုး နားလည်ပါတယ် ဒီအမှုကို အစွမ်းကုန်ကြိုးစားပြီး ဖော်ထုတ်ပေးပါ့မယ်လို့ ကတိပေးပါတယ်ခင်ဗျာ'

အမျိုးသမီးက ကျေနပ်သွား၏။

'အေးကွယ်....သခင်မကြီးရဲ့ ဝဋ်ကျွတ်ချိန်တန်လို့ တရားသူကြီး ပေါင်ချင်းထန်းနဲ့ လာတွေ့ရတယ်လို့ နားလည်ထားပါတယ်'

ပေါင်ချင်းထန်းသည် မျက်မမြင် အမျိုးသမီးအား အမှုမှန်ပေါ်အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းကို အကြိမ်ကြိမ်ကတိပေးကာ ပြန်လည် ထွက်ခွာသွားခဲ့လေတော့သည်။

*　　*　　*

ပြည်သူ့တရားသူကြီး ပေါင်ချင်းထန်းတို့ လူစုကဲ ရှန်းရှန်းရွာကလေးမှ ပြန်လည်ထွက်ခွာသွားပြီ ဖြစ်၏၊

ထိုအခါကျမှ....

ရှာသူရှာသားများတို့သည် တောင်နန်းစံ မိဖုရား၏ အိမ်ထဲကို သူ့ထက်ငါ အလုအယက် ဝိုင်းရံထားကြလေတော့သည်။

တခဏအတွင်းမှာပင်....

ဘောင်နန်းစံ မိဖုရားတို့၏ သေးငယ်လှသော အိမ်ကလေးမှာ လူများ ပြည့်ကျပ်သွားလေသည်။

ရှာသူရှာသားများသည် ပညာဉာဏ် နည်းပါးသွားပြီး လက်လုပ်လက်စားများ ဖြစ်သောကြောင့် ဗဟုသုတ အလွန်နည်းပါးကြလေသည်။

ယခု....

ပြည်သူ့တရားသူကြီး ပေါင်ချင်းထန်းကကိုယ်တိုင်ကိုယ်ကျ တောင်နန်းစံမိဖုရား (ဝါ) မျက်မမြင် အမျိုးသမီးထံသို့ လာရောက် တွေ့ဆုံကြခြင်းအတွက် အလွန် အံ့သြ နေကြလေသည်။

ပေါင်ချင်းထန်းက မည်သည့်ကိစ္စဖြင့် မျက်မမြင် အမျိုးသမီးထံသို့ ရောက်ရှိလာပါသနည်း။

ပေါင်ချင်းထန်းနှင့် မျက်မမြင် အမျိုးသမီးတို့က မည်သည့်စကားများကို ပြောဆိုကြပါသနည်း။

သူတို့အားလုံး မသိကြပါချေ။



သူတို့အားလုံး သိထားသော အချက်မှာ ပေါင်ချင်းထန်း ကိုယ်တိုင်ကိုယ်ကျ မျက်မမြင်အမျိုးသမီးထံသို့ ရောက်ရှိလာခြင်းကြောင့် ဤမျက်မမြင်အမျိုးသမီးမှာ သာမန်လူတစ်ယောက် မဟုတ်ကြောင်း ရိပ်စားမိလာကြလေသည်။

ရှန်းရှန်းရွာသူလေးထဲတွင် ပေါင်ချင်းထန်းနှင့် မျက်နှာဆိုညီပြောဆိုခွင့်ရှိသော မျက်မမြင်အမျိုးသမီးရှိနေခြင်းကြောင့် မိမိတို့ တစ်ရွာလုံး ဂုဏ်ရှိသည်ဟု ယူဆကာ ဝမ်းသာအားရ ဖြစ်နေကြလေသည်။

* * *

သူ ယခု လက်ခံထားသော အမှုသည် သူ၏ ဘဝတစ်လျှောက်တွင် အကြီးအကျယ်ဆုံးသော အမှုတစ်ခု ဖြစ်နေကြောင်း သူက နားလည်ထား၏။

ယင်းအမှုကို မည်သို့ စစ်ဆေးရမည်ကို သူက လမ်းတစ်လျှောက် စဉ်းစားလာသော်လည်း မည်သို့မျှ စဉ်းစား၍ မရနိုင်သေးပါချေ။

ဤအမှုကို ကိုင်တွယ်ရာတွင် တစ်ချက် မှားသွားခဲ့ပါလျှင် မိမိ၏ ရာထူးပြုတ်သွားမည့်အပြင် မင်းပြစ်မင်းဒဏ် သင့်လာနိုင်သည်ဟု နားလည်ထားလေသည်။

ထိုအမှုကို စစ်ဆေးရာတွင် သူ့အဖို့ အလွန့်အလွန် သတိကြီးစွာ ထားရလိမ့်မည်ဟု နားလည်ထားလေသည်။

ဤသို့ဖြင့်သူသည် နေပြည်တော်ရှိ တရားရုံးတော်သို့ပြန်လည်ရောက်ရှိလာခဲ့သည့်တိုင်အောင်အမှုအတွက် မည်သို့ဆောင်ရွက်ရမည်ကို နည်းလမ်းရှာမတွေ့ခဲ့ပါချေ။

* * *

## နေပြည်တော်သို့ အပြန်

ပြည်သူ့တရားသူကြီး ပေါင်ချင်းသန်းက ရှေ့သို့ ဆက်လက်မသွားတော့ပါချေ။

နေပြည်တော်သို့ လှည့်ပြန်ခဲ့ကြ၏။

ယခု....

သူသည် ပခုံးပေါ်၌ တောင်တစ်လုံးနှင့် ဖိထားခြင်းခံရ သကဲ့သို့ မွန်းကျပ်နေမိလေသည်။

ပြည်သူ့တရားသူကြီး ပေါင်ချင်းထန်းသည် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့သည်မှာ ဆယ်ရက်ခန့် ရှိခဲ့လေပြီ။

သူသည် နန်းတော်သို့ဝင်ရောက်၍ ဘုရင်မင်းမြတ်ထံ အခါစားဝင်ကာ မိမိလှည့်ပတ်စစ်ဆေးခဲ့သော အမှုများကိုလည်း အတိုချုံး၍ လျှောက်တင်ခဲ့လေသည်။

ကေရာဇ်ဘုရင်က သူ့အား ဆုလာဘ်များချီးမြှင့်၏။

ပေါင်ချင်းထန်းသည် မျက်မမြင် အမျိုးသမီး၏အမှုကို မည်ကဲ့သို့ စတင်စစ်ဆေးရမည် နည်းလမ်း ရှာမတွေ့သဖြင့် ဘုရင်အား ၎င်းအမှုကို လုံးဝလျှောက်တင်ခြင်းမပြုသေးဘဲ ရုံးတော်တွင် ပြန်လည်အနားယူခဲ့သည်။

ထို့နောက် သူသည် အကြောင်းအမျိုးမျိုးပြကာ ခိဖုရုံးခေါင်းကြီးအား သွားရောက်ဂါရဝပြုခဲ့ရုံသာမက အတွင်းဝန်ကိုဟိုင်ထံသို့လည်း သွားရောက်တွေ့ဆုံကာ ဂါရဝပြုလေသည်။

အတွင်းဝန်ကိုဟိုင်သည် အသက်ကြီးရင့်သာပြီး စည်းစိမ်တိုးနေသောကြောင့် ခန္ဓာကိုယ် အဝလွန်ကာ အပြင်သို့ပင် သိပ်ထွက်လေ့မရှိတော့ပါ။

ကေရာဇ်ဘုရင်ကသည်း သူ့အား အခွင့်အရေးအထူးပေးထားသဖြင့် ဘုရင့်ရှေ့မှောက်သို့ မကြာခဏသွားရောက်ခစားရန် မလိုတော့ပါချေ။



ပေါင်ချင်းထန်းက အတွင်းဝန်မင်းကိုဟိုင်အား သွားရောက်ဂါရဝပြုရုံမျှတစ်ပါး အမှုအတွက် မည်သို့စတင်လှုပ်ရှားရမည်ကို အကြံမရသေးပါ။

ထို့ကြောင့် သူက စိတ်ရှင်လန်းမှုမရှိဘဲ မိမိတရားရုံးတော်တွင် တစ်နေကုန်ထိုင်ကာ အမှုကိုမည်သို့ စတင်စစ်ဆေးရမည်ကို အကြံထုတ်နေရ၏။

* * *

အချိန်မှာ တရွေ့ရွေ့ ကုန်ဆုံးခဲ့လေပြီ။

ပေါင်ချင်းထန်းက နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့သည်မှာ တစ်လခန့်ကြာမြင့်ခဲ့လေပြီ။

နန်းတော်သို့ ဝင်ရောက်ခစားခြင်းမပြုခဲ့သည်မှာ တစ်ဆယ့်ငါးရက်ခန့် ရှိခဲ့လေပြီ ဖြစ်လေသည်။

တစ်နေ့ ပေါင်ချင်းထန်းက ၎င်းတစ်ယောက်တည်းထိုင်ကာ စဉ်းစားနေစဉ်....

ဇာရာဇ်ဘုရင်၏ အပါးတော်မြဲက ရောက်ရှိ လာလေသည်။

ထိုအပါးတော်မြဲသည် တရားသူကြီး ပေါင်ချင်းထန်းကို အလွန်လေးစားသောပုဂ္ဂိုလ်တစ်ယောက်ဖြစ်၏။

သူတို့သည် အလွန်ရင်းနှီးကြသူများ ဖြစ်ကြ၏။

ထို့ကြောင့် ပါးတော်မြဲက ပေါင်ချင်းထန် အားတွေ့ဆုံရန် မည်သို့မျှအကြောင်းကြားရန် မလိုကြောင်း ကိုယ်တိုင်ကိုယ်ကျ ဝင်ရောက်တွေ့ဆုံလေ့ရှိလေသည်။

ဤနေ့လည်း သူက ပေါင်ချင်းထန်း၏ တရားရုံးဘော်သို့ ကိုယ်တိုင်ကိုယ်ကျ ဝင်ရောက်လာလေသည်။

သူက ရုံးခန်းထဲသို့ ရောက်ရှိလာသည်နှင့်ပေါင်ချင်းထန်းမှာ တစ်ယောက်တည်း ထိုင်နေခြင်းကို တွေ့မြင်လိုက်ရလေသည်။

ပေါင်ချင်းထန်း၏မျက်နှာပေါ်တွင် တင်စိုတစ်ခုကိုလေးလေးနက်နက် စဉ်းစားနေဟန်ဖြင့် တွေဝေနေ၏။

သူသည် ယခင်နေ့များဆီက အပါးတော်မြဲရောက်ရှိလာခြင်းကို တွေ့မြင်လိုက်ပါလျှင် ဝမ်းသာအားရ ခရီးဦးကြိုပြုလေ့ရှိလေသည်။



သို့သော် ယနေ့တွင်မူ ပေါင်ချင်းထန်းက အပါးတော်မြဲ ဝင်ရောက်လာခြင်းကိုတွေ့မြင်သည့်တိုင်အောင် ငေးငိုင်၍ကြည့်နေလေသည်။

အပါးတော်မြဲကသူ့အားကြည့်ကာ မျက်မှောင်ကုတ်လိုက်မိလေသည်။

'တရားသူကြီးမင်း ဘယ်လိုအကြောင်းနဲ့ သည်လောက်တောင်မှ ငေးငိုင်နေရတာပါလဲ'

ဟု မေးလိုက်လေသည်။

တရားသူကြီး ပေါင်ချင်းထန်းက သက်ပြင်းတစ်ချက်ချလိုက်၏။

'ကျနော်လိုဟုတ်ပါဘူးဗျာ'

အပါးတော်မြဲက ဘဝင်မကျဟန်ဖြင့်....

'ဟာ မဟုတ်သေးပါဘူး၊သည်တစ်ကြိမ် တရားသူကြီးမင်းနယ်လှည့်အမှုစစ်ပြီးပြန်လာကတည်းက ရှင်ရှင်လန်းလန်းမရှိတာကို, ကျုပ် သတိပြုမိပါတယ်၊ ဘယ်အရေးကြောင့် အခုလိုဖြစ်နေရတယ်ဆိုတာ ပြောပြပါလား'

တရားသူကြီး ပေါင်ချင်းထန်းက သူ့အား ကြည့်လိုက်သည်။

'အင်း....အမှန်အတိုင်းပြောရရင် ကျွန်ုပ် ပြန်လာတဲ့အခါမှာ ကြီးလေးတဲ့မှုခင်းတစ်ခုကို ဖြေရှင်းပေးမယ်လို့ လူဘစ်ယောက်ကို ကတိပေးခဲ့မိပါတယ်'

အပါးတော်မြဲက ပြုံးလိုက်သည်။

'ဒါဟာ အဆန်းမဟုတ်တာပဲ၊ တရားသူကြီးမင်းဟာအမှုမှန်သမျှကို အဂတိမလိုက်စားဘဲ အမြဲဘန်းရှင်းလင်းပေးနေတဲ့ လူပဲ'

တရားသူကြီး ပေါင်ချင်းထန်းက ခေါင်းခါ ရမ်းလိုက်သည်။

'ဟာ....ဒီအမှုဟာ အရင်အမှုတွေလို အလွယ်တကူ ဖြေရှင်းပေးနိုင်ဖို့မလွယ်ဘူး ဖြစ်နေတယ်ဗျ၊ သည်အမှုကို ဖြေရှင်းပေးဖို့အတွက် ကျွန်ုပ်ရဲ့အသက်နဲ့ ကျွန်ုပ်ရဲ့ရာထူးကို တောင်မှ စတေးပစ်ရမယ့် အခြေအနေမျိုး ဖြစ်နေပါတယ်'

အပါးတော်မြဲက သူ၏စကားကြောင့် အသွန်အံ့ဩသွားမိလေသည်။

'ဟင်....အသင်ရဲ့အမှုက ဒီလောက်တောင်မှပဲ ကြီးကျယ်နေသလား'

ပေါင်ချင်းထန်းက ခေါင်းညိတ်လိုက်သည်။



'ဟုတ်ပါတယ်....ဒါကြောင့်လဲ ကျွန်ုပ် ဒီလောက်စဉ်းစားနေရတာပေါ့'

သူက သက်ပြင်းတစ်ချက် ချလိုက်သည်။

'ဘာပဲဖြစ်ဖြစ်....ဒီအမှုကို ကျွန်ုပ်က ကြိုးစားပြီး ဖြေရှင်းပေးဖို့ ဆုံးဖြတ်ထားပါတယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး မိတ်ဆွေရင်းချာ ဖြစ်တဲ့ အပါးတော်မြဲကြီးဆီမှာ အကူအညီတစ်ခု တောင်းပါရစေ'

အပါးတော်မြဲက ပြုံးလိုက်သည်။

'တရားသူကြီးမင်းနဲ့ ကျွန်ုပ်ကြားမှာ မကူညီနိုင်စရာဘာမှ မရှိပါဘူး ပြောပါ'

ပေါင်ချင်းထန်းက လေးလေးနက်နက် အသံဖြင့်—

'အကယ်၍များ ကျွန်ုပ်ဟာ မင်းပြစ်မင်းဒဏ် ခံခဲ့ရမယ်ဆိုရင် ကျွန်ုပ်ရဲ့ အိမ်ကစားပွဲအံဆွဲမှာ အထုပ်ကလေး တစ်ထုပ်နဲ့ စာအိတ်ပေါ်က လိပ်စာအတိုင်း သွားပို့ပေးပါ'

အပါးတော်မြဲက ခေါင်းညိတ်လိုက်၏။

'စိတ်ချပါ တရားသူကြီးမင်း'

သူက ယင်းသို့ပြောရင်းမှ ပေါင်ချင်းထန်း ရင်ဆိုင်ရမည့် အန္တရာယ် မည်မျှကြီးကျယ်လှကြောင်း တွေးတောစဉ်းစားနေမိလေတော့သည်။

*　　　*　　　*

တစ်နေ့....

ပေါင် ချင်း ထန်း သည် တရားသူကြီးမင်း အဆောင်အယောင်ကို အပြည့်အဝ ဝတ်ဆင်ကာ ကေးရှင် ဘုရင်ထံသို့ ခစားဝင်ရောက် လာလေသည်။

ကေးရှင်ဘုရင်က အလွန်အံ့ဩ သွားမိလေသည်။

'တရားသူကြီးမင်း ဒီနေ့တယ်လို အရေးများရှိလို့ အခုလို ဝတ်စားလာရတာပါလဲ'

ပေါင်ချင်းထန်းက လက်အုပ်ချီကာ ဂါရဝပြုလိုက်သည်။

'ကျွန်တော်မျိုးဟာ... ဘုရင်မင်းမြတ်ကိုအထူးလျှောက်တင်စရာ မှုခင်းတစ်ခုရှိနေပါတယ်၊ ဤအမှုအခင်းနဲ့ ပတ်သက်ပြီး



ဘုရင်မင်းမြတ်အများ ရာဇမာန်သင့်ခဲ့လျှင် ကျွန်ုပ်၏ ရာထူးစည်းစိမ် [illegible] ားမသိ အပြင် အသက်ဘေးကိုပါ စိုးရိမ်စရာရှိနေတာကြောင့် ကျွန်တော်မျိုး အလွန်တရာ မြတ်နိုးလှပါသော ဤတရားသူကြီး ဝတ်စုံကို နောက်ဆုံးအနေဖြင့် ဝတ်ဆင်လာခြင်းဖြစ်ပါတယ် ဘုရား'

ဟု သံတော်ဦး တင်လိုက်လေသည်။

ကေးရှင်ဘုရင်က သူ့စကားကြောင့် အလွန်တရာ တုန်လှုပ်ချောက်ချား သွားမိလေသည်။

'တရားသူကြီးမင်းရဲ့ စကားက ထူးဆန်းလှချည်လား၊ ဘယ်လိုအရေးကြောင့် ဒီလောက်အထိ စိုးရိမ်စရာ ဖြစ်နေရပါသလဲ'

ပေါင်ချင်းထန်းက လက်အုပ်ချီကာ....

'ဒီလိုပါ ဘုရင်မင်းမြတ် ကျွန်ုပ် အခုတစ်ခေါက် အမှုစစ်အသွားမှာ မျက်မမြင်အမျိုးသမီး တစ်ယောက်နဲ့ ကြုံဆုံခဲ့ရပါတယ်၊ အဲဒီအမျိုးသမီးရဲ့ ပြောပြချက်အရ သူ့ရဲ့ သားတော်ဟာ နေပြည်တော်မှာ နန်းစည်းစိမ်ကို ခံစားနေရပြီး သူကတော့ ဆင်းရဲမဲ့တာမျိုးနဲ့ ဟင်းသီးဟင်းရွက် ရောင်းစားရင်း မျက်စေ့ ကွယ်သွားရတယ်ဆိုတဲ့ အကြောင်းကို တိုင်ကြားခဲ့ပါတယ်ဘုရား'

ကောရာဇ်ဘုရင်ကဲ အလွန်ထရာ အံ့သြတော်မူလေသည်။

'အလို....တယ်လဲမိုက်မဲတဲ့ သားမျိုးပါကလား၊ ဤအမှုကို အသင်က ဘယ်လိုဆုံးဖြတ်ခဲ့သလဲ'

ပေါင်ချင်းထန်းက ခေါင်းကို ဖြည်းညှင်းစွာ ခါရမ်းလိုက်သည်။

'ဘယ်လိုမှ မဆုံးဖြတ်ခဲ့ပါဘူး ဘုရား'

ကောရာဇ်ဘုရင်က မျက်မှောင်တော် ကုပ်လိုက်လေသည်။

'ဘာဖြစ်လို့ပါလဲ တရားသူကြီးမင်း'

ပေါင်ချင်းထန်းက လက်အုပ်ချီလျက်မှ....

'အရှင်ဘုရားကို ကျွန်တော်မျိုးက တစ်ခုလျှောက်ထားပါရစေ၊ မင်းစိုးရာဇာသို့မဟုတ် ကောရာဇ်မင်းကဲမျှား ဖြစ်ခဲ့ရင် ဘယ်လိုအပြစ်မျိုးကို ပေးသင့်ပါသလဲ'

ကောရာဇ်ဘုရင်က ပြတ်သားစွာဖြင့်....

'အို....တရားဥပဒေဆိုတာ တစ်ခုပဲရှိသင့်ပါတယ်၊ ဘုရင်ပဲ ဖြစ်ဖြစ် မင်းစိုးရာဇာပဲဖြစ်ဖြစ် သူဆင်းရဲပဲဖြစ်ဖြစ် တရား



ဥပဒေက အညီအမျှပဲ ခံစားခွင့်ရှိတာပေါ့ တရားသူကြီးမင်းရယ်—'

ပေါင်ချင်းထန်းက ရွှတ်တရက် ဒူးထောက် လိုက်လေသည်။

'မှန်ပါတယ်....

'မျက်မမြင် အမျိုးသမီးရဲ့ တိုင်ကြားချက်အရ သူမ၏ သားမိုက်မှာ ကောရာဇ်မင်း ကိုယ်တော်တိုင် ဖြစ်နေပါတယ် ဘုရား'

ကောရာဇ်ဘုရင်က အထူးတုန်လှုပ် အံ့သြသွားလေသည်။

'ပေါင်ချင်းထန်း... အသင် နေမှကောင်းရဲ့လား၊ အသင် ယခု လျှောက်တင်လိုက်သော စကားကိုကော သေချာသိရဲ့လား'

ပေါင်ချင်းထန်းက လက်အုပ်ချီလိုက်သည်။

'မှန်လှပါ....

'သိပါတယ်ဘုရား၊ ဤအမှုကို ဘုရင်မင်းမြတ်ထံသံတော်ဦး တင်ရန်မှာ ကျွန်တော်မျိုးမှာ ရက်နှစ်ဆယ်ကျော်ကျော် စဉ်းစားတွေဝေပြီးမှ မလွှဲသာ၍ လျှောက်တင်ရခြင်းဘုရား'

ကောရစ်ဘုရင်က သူ့အား စိုက်ကြည့်လိုက်၏၊

'တရားသူကြီးမင်း အသင်က ယခုအမှု တိုင်ကြားလာသောလူမှာ ကျွန်ုပ်၏ မယ်တော်လို့ သျှောက်ထင် ချင်တာလား'

ပေါင်ချင်းထန်းက တုန်လှုပ်ခြင်း မရှိဘဲ....

'မှန်လှပါ....ဤအတိုင်း သျှောက်ထင်ခြင်းပါ ဘုရား'

ကောရစ်ဘုရင်က အနည်းငယ် အံ့ချက်ဒေါသ ထွက်သွားမိလေသည်။

'ပေါင်ချင်းထန်း....အသင်ကို ငါကိုယ်တော်မြတ်က လေးစားယုံကြည်လို့ အခွင့်ထူး ပေးထားပါတယ်၊ အခုတော့ ကျုပ်ကိုယ်တော်မြတ်ကိုတောင်မှ စွပ်စွဲချက်တင်လာပြီ၊ ဤအတွက် အသင်ဘယ်လောက်ထိ အပြစ်ကြီးလေးတယ်ဆိုတာ နားလည်ရဲ့လား'

ပေါင်ချင်းထန်းက ခေါင်းညိတ်လိုက်လေသည်၊

'မှန်လှပါ....ဒါတွေကို ကျွန်တော်မျိုး အသိရှိပါတယ် ဘုရား၊ ဒါပေမယ့် ကျွန်တော်မျိုးဟာ ပြည်သူ့တရားသူကြီး တစ်ယောက် ဖြစ်တာကြောင့် အမှန်တရားရဲ့ မျက်နှာကိုပဲ



ရှုမြင်ရမှာပေါ့၊ ဒါကြောင့် မင်းပြစ်မင်းဒဏ် သင့်မယ်ဆိုရင်လဲ ခံယူဖို့အသင့်ပါပဲ ဘုရား'

ကောရစ်ဘုရင်က သူ့အား အတန်ကြာအောင် စိုက်ကြည့်လိုက်လေသည်။

'ပေါင်ချင်းထန်း....အသင့်ကဲ့သို့သော အဂတိမလိုက်စားဘဲ အမှန်တရားကိုသာ ရှေ့ရှုတတ်တဲ့ တရားသူကြီးမင်း ငသာ ကြောင်း ယောက်ကို ကျွန်ုပ်အပြစ်မယူပါဘူး'

'ဒါကြောင့် အသင့်ရဲ့စကားကို ပြန်လည် ရုတ်သိမ်း ဘလဲလဲ

ပေါင်ချင်းထန်းက ခေါင်းခါယမ်းလိုက်သည်။

'အရှင်မင်းကြီး အပ်နှင်းထားသော တရားသူကြီးရ စံမိဖုရား ၏ တာဝန်အတိုင်း အမှုမှန်ပေါ်ပေါက်ရေးအတွက် တော်မျိုးရဲ့ စကားကို လုံးဝ မရုတ်သိမ်းနိုင် ကြောင်း တုများ ဘုရား'

ကောရစ်ဘုရင်က သူ့အားကြည့်ကာ ခေါင်းခါယမ်းလိုက်သည်။

'ပေါင်ချင်းထန်း အသင်တစ်ခုခုမှားနေပြီ ထင်ပါတယ်'

ပေါင်ချင်းထန်းက ခေါင်းကို ဖြည်းညှင်းစွာ ခါရမ်းလိုက်သည်။

'ကျွန်တော်မျိုး လုံးဝ မမှားယွင်းကြောင်းပါ ဘုရင်မင်းမြတ်'

ကော်ရာဇ်ဘုရင်က ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ....ဒါဆိုရင် အမှုအတွက် အရေးအကြီးဆုံးလိုအပ်ချက်ဖြစ်သော သက်သေတစ်ခုခု တော့အသင့် ပြသပါမယ်'

ပေါင်ချင်းထန်းက ဦးညွတ်လိုက်သည်။

'မှန်လှပါ အလွန်တရာခိုင်လုံသော သက်သေအထောက်အထားတစ်ခု ရှိနေပါတယ်ဘုရား'

ကော်ရာဇ်ဘုရင်က သက်ပြင်းတစ်ချက် ချလိုက်သည်။

'တယ်ခက်တဲ့ပေါင်ချင်းထန်းပဲကိုး ကဲပါလေ အသင့်ရှိသက်သေအထောက်အထားကို ပြပါလော့'

ပေါင်ချင်းထန်းက အသင့်ပါလာသော ရွှေဆံထိုးကို လက်နှစ်ဖက်ဖြင့် လှမ်းပေးလိုက်သည်။

'မှန်လှပါ ဤရွှေဆံထိုးသည် တရားလို မျက်မမြင်အမျိုးသမီး ပေးလိုက်သော သက်သေပစ္စည်း တစ်ခုပါဘုရား'



ကော်ရာဇ်ဘုရင်က မျက်မှောင်ကုတ်ကာ ပေါင်ချင်းထန်း လှမ်းပေးသော ရွှေဆံထိုးကိုယူကာ သေချာစွာ စစ်ဆေးကြည့်ရှုလေသည်။

သူ၏မျက်နှာတစ်ခုလုံး တွေဝေသွား လေသည်။

ဤရွှေဆံထိုးမျိုးသည် တောင်နန်းစံ မိဖုရားထံတွင်သာ ရှိသင့်ရှိထိုက်သော အဆောင်အယောင်တစ်ခု ဖြစ်ကြောင်း သိရှိလိုက်လေသည်။

သူက အတန်ကြာအောင် ရွှေဆံထိုးအား ထပ်ပြန်တလဲလဲ ကြည့်ရှုနေသည်။

'ပေါင်ချင်းထန်း ဤရွှေဆံထိုးဟာ တောင်နန်းစံမိဖုရားမှာသာ ရှိတတ်သော ရွှေဆံထိုးမျိုးပါ၊ ဒါပေမယ့်အတုများဖြစ်နေရော့လား'

ပေါင်ချင်းထန်းက....

'မှန်လှပါ ကျွန်တော်မျိုးက ဤရွှေဆံထိုးကို စတင်တွေ့ခဲ့စဉ်တုန်းကလဲ အတုများဖြစ်နေမလားလို့ တစ်ညလုံးစစ်ဆေးစမ်းသပ်ခဲ့ပါတယ်၊ သို့ပေမယ့် ရွှေဆံထိုးဟာ အစစ်အမှန်ဖြစ်နေတာကြောင့် ဤအမှုကို လက်ခံခြင်းပါ'

ကေရာင်ဘုရင်က ထိုရွှေဆံထိုးကိုကိုင်ကာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေရင်း၌ လေးလေးနက်နက် စဉ်းစားနေလေသည်။

ထိုရွှေဆံထိုးသည် မိဖုရား၏ အဆောင်အယောင် ရတနာ တစ်ပါးဖြစ်ပေသည်။

အထူးသဖြင့် ရွှေဆံထိုး ပေါ်တွင် ချယ်သ ထားသော ကျောက်စိမ်းကလေးများမှာ တန်ဖိုးမဖြတ်နိုင်သော ရတနာ တစ်ပါး ဖြစ်ပေသည်။

အကယ်၍သာ တစ်ခြားတစ်စုံတစ်ယောက်က ထိုရွှေဆံထိုးအား အကဲဖြတ်မည် ဆိုပါလျှင် အလွန် တန်ဖိုးကြီးသော ရွှေဆံထိုးတစ်ချောင်းသာ ဖြစ်သည်ဟု အကဲဖြတ်ရပေမည်။

ကေရာင်ဘုရင်ကမူ ထိုရွှေဆံထိုးအား အခေါက်ခေါက် အခါခါအကဲဖြတ်ပြီးနောက် ဤရွှေဆံထိုးသည် တောင်နန်းစံ မိဖုရားတွင်သာ ရှိတတ်သည့် အဆောင်အယောင်ဖြစ်ကြောင်း သိနိုင်ခဲ့၏။

တောင်နန်းစံနှင့် မြောက်နန်းစံတို့၏ အဆောင်အယောင် ရွှေဆံထိုးများမှာ အမှတ်တမဲ့ကြည့်ပါက ခွဲခြား၍မရ အောင် ပုံတူဖြစ်နေမည်သာ ဖြစ်သည်။



သို့သော် ကေရာင်ဘုရင်က မြောက်နန်းစံ မိဖုရား၏ အယောင်အဆောင်ထက် ကျောက်စိမ်းတုံးလေးတစ်တုံး ပိုနေကြောင်းကို တွေ့ရှိလိုက်သောကြောင့် ဤရွှေဆံထိုးသည် တောင်နန်းစံမိဖုရား၏ ရွှေဆံထိုး ဖြစ်ကြောင်းကို သူက ယုံကြည်လာလေသည်။

တစ်ဆက်တည်းမှာပင် မိမိမယ်တော်၏ ရွှေဆံထိုးကို ဘုရင်မင်းမြတ်က စူးစမ်းလိုသော ဆန္ဒများ ဖြစ်ပေါ်လာလေသည်။

ကေရာင်ဘုရင်၏မယ်တော်မှာ ဖခမည်းတော်ကြီး ဖုံဘုရင်မင်းမြတ်၏ တောင်နန်းစံ မိဖုရားဖြစ်ရမည်ဟု ယုံကြည်ထားခဲ့လေသည်။

ထို့ကြောင့် မိမိ၏မယ်တော်တွင်လည်း တောင်နန်းစံ မိဖုရား၏ အဆောင်အယောင် ရွှေဆံထိုးရှိရမည်မှာ လွဲပေ။

အမှန်တွင် နန်းမလေ့ထုံးစံ ဆိုပါလျှင် တောင်နန်းစံ မိဖုရား၏ ဆံထိုးမှာ တစ်ချောင်းတည်းသာ ဖြစ်ရပေလိမ့်မည်။

ယခု အဘယ်ကြောင့် နှစ်ချောင်း ဖြစ်နေပါသနည်း။

ထို့ကြောင့် ဘုရင်မင်းမြတ်က မိမိမယ်တော်၏ ရွှေဆံထိုးအား ကြည့်ရှုစစ်ဆေးရန် စဉ်းစားမိလိုက်သည်။

ပေါင်ချင်းထန်းမှာ ကေရာဇ်ဘုရင်က လေးလေးနက်နက် စဉ်းစားနေခြင်းကိုသိရှိသဖြင့် ငြိမ်သက်စွာ အကဲခတ် ကြည့်ရှုနေလေသည်။

အတန်ကြာတော့မှ ကေရာဇ်ဘုရင်က ဤသို့ မိန့်တော်မူလေသည်။

'တရားသူကြီးမင်း သည်ကိစ္စကို ကျုပ်ကိုယ်တိုင် စဉ်းစားတော်မူမယ်၊ သုံးရက်ကြာတဲ့အခါ ကျုပ် ရှေ့မှောက်သို့ အသင် အခစားဝင်စေ'

ပေါင်ချင်းထန်းက ဂါရဝပြု လိုက်သည်။

'မှန်လှပါ ကျွန်တော်မျိုးကို ပြန်ခွင့်ပြုပါဦး ဘုရား'

* * *

နံနက်ခင်းအချိန် ဖြစ်သည်။

ကေရာဇ်ဘုရင်သည် မယ်တော်၏အဆောင်သို့ ရောက်ရှိသွားလေသည်။



ဤသည် သူ၏နေ့စဉ်နေ့တိုင်း မယ်တော်အား ဂါရဝပြုသည့် အလေ့အကျင့် တစ်ခုပင်ဖြစ်သည်။

မယ်တော်ကြီးက ဘုရားဝတ်ပြုအပြီးတွင် ကေရာဇ်ဘုရင်အား တွေ့မြင်သွားကာ ဝမ်းသာအားရ ဆီးကြိုလိုက်သည်။

ကေရာဇ်ဘုရင်ကလည်း ရိုသေလေးစားစွာဖြင့် ပြန်လည် ဂါရဝပြုလိုက်သည်။

'မယ်တော်ဘုရား....ကျန်းမာပါစေ'

မယ်တော်က ပြုံးပြကာ ခေါင်းညိတ် လိုက်သည်။

'သားတော်ပို့သတဲ့ မေတ္တာစေတနာကြောင့် ကျန်းမာပါတယ်ကွယ်'

ကေရာဇ်ဘုရင်က သူမနံဘေးဘွင် ထိုင်ချကာ....

'ဒါနဲ့ မယ်တော်ဘုရားဆီက သားတော်ကနေ ခွင့်တစ်ခု တောင်းပါရစေ'

မယ်တော်က အနည်းငယ် အံ့အားသင့်သွား၏။

'ဘာများလဲကွယ်'

ကေရာဇ်ဘုရင်က အနည်းငယ် တွေဝေနေပြီးမှ....

'သားတော်က မယ်တော်ရဲ့ ရွှေဆံထိုးကို ခဏလေးကြည့်ချင်ပါတယ်'

မယ်တော်က မျက်မှောင်ကုပ်လိုက်သည်။

'သားတော်က ဘယ်လိုကိစ္စရှိလို့ ထူးထူးဆန်းဆန်းကနေ့မှ သည်ရွှေဆံထိုးကို ကြည့်ချင်ရတာလဲ'

ကေရာဇ်ဘုရင်က သက်ပြင်းတစ်ချက် ချလိုက်သည်။

'သည်လိုပါမယ်တော် တရားသူကြီး ပေါင်ချင်းထန်း အဲဒီ ရွှေဆံထိုးတစ်ချောင်းကို လာပြီးပြသပါတယ်၊ အဲဒီ ရွှေဆံထိုးဟာ သားတော်တို့နန်းတော်က ရွှေဆံထိုးနဲ့ ပုံတူဖြစ်နေတာကြောင့် မယ်တော်ဆီက ရွှေဆံထိုးများတစ်ပါးသူခိုးယူသွားသလားလို့ သံသယ ဝင်မိလို့ပါ'

မယ်တော်က ခေါင်းခါယမ်းလိုက်သည်။

'ဒီရွှေဆံထိုးဟာ ပျောက်လို့ ကောင်းတဲ့အရာမှ မဟုတ်တာပဲကွယ်'

သူမက သလွန်ထက်ရှိ ရွှေသေတ္တာတစ်လုံးအား ဖွင့်ကာ ကတ္တီပါစဖြင့် ထုပ်ထားသော ရွှေဆံထိုးအား ထုတ်ပြလိုက်သည်။



ကေရာဇ်ဘုရင်က ထိုရွှေဆံထိုးအား သေချာစွာ စစ်ဆေးလိုက်သောအခါ မြောက်နန်းစံမိဖုရား၏ အဆောင်အယောင်ဖြစ်ကြောင်း တွေ့လိုက်သည်။

ဘုရင်၏ မယ်တော်မှာ တောင်နန်းစံမိဖုရားပင် ဖြစ်ရပေမည်။

ယခုမှာမူ....

အဘယ်ကြောင့်....

မြောက်နန်းစံမိဖုရား၏ အဆောင်အယောင် ရွှေဆံထိုးအား မိမိမယ်တော်ထံတွင် ရှိနေပါသည်။

သူက ထပ်မံလျှောက်တင်လိုက်၏။

'မယ်တော်ဆီမှာ ဒီ ရွှေဆံထိုး တစ်ချောင်းတည်းပဲလား'

မယ်တော်က သူ့အား အကဲခတ် ကြည့်လိုက်လေတော့သည်။

'ရွှေဆံထိုးဟာ တစ်ချောင်းပဲရှိတာပေါ့ သားတော်ရယ် သားတော် ကြင်ယာတော်ရလာခဲ့ရင် ဒီရွှေဆံထိုး လက်ဆင့်ကမ်းပေးရမှာပါပဲ'

ကေရာဇ်ဘုရင်၏ စိတ်ထဲတွင် ဘဝင်မကျနိုင်သော်လည်း မေးအင်သော အရာများစွာ ယူဆကာ ဆက်၍ မေးမြန်း

ခြင်းမပြုဘဲ ရွှေဆံထိုးအား မယ်တော်၏ လက်ထဲသို့ အပ်ကာ အဆောင်ထဲမှ ဖြည်းနှေးသော ခြေလှမ်းတို့ဖြင့် ထွက်ခွာတော်မူခဲ့လေသည်။

မယ်တော်က ထိုဆံထိုးကိုတစ်လှည့် သားတော်ကိုတစ်လှည့် ကြည့်ကာ ရင်ထဲ၌ လေးလံလာမိလေသည်။

* * *

ယခု....

မယ်တော်သည် အဆောင်ထဲတွင် တစ်ယောက်တည်း ထိုင်ကာ ငေးငိုင်နေမိသည်။

သူမ၏ ရင်ထဲ၌ မေးခွန်းများ ဖြစ်ပေါ်လာလေတော့သည်။

သားတော် ကောရာဇ်ဘုရင်က အဘယ်ကြောင့် ဤရွှေဆံထိုးကို လာရောက်စစ်ဆေး ကြည့်ရှုပါသနည်း။

အဘယ်သို့သော အကြောင်းကြောင့် ဤသို့ စိတ်ဝင်စားစွာ စစ်ဆေးရပါသနည်း။



သားတော်က ကြင်ယာတော် လိုချင်၍ ရွှေဆံထိုးအား အသင့်ရှိမရှိ လာရောက်ကြည့်ရှု စစ်ဆေးခြင်းလော။

သို့မဟုတ်....

သူမက ရုတ်တရက် တစ်စုံတစ်ခုကို တွေးကာ စိတ်ထဲ၌ မလုံမလဲ ဖြစ်လာမိသည်။

'အို....ဒါမဖြစ်နိုင်တဲ့ကိစ္စပဲ ဘာဖြစ်လို့ ငါက ဒီလောက်တောင်မှ စိုးရိမ်နေရတာလဲ'

သူမက ချထားသော စိတ်ပုတီးကို ကောက်ကိုင်ကာ သက်ပြင်းချလိုက်၏။

'အင်း....မကောင်းမှုကို ပြုကျင့်ခဲ့တဲ့ ငါ့ကို မကောင်းတဲ့နတ်ဆိုးဗေတာက လာပြီး ခြောက်လှန့်နေပြီ ထင်ပါရဲ့'

သူမက လက်အုပ်ချီလိုက်ပြီး....

'ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တနဲ့ ပြည့်စုံတော်မူသော မြတ်စွာဘုရားကလွဲပြီး တပည့်တော်မရဲ့ ဒုက္ခကို ဘယ်သူကမှ ကယ်နိုင်မှာမဟုတ်ပါ။ ဒါကြောင့် တပည့်တော်မကို မြတ်စွာဘုရားက ကယ်တင်စောင့်ရှောက်တော်မူပါဘုရား'

ဟု အကြိမ်ကြိမ် ရှိခိုးကန်တော့ကာ ဆုတောင်းနေမိသလေ တော့သည်။

*　　*　　*

သုံးရက်....

သုံးရက်မြောက်သောနေ့တွင် ပေါင်ချင်းထန်းက နံနက်စောစောပင် နန်းတော်သို့ ရောက်ရှိသွားကာ ဘုရင်မင်းမြတ်ရှေ့တွင် အခစားဝင်လေသည်။

ဝန်ကြီး၊ မှူးမတ်များက တိုင်းရေး ပြည်ရေး များကို အသီးသီး သံတော်ဦးတင်ပြီးသောအခါ ညီလာခံကို ရုတ်သိမ်းလိုက်၏။

မကြာမီ....

ဝန်ကြီး၊ မှူးမတ်များမှာ အသီးသီး ပြန်လည် ထွက်ခွာသွားကြလေသည်။

နန်းတော်၏ ခန်းမထဲတွင် ယခုအခါ ပေါင်ချင်းထန်းနှင့် ကေရာဇ်ဘုရင်တို့သာ ကျန်ရစ်ခဲ့ကြလေသည်။



ကေရာဇ်ဘုရင်၏ မျက်နှာတော်မှာ ကြည်လင်မှု မရှိပါချေ။

အတန်ကြာတော့မှ....

သူက....

ဤသို့ မိန့်တော်မူ၏။

'တရားသူကြီးမင်း တင်ပြလာတဲ့ ရွှေအံထိုးဟာ တောင်နန်းစံမိဖုရား အဆောင်အယောင် ရွှေအံထိုးဆိုတာ ကျုပ်ကိုယ်တော်မြတ် ယုံကြည်ပါပြီ ဒါကြောင့် ဒီရွှေအံထိုးဟာ ဘယ်သူ့ဆီက ရခဲ့ပါသလဲ အသင် လက်ခံခဲ့သော အမှုရဲ့ အချက်အလက် အပြည့်အစုံကို မှန်သည့်အတိုင်း သံတော်ဦးတင်စေ....'

ပေါင်ချင်းထန်းက လက်အုပ်ချီကာ ဂါရဝပြုလိုက်ပြီး....

'မှန်လှပါ၊ အမှုရဲ့ အချက်အလက် အပြည့်အစုံကို ဘုရင်မင်းမြတ်ရဲ့ ဘုန်းတော်ကြောင့် အမှန်အတိုင်း လျှောက်တင်ပါမယ်ဘုရား'

သူသည် ပြည်သူကြားတွင် အမှုစစ်ဆေးရာမှ ရှန်းရှန်းရွာကလေးသို့ ရောက်ရှိသွားကာ မျက်မမြင် အမျိုးသမီးတစ်ဦး

ဓာ တစ်ဆယ့်ရှစ်နှစ်လုံးလုံး သူမ ကြေကွဲစွာ မြို့သိပ်ခံစားခဲ့ရသော အမှုကို ပြန်လည် လျှောက်တင်လိုက်လေတော့သည်။

* * *

ကေရာဇ်ဘုရင်က စိတ်ရှည်လက်ရှည်ဖြင့် ပေါင်ချင်းထန်း သံတော်ဦးတင်လာသော အမှုကို စိတ်ဝင်စားစွာ နားဆင်တော်မူလေသည်။

ပေါင်ချင်းထန်း၏ စကားဆုံးသွားသည့် တိုင်အောင် သူက မလှုပ်မယှက် ငြိမ်သက်နေလေသည်။

အတန်ကြာသောအခါမှ သူက ပေါင်ချင်းထန်းအားကြည့်လိုက်၏။

'တရားသူကြီးမင်း အသင့်ကို အမှုတိုင်ကြားသော အမျိုးသမီးကြီးဟာ စိတ်သဘောထားပုံမှန်ရှိလား'

'မှန်လှပါဘုရား.... ကျွန်တော်မျိုးက အစပထမပိုင်းတွင် သူမအား လုံးဝမယုံကြည်ပါ၊ ဒါပေမယ့် အဲဒီအမျိုးသမီးကြီးရဲ့ စကားပြောဆိုပုံဟာ အလွန်နန်းဆန်လှပါတယ်၊ သူ့ရဲ့



ရွှေကိုယ်ပေါ်မှာလဲ အလွန်ဟောင်းနွမ်းနေပြီဖြစ်တဲ့ နန်းဝတ်နန်းစားကို ဝတ်ဆင်ထားပါတယ်'

ကေရာဇ်ဘုရင်က မျက်မှောင်တော် ကုပ်လိုက်လေတော့သည်။

'သူက မိဖုရား၏ရဲ့ အဝတ်အစားကို ဝတ်ဆင်ထားသလား'

ပေါင်ချင်းထန်းက ခေါင်းတစ်ချက် ညိတ်လိုက်လေတော့သည်။

'သူ ဝတ်ထားတဲ့ အဝတ်အစားက နန်းတွင်းသူ အဝတ်အစားပါ၊ မိဖုရားအဝတ်အစားမျိုး မဟုတ်ပါဘူး၊ ဒါပေမယ့်....သူ့ရဲ့ ဆံကေသာကို မိဖုရား၏ ဆံထုံးမျိုး ထုံးထားပါတယ်'

ကေရာဇ်ဘုရင်က သက်ပြင်းတစ်ချက် ချလိုက်လေတော့သည်။

'အင်း.... ဒီအမှုကို ကိုင်တွယ်ဖို့ အင်မတန် ခက်ခဲလှပါတယ်၊ ကျုပ်ကိုယ်တော်တိုင်တောင်မှ ဒီအမှုကို မယ်တော်အား မည်သို့မည်ပုံ မေးမြန်းရမှန်း မသိခဲ့ပါဘူး'

ပေါင်ချင်းထန်းက....

'မှန်လှပါ ဤအမှုကို မယ်တော်အား မေးရန် မသင့်ပါဘုရား'

ကေရာဇ်ဘုရင်က စိတ်ရှုပ်သွားဟန်ဖြင့် သက်ပြင်းတစ်ချက် ချလိုက်၏။

'အခုမှ ခက်နေပြီ တရားသူကြီးမင်း အသင် ပြောတဲ့အမှုကသာ မှန်ခဲ့မယ်ဆိုရင် ငါကိုယ်တော်မြတ်ရဲ့ မယ်တော် ဒုက္ခရောက်တော့မယ်၊ ဒါပေမယ့် အမှုမမှန်တာကို စစ်ဆေးပြီးမှ သိခဲ့ရရင်လဲ မယ်တော်ကို ဘယ်လို မျက်နှာပြရပါ့မလဲ'

ပေါင်ချင်းထန်းက လက်အုပ်ချီလိုက်သည်။

'မှန်ပါ.... သည်အမှုနဲ့ပတ်သက်ပြီး အရှင်ဘုရား အေးအေးပဲနေပါ၊ ကျွန်တော်မျိုးက တိတ်တဆိတ် လိုက်စုံစမ်းပါ့မယ်၊ စုံစမ်းစေလို့သာ ဘုရင်မင်းမြတ်က ခွင့်ပေးတော်မူပါ'

ကေရာဇ်ဘုရင်က သူ့အားကြည့်လိုက်သည်။

'အသင်က ဘယ်လိုစစ်ဆေးချင်ပါသလဲ'

ပေါင်ချင်းထန်းက အနည်းငယ်စဉ်းစားကာ....

'သည်အမှုဟာ တခြားအမှုတွေလို တရားလိုနဲ့တရားခံကို မျက်နှာစုံ ခေါ်ယူစစ်ဆေးလို့ရတဲ့အမှုမျိုး မဟုတ်ပါဘူး၊ ဒါကြောင့်အမှုအတွက် ခိုင်လုံတဲ့ သက်သေအထောက်အထားတွေရှာပြီးမှသာ မည်သို့မည်ပုံ ဆက်လက်ဆောင်ရွက်ရန် စဉ်းစားနိုင်ပါတယ်ဘုရား'

ဟု လျှောက်တင်လိုက်လေသည်။



ကေရာဇ်ဘုရင်က အတန်ကြာစဉ်းစားပြီးမှ ဤသို့ မိန့်တော်မူလေသည်။

'ပေါင်ချင်းထန်း....ဤအမှုဟာ အလွန့်အလွန်ကြီးမားတဲ့ အမှုပါ၊ တိုင်းပြည်နဲ့အဝှမ်း တုန်လှုပ်ချောက်ချားသွားနိုင်မယ့်အမှုလဲ ဖြစ်ပါတယ်။ ဒါကြောင့် အသင်က ဤအမှုကို ကိုင်တွယ်ချင်သပဆိုရင်တော့ ခွင့်ပြုရမှာပါပဲ၊ အသင့်အနေနဲ့ အချိန်ယူပြီး ထပ်မံစဉ်းစားရင် ကောင်းပါလိမ့်မယ်'

သူက စကားဆက်လိုက်သည်။

'သည်အမှုကို စပြီးကိုင်တွယ်တာနဲ့ အသင်ဟာ ကျားတစ်ကောင်ရဲ့ကျောပေါ် ရောက်ရှိသွားတာနဲ့အတူတူပါပဲ၊ အသင် ကျားကို နိုင်နင်းအောင်ထိန်းသိမ်းနိုင်ပါမှဖြစ်မယ်၊ နို့မို့ဆိုရင်တော့ အသင် ကျားစာဖြစ်သွားမှာပါ၊ ကျုပ်ကိုယ်တော်မြတ် အမိန့်တော်ကို အသင်နားလည်မှာပါ'

ပေါင်ချင်းထန်းက လေးလေးနက်နက် ဦးညွှတ်လိုက်၏။

'ကျွန်တော်မျိုးနားလည်ပါတယ်ဘုရား၊ ကျွန်တော်မျိုးဟာ ဘုရင်ကယုံကြည်လေးစားလို့ တရားသူကြီး တာဝန်ကို ပေးအပ်ထားတာပါ၊ သည်တာဝန်အရ ကျွန်တော်မျိုးဟာ အမှုကို တရားမျှမျှတတနဲ့ အမှန်တရားပေါ်အောင်ဉာဏ်စွမ်းရှိသလောက် ကြိုးစားမယ်လို့ အဓိဋ္ဌာန် ချထားပါတယ်ဘုရား၊ အကယ်၍သာ ကျွန်တော်မျိုးကဤအမှု ဖော်မထုတ်

နိုင်ခဲ့သည့်ရှိသော် ပေးလာမည့် ပြစ်ဒဏ်ကိုခံရန် အသင့်ရှိကြောင်းပါ ဘုရား'

ကေရာဇ်ဘုရင်က သက်ပြင်းတစ်ချက်ချလိုက်၏။

'ကောင်းပြီ....သင်၏ တာဝန်ကို စတင် ထမ်းဆောင်ပါလော့'

ဟု အမိန့်ချမှတ်တော်မူလိုက်လေတော့သည်။

* * *

ကင်စာပေ
မှတ်ပုံ ၁၅/၁၃၈၊ ဖြ ...
တောင် ၄ ဖြိ
ရှန်း ၂၀၃၅၅

အတွင်းဝန်မင်း ကိုဟိုင်

၄

အတွင်းဝန်မင်းကိုဟိုင်သည် အသက် ခြောက်ဆယ်ကျော်ခဲ့လေပြီ။

သို့သော် နန်းတွင်း၌နေထိုင်ကာ စည်းစိမ်ရှိရှိဖြင့် ဆေးဝါးကောင်းများ မှီဝဲရသောကြောင့် ခန္ဓာကိုယ်ဝဖိုင့်လာရုံမှလွဲ၍ နုပျိုနေသေး၏။

သူသည် အကြံကောင်းတစ်ချက်ကြံမိလိုက်သဖြင့်ဘဝတစ်သက်သာလုံး ကြီးပွားချမ်းသာကာ လောကစည်းစိမ်ကို

အပြည့်အဝခံစားရသည့်အပြင် ကောရာဇ်ဘုရင်၏ လေးစားကြည်ညိုခြင်းကိုလည်း ခံရလေသည်။

ထို့ကြောင့် သူ၏ဩဇာအရှိန်အဝါသည် နန်းတွင်းတစ်ခုလုံးအား လွှမ်းမိုးနိုင်ခဲ့လေသည်။

ယခု သူသည် အတွင်းဝန်ရာထူးကို တာဝန်ယူထားသော်လည်း မည်သည့်တာဝန်ကိုမျှ ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ရန် မလိုပါချေ။

သူ၏ တပည့်တပန်းများကသာ ထမ်းဆောင်ပေးနေရသည် မဟုတ်ပါလော။

သူ၏တပည့်များမှာ လူတန်းစားမျိုးစုံသည်။

နန်းတွင်းသူနန်းတွင်းသားး ရဲမက်နှင့်ကိုယ်ရံတော်များသာတွင် သူက လျှို့ဝှက် လက်မရှိလူသတ်သမားများကို တိတ်တဆိတ် မွေးထားသည်။

ထို့ကြောင့်သူ့အား လူအားလုံးက ကြောက်ရွံ့လေးစားကြလေသည်။

ဘသည် ညနေခင်း အချိန်တိုင်းတွင် မိမိအဆောင်၏ ပန်းဥယျာဉ်ထဲတွင်ထိုင်ကာ အရက်သောက်ရင်း လေညင်းခံနေလေသည်။



မကြာမီ နန်းတွင်းသူတစ်ယောက်က ရောက်ရှိလာ၏။

ကိုဟိုင်က မျက်မှောင်ကုပ်လိုက်၏။

'ဘာကိစ္စရှိလို့လဲ ရှမ်းဂို၊ ညည်းတို့ရဲ့ မယ်တော်ကြီးကော ကျန်းမာပါစ'

ရှမ်းဂိုသည် လက်ရှိဘုရင်မင်းမြတ်၏ မယ်တော်ထံတွင် တာဝန်ထမ်းဆောင်နေသော နန်းတွင်းသူ တစ်ယောက်ဖြစ်သည်။

'နေကောင်းပါတယ်၊ ဘဘကို မယ်တော်က အဆောင်ကြွမြန်းခဲ့ဖို့ ဖိတ်ခေါ်ခိုင်းလို့ပါ'

ကိုဟိုင်က....

'အခု လာရမှာလား'

ရှမ်းဂိုက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ် ဘဘ'

ကိုဟိုင်က ထိုင်ရာမှထကာ....

'ကောင်းပြီ...'

'ငါအခုချက်ချင်းပဲ လိုက်ခဲ့မယ်'

နန်းတွင်းသူ ရှမ်းဂိုက သူ့အားတွဲ၍ ခေါ်ဆောင်သွားရလေသည်။

* * *

ကို့ဟိုင်က မယ်တော်အား ဦးညွှတ်လိုက်သည်။

'ဂါရဝပြုပါတယ် မယ်တော်၊ ကျွန်တော်မျိုးရဲ့ ခန္ဓာကိုယ် ဝလွန်းတာကြောင့် ဂါရဝပြုတာ မပြည့်စုံခဲ့ရင် ခွင့်လွှတ်တော်မူပါ'

မယ်တော်က ခေါင်းညိတ်လိုက်သည်။

'ကိစ္စမရှိပါဘူး ထိုင်ပါ'

ကို့ဟိုင်က ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သည်၊

'ဘယ်လိုအရေးများရှိလို့ ကျွန်တော်မျိုးကို ဆင့်ခေါ်ရပါသလဲ မယ်တော်'

မယ်တော်က ဤသို့ မိန့်တော်မူ၏၊



'ဒီလိုကွယ့်....ကနေ့ သားတော်က မယ်တော့်ဆီကို ရောက်လာပါတယ် ဘယ်သို့ အကြောင်းပျိုးမှန်းမသိ ရွှေဆံထိုးကို တောင်းယူ ကြည့်သွားတယ်ကွယ့်'

ကို့ဟိုင်က မျက်မှောင် ကုပ်လိုက်သည်။

'ဘုရင်မင်းမြတ်က ဘာများ မိန့်တော်မူခဲ့သေးသလဲ'

မယ်တော်က ခေါင်းခါရမ်းလိုက်သည်။

'ဘာမှတော့ ပြောမသွားပါဘူး၊ ဒါပေမယ့် သားတော်ရဲ့ မျက်နှာဟာ ယခင်လို ကြည်ကြည်လင်လင် မရှိလှတာကြောင့် မယ်တော်စိတ်တွေ လေးလံလို့ အသင့်ကိုခေါ်ပြီး ပြောပြတာပါ'

ကို့ဟိုင်က ရယ်မောလိုက်သည်။

'မယ်တော်က ဘာကြောင့် ဒီလောက်တောင်မှ စိုးရိမ်နေရတာလဲ ပြီးတဲ့ကိစ္စတွေလဲ လုံးဝပပျောက်နေပြီပဲ၊ ဘယ်လို အကြောင်းကြောင့်မှ ဒီကိစ္စပေါ်မလာနိုင်ပါဘူး'

မယ်တော်က သက်ပြင်းတစ်ချက် ချလိုက်သည်။

'ဘာပဲပြောပြော မကောင်းတာ လုပ်ခဲ့တဲ့ ကိစ္စကြောင့် အမြဲတန်း ချောက်ချားနေရတယ် အတွင်းဝန်မင်းရယ်'

ကို့ဟိုင်က ခေါင်းခါ ရမ်းပြလိုက်သည်။

'ဒါကတော့ မယ်တော်ရဲ့ သွေးလန့် တတ်လွန်းလို့ပါ၊ ကျွန်တော်မျိုးကို ကြည့်ပါ၊ ဒါတွေကို လုံးဝမမှုလို့ စိတ်ချမ်းသာ ကိုယ်ကျန်းမာ နေနေရပါတယ်'

သူက စကားဆက်လိုက်၏။

'မယ်တော်....ဘာမှ စိုးရိမ်တော်မမူပါနဲ့ ကျွန်တော်မျိုး တစ်ယောက်လုံး ရှိနေတာပဲ စိတ်ရွှင်ပျအောင်သာ နေတော်မူပါ'

မယ်တော်က သက်ပြင်းတစ်ချက် ချလိုက်သည်။

'အင်း....အသင်နဲ့တွေ့မှပဲ မယ်တော့်စိတ်တွေ အေးသွားခဲ့ရပါတယ်'

ကိုဟိုင်က ထရပ်လိုက်သည်။

'စိတ်အေးအေးသာ ထားပါ၊ ဘာမှ မဖြစ်စေရပါဘူး'

သူက မယ်တော်အား နှုတ်ဆက်ဂါရဝပြုကာ အဆောင်ထဲမှ ပြန်လည်ထွက်ခွာ လာခဲ့လေတော့သည်။

* * *



မီးထွန်းချိန် ရောက်နေပြီဖြစ်သည်။

ရှမ်းဂိုသည် ကိုဟိုင်အား အဆောင်၏အဝသို့ ရောက်အောင် လိုက်လံပို့ဆောင်ပြီးမှ လှည့်ပြန်လာခဲ့လေသည်။

ကိုဟိုင်က အဆောင်ထဲသို့ လှမ်းဝင်မည်အပြုတွင် နန်းတွင်းသူတစ်ယောက်က ဆီးကြို၍ ဤသို့ သတင်းပို့လာ၏။

'ဘာဘဝန်မင်း အဆောင်ထဲမှာ ဧည့်သည်တော် တစ်ယောက် ရောက်နေပါတယ်'

ကိုဟိုင်က အံ့ဩသွားရလေသည်။

နှစ်ပေါင်းကြာကြာကပင် မိမိ၏ အဆောင်ထဲသို့ မည်သည့်ဧည့်သည်တော်မျှ လာရောက်ခြင်း မရှိခဲ့ပါ။

'ဘယ်သူများပါလိမ့်'

သူက တီးတိုးရေရွတ်ရင်း အဆောင်ထဲသို့ လှမ်းဝင်လိုက်လေသည်။

အဆောင်ထဲ၌ ဧည့်သည်တော် တစ်ယောက် အမှန်ပင် ရောက်ရှိနေလေသည်။

ကိုဟိုင်က ထိုဧည့်သည်တော်အား တွေ့မြင်လိုက်သည်နှင့် ရင်ထဲ၌တစ်ချက် လှုပ်ရှားသွား၏။

ထိုလူမှာ....

မည်သည့်မျက်နှာကိုမျှ မထောက်ထားတဲ့ 'အမှန်တရားဘက်မှ ရဲရဲဝံ့ဝံ့ ရပ်တည်လေ့ရှိသော ပြည်သူ့ တရားသူကြီး ပေါင်ချင်းထန်းပင်ဖြစ်၏။

ကို့ဟိုင်က အလွန့်အလွန် အံ့သြသွားမိသည်။

သူက ပေါင်ချင်းထန်းအား မြင်တွေ့ခဲ့ဖူးလေသည်။

ပေါင်ချင်းထန်းကလည်း သူ့အား မြင်တွေ့ခဲ့ဖူးသည်။

သို့သော် တစ်ယောက်နှင့်တစ်ယောက် ခေါင်းညိတ် နှုတ်ဆက်ခြင်းပင် မပြုခဲ့ပါ။

ယခု....

ပေါင်ချင်းထန်းက အဘယ်ကြောင့် မိမိအားလာရောက်တွေ့ဆုံခဲ့ပါသနည်း။

သို့သော် သူက အလွန်ကောက်ကျစ်စဉ်းလဲသော လူတစ်ယောက်ပီပီ ချက်ချင်းပင် ဣန္ဒြေဆည်ကာ ပြုံးရွှင်စွာဖြင့် နှုတ်ဆက်လိုက်သည်။

'ဟောဗျာ....ပြည်သူ့ တရားသူကြီး ပေါင်ချင်းထန်းပါလား၊ မလာစဖူး အခုလို ရောက်ရှိလာတာ တွေ့ရတော့ ဝမ်းသာလို့ မဆုံးပါဘူး'



ပေါင်ချင်းထန်းက လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်လေသည်။

'ကျွန်ုပ်က ဒီဘက်လာရင်း အတွင်းဝန်မင်းရဲ့ အဆောင်ကို သိသွားတာကြောင့် ဝင်ရောက် ဂါရဝပြု နှုတ်ဆက်တာပါ'

ကို့ဟိုင်က သူနှင့်မျက်နှာချင်းဆိုင် ထိုင်ခုံဘွင်ဝင်ရောက်ထိုင်ချကာ ပြုံးပြလိုက်သည်။

'ကျွန်ုပ်ကတော့ အသက်ကကြီး ဘာတာဝန်မှ မဆောင်နိုင်တော့တာကြောင့် ဝန်မင်းမှူးမတ်တွေက ကျွန်ုပ်ကို မေ့ထားကြပါပြီ'

ပေါင်ချင်းထန်းက....

'ဒီလိုလဲ မဟုတ်ပါဘူးလေ တစ်ချိန်တုန်းက အတွင်းဝန်မင်းဟာ အလွန်ကြီးလေးတဲ့ တာဝန်တွေကို ထမ်းဆောင်ခဲ့ရတယ် မဟုတ်လား၊ ဒါကြောင့် အေးအေးဆေးဆေး အခုလို အနားယူနိုင်ပါစေတော့ဆိုတဲ့ ဆန္ဒမျိုးကြောင့် ဖြစ်ပါလိမ့်မယ်'

ကို့ဟိုင်က ရယ်မောလိုက်သည်။

'ထားပါတော့လေ၊ ဒါနဲ့ တရားသူကြီးမင်း ကျွန်ုပ်ဆီကို လာတာ ဘယ်လိုအရေးများ ရှိလို့ပါလဲ'

ပေါင်ချင်းထန်းက....

'ရှိတယ်လို့လဲပြောလို့ မရသလို မရှိဘူးလို့လဲ ပြောလို့မရပါဘူးလေ'

ကို့ဟိုင်က....

'ဒါဆိုရင်လဲ ပြောဖို့မရှိတာတွေကို မပြောပဲပြောဖို့ရှိတာတွေကို ပြောပါလေ'

ပေါင်ချင်းထန်းက....

'သို့မှန်လျှပါ ဝန်မင်း ပြောစရာရှိတာထက် မေးစရာရှိတယ်ဆိုလျှင် ပို၍မှန်ပါလိမ့်မည်'

ကို့ဟိုင်က....

'ပြောစရာရှိတာပဲဖြစ်ဖြစ်၊ မေးစရာရှိတာပဲဖြစ်ဖြစ် ရပါတယ်'

ပေါင်ချင်းထန်းက....

'သည့်လိုပါ လွန်ခဲ့တဲ့ တစ်ဆယ့်ရှစ်နှစ်တုန်းက အပယ်ဆောင် မီးလောင်တာနဲ့ပတ်သက်ပြီး မေးစရာလေးတွေရှိနေလို့ပါ'

ကို့ဟိုင်က....



'ဘာဖြစ်လို့လဲ တရားသူကြီးမင်းရဲ့ အပယ်ဆောင်မီးလောင်မှုနဲ့ပတ်သက်ပြီး ကျုပ်အပေါ် သံသယရှိလို့ အမှုစစ်နေတာလား'

ပေါင်ချင်းထန်းက ခေါင်းခါယမ်း လိုက်သည်။

'အခုကျွန်ုပ်လာတာ အမှုစစ်ဆေးဖို့မဟုတ်သလို စစ်ဆေးတဲ့စကားလဲ တစ်လုံးမှ မပြောရသေးပါဘူး၊ ကျွန်ုပ်က အပယ်ဆောင်မီးလောင်တာကို သိချင်လို့သာ မေးမြန်းမိတာပါ'

ကို့ဟိုင်က....

'တရားသူကြီးမင်း ရှင်းရှင်းပြောစမ်းပါလေ၊ အသင်က ဘာကိုသိချင်လို့ ကျွန်ုပ်က ဘာကိုပြောရမှာလဲ'

ပေါင်ချင်းထန်းက....

'သည့်လိုလေ အဲဒီတုန်းက ကျွန်ုပ်ကနယ်လှည့်ပြီး အမှုစစ်နေတာကြောင့် အပယ်ဆောင်မီးလောင်မှုကို လုံးဝမသိခဲ့ပါဘူး၊ ဒါကြောင့် သည့်မီးလောင်မှုနဲ့ပတ်သက်လို့ အတွင်းဝန်မင်းကပဲ သိနိုင်မယ်ထင်ပြီး လာမေးမိတာပါ၊ ဒါပေမယ့် အတွင်းဝန်မင်းကို သံသယရှိလို့ မဟုတ်ပါဘူး'

ကို့ဟိုင်က ရယ်မောလိုက်သည်။

'ကျုပ်ကတော့ ဘာမျှ ထူးထူးဆန်းဆန်း ပြောစရာ ရှိမှာတဲ့လဲ အပယ်ဆောင်မီးလောင်မှုဟာ မတော်တဆဖြစ်ပွားတဲ့ တောင်နန်းစံမိဖုရားကြီးဟာ မီးတွင်းထဲပါသွားတယ်ဒါကြောင့် ဘုရင်ကေရာဇ် ကိုယ်တော်တိုင်လဲ လာရောက်စစ်ဆေးသွားခဲ့ပါတယ်၊ ဒါကို တရားသူကြီးမင်းက မီးရှို့မှု ထင်နေလို့လား'

ပေါင်ချင်းထန်းက....

'ကျွန်ုပ်ဟာ တရားသူကြီးမင်းတာဝန်ကို ထမ်းဆောင်နေရတဲ့လူပါ မည်သူ တစ်ဦးတစ်ယောက်ကိုမှ အကြောင်းမဲ့ စွပ်စွဲပြောဆိုချင်း မပြုတတ်ပါဘူး၊ ပြောဆိုပိုင်ခွင့်လဲမရှိပါဘူး'

ကို့ဟိုင်က....

'ဒါဖြင့် အသင်ကဘာကို သိချင်တယ်ဆိုတာ ရှင်းရှင်းပြောစမ်းပါလေ'

ပေါင်ချင်းထန်းက....

'ကျွန်ုပ်က မီးလောင်ကျွမ်းတဲ့ ပြာပုံထဲမှာ တွေ့ရှိခဲ့တဲ့ အလောင်းဟာ တောင်နန်းစံမိဖုရားရဲ့ အလောင်းဆိုတာ မှန်ကန်ရဲ့လားဆိုတာ သိချင်တာပါ'

ကို့ဟိုင်က....



'အလောင်းကို ကျွန်ုပ်ကိုယ်တိုင် စစ်ဆေးခဲ့ရုံမကဘူး ကေရာဇ်ဘုရင် ကိုယ်တိုင်လဲ စစ်ဆေးခဲ့ပါတယ်၊ အလောင်းက ရုပ်ပျက်ဆင်းပျက် ဖြစ်နေပေမယ့် အလောင်းပေါ်က လက်ကောက်နဲ့ လက်စွပ် တို့ကြောင့် တောင်နန်းစံ မိဖုရားရဲ့ အလောင်းဆိုတာ အခိုင်အမာ ပြောဝံ့ပါတယ်'

ပေါင်ချင်းထန်းက....

'ပြာပုံထဲမှာ တောင်နန်းစံမိဖုရားပဲ တွေ့ဘာလား၊ တစ်ခြား အလောင်းတော့ မတွေ့ဖူးဘူးလား'

ကို့ဟိုင်က....

'မတွေ့ရပါဘူး'

ပေါင်ချင်းထန်းက....

'တောင်နန်းစံမိဖုရားမှာ နန်းတွင်းသူနှစ်ယောက် ပြုစုဖို့ ရှိတာပဲ သူတို့က ဘယ်ရောက်သွားသလဲ'

ကို့ဟိုင်က....

'အခင်း ဖြစ်ပွားတဲ့အချိန်မှာ နန်းတွင်းသူ နှစ်ယောက်ကို မတွေ့ရပဲ ပျောက်ဆုံးနေပါတယ်၊ နောက် ရောဂါရက် အကြာမှာ သူတို့ထဲက တစ်ယောက်က နန်းတွင်းကထွက်ပြေးရင်း ဓားပြတွေလက်ချက်နဲ့ သေဆုံးတယ်လို့ သိရပါတယ်၊ ကျန်တစ်ယောက်ကတော့ စုံးစုံးမြုပ်နေလေရဲ့'

ပေါင်ချင်းထန်းက တရပ်ကာ လက်နှစ်ဖက်ဆုပ်၍ ဂါရဝ ပြုလိုက်သည်၊

'အခုလို ပြောပြတာကို ကျေးဇူးတင်ပါတယ်၊ ကျွန်ုပ်ကို သွားခွင့်ပြုပါဦး'

ကို့ဟိုင်ကဲ လက်ကာပြလိုက် လေသည်။

'နေပါဦးလေ တရားသူကြီးမင်းအနေနဲ့ သည်ကိစ္စကို အကြောင်းမဲ့ လာမေးနေတာတော့ မဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့ လာမေးရတယ်ဆိုတာ ပြောပြခဲ့ပါဦး'

ပေါင်ချင်းထန်းက....

'စိတ်ချပါ နောက်တော့ ပြောပြမှာပေါ့'

သူက ယင်းသို့ပြောပြီး ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေတော့သည်။

* * *



ညဉ့်....

ညဉ့်နက်လှပြီ ဖြစ်သည်။

နန်းတော်တစ်ခုလုံးမှာ ညဉ့်၏အမှောင်ထု အောက်တွင် နှစ်ခြိုက်စွာ အိပ်မောကျနေပြီ ဖြစ်သည်။

သို့သော်....ကို့ဟိုင်ဘစ်ယောက်မှာမူ မိမိ၏အဆောင်ထဲတွင် လူးလာခေါက်တုန့် လမ်းလျှောက်လျက် လုံးဝအိပ်ပျော်ခြင်း မရှိသေးပါချေ။

သူ၏ဦးနှောက်ထဲတွင် မေးခွန်းများ တသီတတန်းကြီး ဖြစ်ပေါ်လျက် ရှိလေသည်။

ကေရာဇ်ဘုရင်က အဘယ်ကြောင့် မယ်တော်ထံတွင် ရွှေဆံထိုး တောင်းယူ ကြည့်ရှုပါသနည်း။

တရားသူကြီး ပေါင်ချင်းထန်းက မလာစဖူး မိမိ၏စံအိမ်သို့ရောက်ရှိလာကာ လွန်ခဲ့သောတစ်ဆယ့်ရှစ်နှစ်က မီးလောင်ကျွမ်းမှုကို ယခုမှလာရောက် မေးမြန်းနေပါသနည်း။

ဤအမှုအား တစ်စုံတစ်ယောက်က ပြည်သူ့တရားသူကြီး ပေါင်ချင်းထန်းထံသို့ လာရောက်တိုင်ကြားခဲ့ သလော။

ထိုသို့ဆိုပါလျှင် တိုင်ကြားသူမှာ မည်သူ ဖြစ်မည်နည်း။

ဤအမှုနှင့်ပတ်သက်၍ လီချင်းမှာ သေဆုံးသွားခဲ့လေပြီ၊

တောင်နန်းစံမိဖုရားကလည်း မိမိတို့ မျက်စိရှေ့မှာပင် သေဆုံးသွားခဲ့သည်မှာ အမှန်ပင်....။

ဤသို့ဆိုပါလျှင် ထိုအမှုနှင့်ပတ်သက်၍ မည်သူက လာရောက်တိုင်ကြားခဲ့ပါသနည်း။

နန်အိ....

ဤအမှုတွင် ပျောက်ဆုံးနေသော တစ်ဦးတည်းသော လူမှာ နန်အိတစ်ယောက်သာ ဖြစ်လေသည်။

ကိုဟိုင်က ဤအမှုပြန်လည်ပေါ်ပေါက် လာပါလျှင် မိမိကမည်သို့ ကာကွယ်ရပါမည်နည်းဟု စဉ်းစားလိုက် လေသည်။

မည်သို့ဆိုစေ....

တောင်နန်းစံ မိဖုရားကြီးမှာ ကွယ်လွန်သွားပြီ ဖြစ်သောကြောင့် ပေါင်ချင်းထန်းက အမှုမှန် ပေါ်ပေါက်အောင် ဆောင်ရွက်ရန်မှာ မလွယ်ကူပါချေ။

သို့သော်....

သူက ယနေ့မှစ၍ ပေါင်ချင်းထန်းအား မျက်ခြေမပြတ် စောင့်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

ထို့ပြင် နန်အိရှိသော နေရာကို စုံစမ်းရန်ဖြစ်သည်။



အကယ်၍သာ ဤအမှုအတွက် မိမိမှာ အခြေအနေ မကောင်းခဲ့ပါလျှင် ပြည်သူ့တရားသူကြီး ပေါင်ချင်းထန်းအား နှုတ်ပိတ်ရပေလိမ့်မည်။

သူက ယင်းသို့ စဉ်းစားပြီးသောအခါမှ ရင်ထဲ၌ ပေါ့ပါးသွားကာ ိပ်ရာပေါ်သို့တက်၍ နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်လိုက်လေတော့သည်။

* * *

မှောင်မိုက်သော ညဥ့်ဖြစ်သည်။

ကောင်းကင်ပေါ်၌ တိမ်တိုက်တိမ်လိပ်များ ထူထပ်စွာ ရှိနေသည့်ကြားမှ ရှတ်တရက် လေပြင်းတစ်ချက် တိုက်ခိုက်လာလေသည်။

မိုးသက်မုန်တိုင်းများ ကျရောက်ရော့မည်ထင်....

ဝန်းကျင်တစ်ခုလုံးမှာ မှောင်မည်း တိတ်ဆိတ်ကာ လူသားများ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော အချိန်ဖြစ်သည်။

သို့သော် ပေါင်ချင်းထန်း နေထိုင်သော အခန်းတွင် မီးရောင်ဖြာထွက် နေသေးသည်ကို မြင်ရမည်ဖြစ်သည်။

စာဖတ်နေသော သူ၏အရိပ်က ပြတင်းပေါက်ပေါ်တွင် ကပ်ထားသည့် စက္ကူပေါ်၌ သွားရောက်ထပ်ဟပ် နေလေသည်။

'ဒေါင်....'

အုန်းမောင်းခေါက်သံ တစ်ချက်ထွက်ကာ တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်လေသည်။

ထိုအချိန်....

ရှုတ်တရက် မည်းမည်းသဏ္ဌာန် လူရိပ်နှစ်ခုက ရုတ်တရက် ထွက်ပေါ်လာလေသည်။

ယင်းလူရိပ်နှစ်ခုသည် ဝိညာဉ်များပမာ လေထဲ၌ လွင့်မျောကာ ပေါင်ချင်းထန်းနေထိုင်သော ခြံဝင်းထဲသို့ရောက်ရှိလာသည်။

၎င်းလူရိပ်နှစ်ခုက ခြံဝင်းအုတ်နံရံဆီသို့ ပြေးကပ်လိုက်ပြီး ပေါင်ချင်းထန်း၏ အရိပ်ထင်ဟပ်နေသော ပြတင်းပေါက်အား စိုက်ကြည့်နေလေသည်။

ပေါင်ချင်းထန်း၏ အရိပ်က ရွေ့လျားခြင်း မရှိပါ။



လက်ထဲမှ စာအုပ်ကို အာရုံစူးစိုက်၍ ဖတ်ရှုနေပုံရသည်။

လူရိပ်နှစ်ခုသည် အမြန်အလှန် တစ်ချက်ကြည့်ပြီးနောက် သူတို့နှစ်ယောက်က အိတ်ထဲသို့ပြိုင်တူ လက်နှိုက်လိုက်သည်။

တစ်ဆက်တည်းမှာပင် ပေါင်ချင်းထန်း၏ အရိပ်ထဲသို့ ပစ်လွှင့်လိုက်လေသည်။

'အား....'

ပေါင်ချင်းထန်း၏ အသံကစူးရှစွာ ထွက်ပေါ်လာပြီးနောက် ပြန်လည်ငြိမ်သက် သွားလေသည်။

ထိုအချိန် မီးရောင်များ ထိန်လင်းလာသည်။

'သူခိုး....သူခိုး....'

အော်ဟစ်သံများလည်း ဆူညံစွာ ထွက်ပေါ် လာလေသည်။

လူရိပ်နှစ်ခုက အုတ်နံရံပေါ်သို့ ကျော်လွှားကာ ထွက်ပြေးသွားကြလေသည်။

* * *

အုတ်နံရံထောင့်ရှိ သစ်ပင် တစ်ပင်ပေါ်တွင် လူဘစ်ယောက် ဘိုင်နေလေသည်။

ပေါင်ချင်းယန်း၏ အရိပ်ကို လက်နက်ပုန်းဖြင့် ပစ်လွှင့်သွားသော လူနှစ်ယောက် ထွက်ပြေးသွားခြင်းကို တွေ့မြင်လိုက်သောအခါ သစ်ပင်ပေါ်မှ ဆင်းကာ အမိပြေးလိုက်သွားလေသည်။

ထိုလူမှာ ပေါင်ချင်းထန်း၏ အားထားရသော ကျန်ကျောင်းပင် ဖြစ်လေသည်။

ကျန်ကျောင်းက ထိုလူနှစ်ယောက်အား နောက်ယောင်ခံ၍လိုက်ခဲ့ရာ မကြာမီ နန်းတော်၏ နောက်ဘက်သို့ ရောက်ရှိလာကြလေသည်။

ထိုလူနှစ်ယောက်က တုန့်ဆိုင်းခြင်း မရှိဘဲ နန်းတော်ပေါ်သို့ တက်ပြေးသွားကြသည်။

ကျန်ကျောင်းကလည်း ထပ်ကြပ်မကွာ လိုက်သွားလေသည်။

လူသတ်သမား နှစ်ယောက်သည် နန်းတော်ထဲရှိ အစွန်းဘက်ရှိ အဆောင် တစ်ဆောင်ထဲသို့ ပျောက်သွားခြင်းကို တွေ့မြင်လိုက်ရသောအခါ ကျန်ကျောင်းက ခြေလှမ်းရပ်တန့်လိုက်သည်။



သူက နံရံတစ်ခုတွင် ဝင်ကပ်ကာ ရှေ့တွင်သွားနေသော လူနှစ်ယောက်အား မျက်တောင်မခတ် စိုက်ကြည့်နေသည်။

ထိုလူနှစ်ယောက်က အဆောင်တစ်ခု၏ တံခါးကို ခေါက်လိုက်လေသည်။

မကြာမီ....

အဆောင်တံခါးပွင့်သွားပြီး လူနှစ်ယောက်က အဆောင်ထဲသို့ ဝင်ရောက်သွားကြသည်၊

ကျန်ကျောင်းက ထိုအဆောင်အနီးသို့ ခြေသံလုံလုံဖြင့် ပြေးကပ်လိုက်လေသည်၊

အဆောင်ထဲမှ မီးရောင်လင်းလာသည်၊

ကျန်ကျောင်းက ပြတင်းပေါက်မှ တစ်ဆင့် အထဲသို့ ချောင်းကြည့်လိုက်ရာ....

ညဉ့်လူနှစ်ယောက်က အဘွင်းဝန်မင်း ကို့ဟိုင်ရှေ့တွင် ရပ်တန့်ကာ တစ်စုံတစ်ခု ပြောပြနေခြင်းကို တွေ့မြင်လိုက်ရသည်။

ကျန်ကျောင်းက ဆက်မကြည့်တော့ပါ။

ကြည့်ရန်လည်း မလိုအပ်တော့ပါ။

ပေါင်ချင်းထန်း ကြိုတင်တွေးဆခဲ့သော အချက်အလက်များ မှန်ကန်နေခြင်းကို တွေ့ရှိခဲ့သည် မဟုတ်ပါလော။

ထို့ကြောင့် သူက ပေါင်ချင်းထန်းထံသို့ လှည့်ပြန်လာခဲ့လေတော့သည်။

* * *

ပေါင်ချင်းထန်း...

ပေါင်ချင်းထန်းက မသေသေးပါ။

သူ၏ ခန္ဓာကိုယ်ပေါ်တွင် ဒဏ်ရာဒဏ်ချက်လဲ မတွေ့ရသေးပါ။

သူသည် ကျန်ကျောင်း ပြန်ရောက်လာခြင်းကို တွေ့သောအခါ ဆီးကြို၍မေးလိုက်သည်။

'ကျန်ကျောင်း....သူတို့ဘယ်ကို ပြေးသွားကြသလဲ'

ကျန်ကျောင်းက ဦးညွှတ်လိုက်သည်။



'တရားသူကြီးမင်း ထင်ထားတဲ့အတိုင်းပဲ၊ ဒီလူသတ်သမားဟာ အတွင်းဝန်မင်း ကိုဟိုင်ဆီကို သတင်းပို့နေတာ တွေ့ခဲ့ရပါတယ်'

ပေါင်ချင်းထန်းက ခေါင်းညိတ်လိုက်သည်။

'အင်း....'

'ငါတို့ အရုပ်အတု လုပ်သွားတာ သူတို့မှမသိဘဲ၊ ငါ့ကို ခေါ်ထိမှန်ပြီလို့ သူတို့က ထင်ကြမှာပဲ'

ကျန်ကျောင်းက ခေါင်းညိတ် လိုက်လေသည်။

'ဟုတ်ပါတယ် တရားသူကြီးမင်း'

ပေါင်ချင်းထန်းက ထရပ်လိုက်သည်။

သူက မုတ်ဆိတ်မွေး များအား လက်ဖြင့်သပ်ရင်း ခေါင်းတညိတ်ညိတ်ဖြင့်....

'ကိုဟိုင်ရဲ့ လက်ချက်ဆိုတာတော့ ငြင်းလို့မရတော့ပါဘူးလေ'

ဟု ပြောလိုက်လေသည်။

ကျန်ကျောင်းက ခေါင်းညိတ်လိုက်သည်၊

'ဟုတ်ပါတယ်... ဒါကြောင့် ဒီအမှုကို အမှန်တိုင်း စစ်ဆေးဖို့ အမြန်ဆုံး ဆွေးနွေးပြီး စစ်ဆေးသင့်ပါပြီ'

ပေါင်ချင်းထန်းက ခေါင်းကိုဖြေးညှင်းစွာ ခါရမ်းလိုက်သည်။

'ဒီအမှုဟာ တရားခံကို သိနေနေပမယ့် ခက်ခက်ခဲခဲစီရင်ရမယ့် အမှုမျိုး ဖြစ်နေတယ်ကွ'

ကျန်ကျောင်းက ပါးစပ်ပိတ်သွား လိုက်ရလေသည်။

* * *

ကိုဟိုင်သည် ပေါင်ချင်းထန်း သေဆုံးသွားပြီ ဟူသော သတင်းကို ကြားရသောအခါ လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

သူက မဲ့ပြုံးပြုံး၍ ဤသို့ ကြိမ်းဝါးလိုက်သည်။

'ပေါင်ချင်းထန်း အသင်ဟာ အေးအေးဆေးဆေးမနေဘဲ ကျွန်ုပ်ရဲ့ကိစ္စကိုလာပြီး ဝင်ရှုပ်တာကြောင့် အခုလိုသေရတာပေါ့၊ ဒါဟာ အသင့်အပြစ်နဲ့ အသင်ပါပဲ'

သူက စားပွဲပေါ်ရှိ အရက်ကို မော့သောက် လိုက်၏။





ထို့နောက် အားရပါးရ ရယ်မောလိုက်၏။

'ဟား....ဟား....ဟား'

ကိုဟိုင်သည် အလွန်စေ့စပ်သေချာသော လူတစ်ယောက်ဖြစ်ပေသည်။

ပေါင်ချင်းထန်း သေဆုံးသွားခြင်းကို ကြားသိထားသော်လည်း အမှန်သေမသေကို သိရှိလိုသဖြင့် နောက်တစ်နေ့နံနက် အရုဏ်လင်းချိန်တွင် ဘုရင့်ရှေ့တော်မှောက်သို့ သွားရောက်ခစားဝင်လေသည်။

နေ့စဉ်နေ့တိုင်း ဤကဲ့သို့အချိန်မျိုးတွင် ဝန်ခင်းမှူးမတ်များစုံညီစွာဖြင့် ဘုရင့်ရှေ့မှောက်တွင် လာရောက်ခစားတတ်သည် မဟုတ်ပါလော။

ကိုဟိုင်သည် ကေရာဇ်ဘုရင်အား ခစားပြီးနောက် မှူးမတ်များကို မသိမသာ မျက်လုံးဝေ့၍ ကြည့်လိုက်သည်၊

သူသည် မမျှော်လင့်ပဲ ပေါင်ချင်းထန်းက လာရောက်ခစားနေခြင်းကို မြင်တွေ့လိုက်ရသဖြင့် ကျဉ်းမြောင်းလှသော သူ၏မျက်လုံးအစုံမှာ ပြူးကျယ် ဝိုင်းစက်သွားသည်။

ပေါင်ချင်းထန်းက အသက်မသေသည့်အပြင် ဒဏ်ရာရရှိထားသော လက္ခဏာကိုပင် မတွေ့ရှိပါချေ။

သူက ပေါင်ချင်းထန်းအား အကဲခတ် ကြည့်နေစဉ် ပေါင်ချင်းထန်းကလည်း သူ့အားကြည့်၍ ပြုံးပြနေခြင်းကို တွေ့မြင်လိုက်ရသည်။

သူ၏အပြုံးသည် လျှို့ဝှက်သော အဓိပ္ပာယ်များဖြင့် ပြည့်နှက်နေကြောင်း ကို့ဟိုင်က နားလည်လိုက်သည်။

သူသည် မိမိစေလွှတ်လိုက်သောလူသတ်သမားနှစ်ယောက်အား ကျိတ်၍ ဒေါသထွက်နေရုံမှအပ မည်သို့မျှ မတတ်နိုင်ပါချေ။

ညှို့ဖြင့် ကေရာဇ်ဘုရင်အား ခစားပြီးနောက် ဝန်မင်းမှူးမတ်များ အသီးသီး ပြန်လည်ထွက်ခွာ သွားကြလေသည်။

ကို့ဟိုင်သည် နန်းတော်ထဲမှ ထွက်လာခဲ့ရ သော်လည်း မိမိဦးခေါင်းတင်ခုလုံး ကြီးနေသကဲ့သို့ ခံစားမိ လေသည်။

ထိုအချိန် ပေါင်ချင်းထန်၏အသံကို ကြားလိုက်ရလေ၏။

'မင်္ဂလာပါ အတွင်းဝန်မင်း....'

ကို့ဟိုင်၏ ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားမိလေသည်။

သူ ထမန်းကတန်း လှည့်ကြည့် လိုက်သည်။

သူ့အနီးတွင် ပေါင်ချင်းထန်းက လက်နှစ်ဖက်နောက်ပစ်ကာ အေးအေးဆေးဆေး လိုက်လာနေခြင်းကို မြင်တွေ့လိုက်ရလေသည်။



သူက စိတ်မလုံမှုလဲဖြင့် ပြန်ပြုံးပြလိုက်သည်။

'မင်္ဂလာပါ တရားသူကြီးမင်း....'

ပေါင်ချင်းထန်းက ခေါင်းခါရမ်းလိုက်သည်။

'ဝမ်းနည်းနေပါတယ်...ကျွန်ုပ်အဘွက်တော့ မင်္ဂလာကမဲ့နေပါတယ်'

ကို့ဟိုင်က မျက်မှောင်ကုတ်လိုက်သည်။

'ဘာဖြစ်လို့လဲ တရားသူကြီးမင်း'

ပေါင်ချင်းတန်းက သူ့အား ပြုံးပြလိုက်သည်။

'ကျွန်ုပ်ကံကြီးလို့ သာပေါ့ဗျာ နို့မို့ဆိုရင် ယခုလိုသာရောက် ခစားနိုင်တော့မှာ မဟုတ်သေးပါဘူး'

ကို့ဟိုင်က ပို၍ မျက်မှောင်ကုတ် လိုက်သည်။

'တရားသူကြီးမင်းရဲ့စကားက ဆန်းလှချည်လား၊ ဘာဖြစ်လို့လဲ'

ပေါင်ချင်းထန်းက သူ့အား စိုက်ကြည့် လိုက်သည်။

'ဘာဖြစ်ရမှာလဲဗျာ ညက ကျွန်ုပ်ကိုလာပြီး လုပ်ကြံတဲ့လူပေါ်လာတယ်လေ'

ကို့ဟိုင်က အံ့သြသွားသဖြင့်....

'ဟုတ်လား ဘယ်လိုဖြစ်တယ်ဆိုတာ ပြောပြပါဦး တရုတ်သူကြီး မင်းရယ်'

ပေါင်ချင်းထန်းက တည်ကြည်သော မျက်နှာဖြင့်...

နှ' 'သည်လိုပါ ဒီသုံးရက်ထဲမှာ ကျွန်တော်က အလိုလိုနေ အန္တရာယ်တစ်စုံတစ်ခုနဲ့ ရင်ဆိုင်ရမယ်ဆိုပြီး ခံစားနေရအယ်လေ'

'တစ်နေ့ ကျုပ်အိပ်နေတုန်း ကျုပ်ရဲ့ ကိုယ်စောင့်နတ်က လူသတ်သမားတွေလာပြီး လုပ်ကြံလိမ့်မယ်လို့ သတိပေးသွားတယ်လေ'

ကို့ဟိုင်က ခေါင်းတညိတ်ညိတ် ပြုကာ....

'ဪ....ဟုတ်လား'

ပေါင်ချင်းထန်းက ခေါင်းညိတ် လိုက်သည်။

'သိပ်ဟုတ်တာပေါ့....ညက လူသတ်သမား နှစ်ယောက်က ကျုပ်ကိုလာပြီး လုပ်ကြံသွား တယ်လေ'

ကို့ဟိုင်က သူ့အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်လေသည်။

'ဟုတ်မှဟုတ်ရဲ့လား၊ ခင်ဗျားကို ကြည့်ရတာ ဘာမှမဖြစ်ပါလား'



ပေါင်ချင်းထန်းက ပြုံးလိုက်၏။

'ကျုပ်က ကိုယ်စောင့်နတ် သတိပေးလို့ ကြိုတင် အစီအစဉ်လုပ်ထားတာကြောင့် အခုလို သေရမယ့် ဘေးက လွတ်မြောက်သွားခဲ့တာပါ'

ကို့ဟိုင်က အနည်းငယ် စိတ်ဝင်စားလေသည်၊

'ဟုတ်လား... ဘယ်လိုကြိုတင်စီစဉ်ထားတယ်ဆိုတာ ပြောပါဦး'

ပေါင်ချင်းထန်းက ရှင်းပြလိုက်၏။

'ဒီလိုလေ....ကျုပ်စာဖတ်ခန်းထဲမှာ ဖယောင်းတိုင်မီးထွန်းပြီး စားပွဲရှေ့မှာ ကုလားထိုင်တစ်လုံးထားတယ်၊ နောက်ပြီး ပိုက်ခေါင်းအုံးကို အဝတ်အစားတွေ ဝတ်ပေးပြီး စာဖတ်နေတဲ့သဏ္ဌာန်လုပ်ထားတယ်လေ၊ ဒါကြောင့် ဖယောင်းတိုင်မီးဟာ အဲဒီပိုက်ခေါင်းအုံးပုံသဏ္ဌာန်အရိပ်ကို ပြတင်းပေါက်ပေါ်မှာ သွားပြီး ထင်ဟပ်စေတာပေါ့'

သူက ဆက်၍ ရှင်းပြလိုက်သည်။

'ကျွန်ုပ်ကတော့ စားပွဲတစ်ဖက်က လိုက်ကာချထားတဲ့ တစ်ဖက်မှာ ထိုင်နေခဲ့တယ်၊ ဒီလိုနဲ့ သုံးရက်တိတိ စောင့်ခဲ့တာ ညဉ့်ကကျတော့ လုပ်ကြံစဲ့ ရန်သူတွေ ရောက်လာတယ်၊

ကျွန်ုပ်က ကျွန်ုပ်ကို ပေါက်စေသားထိမှန်တဲ့ပုံစံနဲ့ ဟူးဟူးရှရှနေသော လိုက်တော့ လူသတ်သမားတွေဟာ ပြန်ပြေးသွားကြတယ် လေ'

ကို့ဟိုင်၏ မျက်နှာတစ်ခုလုံး ဆယ်နှစ်ခန့် ပို၍ အိုစာ သွားသည်ဟု ထင်ရလေသည်။

သူက ခြေလှမ်းရပ်တန့်ကာ ပေါင်ချင်းသန်းအား စိုက် ကြည့်လိုက်၏။

'ကျွန်ုပ်က စေတနာနဲ့ တရားသူကြီးမင်းကို စကားတစ် ခွန်းပြောချင်ပါတယ်'

ပေါင်ချင်းထန်းက—

'ဟုတ်ကဲ့ ပြောပါ'

ကို့ဟိုင်က သူ့အား စိုက်ကြည့်လိုက်သည်။

'ဒီမှာ တရားသူကြီးမင်း အေးအေး ဆေးဆေး နေရင် အသက်ရှည်မယ်၊ ဟိုကိစ္စကို ဝင်စွက်ရင် အသင့်ရဲ့ အသက်တို လိမ့်မယ်လို့ ကြိုတင်ဟောကိန်း ထုတ်ထားပါရစေ'

သူက စကားဆုံးသွားသည်နှင့် တစ်ဖက်သို့ လှည့်ကာ ခြေလှမ်းကြဲကြဲဖြင့် ထွက်ခွာသွားလေသည်။



ပေါင်ချင်းထန်းက သူ၏ နောက်သို့ကြည့်ရင်း ရင်ထဲ၌ လေးလံစွာ ခံစားလိုက်ရသတတ်သည်။

* * *

ကို့ဟိုင်သည် မိမိ၏ အဆောင်သို့ ရောက်ရှိသွားသော အခါ လူနှစ်ယောက်က အဆောင်၏ အတွင်း ကြိုဆိုနေ ခြင်းကို တွေ့မြင်လိုက်ရလေသည်။

သူက ထိုလူနှစ်ယောက်အား တွေ့မြင်လိုက်ရသောအခါ ဒေါသကို မထိန်းနိုင်တော့ဘဲ ထိုလူနှစ်ယောက်၏ ပါးပြင် အား တစ်ချက်စီ ပြင်းထန်စွာ ရိုက်ချလိုက်၏။

'ဖြန်း....'

'ဖြန်း....'

သူသည် အသက်ကြီးရင့်နေပြီ ဖြစ်သော်လည်း ခွန်အား ဆုတ်ယုတ်သွားခြင်း မရှိသေးပါ။

ထို့ကြောင့်....

လူနှစ်ယောက်၏ မျက်နှာပေါ်တွင် နီရဲပြီး ဖူးယောင်လာလေသည်။

သူတို့က အဘယ်ကြောင့် အရိုက်ခံခြင်းကို မသိသော ကြောင့် ကို့ဟိုင်အား ကြောင်အမ်းအမ်းဖြင့် ကြည့်နေကြသည်။

ကို့ဟိုင်က ဒေါသကြီးစွာဖြင့်....

'အသင်တို့ အမြန်ဆုံးအထဲဝင်ခဲ့'

ဟု ပြောကာ အဆောင်ထဲသို့ လှမ်းဝင်သွားလေတော့သည်။

လူနှစ်ယောက်က အချင်းချင်း အပြန်အလှန် ကြည့်ကာ အဆောင်ထဲသို့ ဝင်သွားလေတော့သည်။

* * *

ကို့ဟိုင်၏ ခန္ဓာကိုယ်မှာ အဝလွန်သောကြောင့် ဒေါသ ထွက်လာသောအခါ ပို၍ မောဟိုက်နေလေသည်။



သူသည် အထူးပြုလုပ်ထားသော ကုလားထိုင်ပေါ်တွင် ထိုင်၍ အတန်ကြာသည့်အထိ စကားမပြောနိုင်သေးဘဲ ရှိနေသည်။

ထိုလူနှစ်ယောက်က သူ့ရှေ့တွင် ခေါင်းငုံ့၍ မလှုပ်မယှက် ရပ်နေကြလေသည်။

အတန်ကြာတော့မှ....

ကို့ဟိုင်က ထိုလူနှစ်ယောက်ကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

'အသင်တို့က ပေါင်ချင်းထန်းကို သတ်ခဲ့ပြီလို့ ဘာကြောင့် လာပြီး လိမ်ညာပြောဆိုရတာလဲ'

ဟု မေးလိုက်လေသည်။

ထိုလူနှစ်ယောက်က ပြိုင်တူ ခေါင်းမော့ လာကြလေတော့သည်။

'ကျွန်တော်မျိုးတို့ နှစ်ယောက်က သေသေချာချာ လက်နက်ပုန်းနဲ့ ပစ်ခဲ့တာပဲ၊ ပေါင်ချင်းထန်းရဲ့ အော်သံကိုလဲ ကြားခဲ့ရပါတယ်၊ အခု ဘာဖြစ်လို့ပါလဲ ဝန်မင်း'

ကို့ဟိုင်က သူတို့အား စိုက်ကြည့်လိုက်၏။

'မင်းတို့က လက်နက်ပုန်းနဲ့ပစ်ပြီး သေသေချာချာမကြည့်ဘဲ ပြန်ပြေးလာကြတာကိုး'

ထိုလူနှစ်ယောက်က ပြိုင်တူ ခေါင်းညိတ် လိုက်လေတော့သည်။

'ဟုတ်ပါတယ် ဝန်မင်း'

'ဝုန်း....'

ကို့ဟိုင်က ကုလားထိုင်လက်တန်းကို လက်ဝါးဖြင့် ပုတ်လိုက်လေသည်။

'မင်းတို့ဟာ ထိပ်တန်းလူသတ်သမားတွေပဲ၊ ဘာဖြစ်လို့ ဒီလောက်တောင်မှ အသုံးမကျကြရတာလဲ'

သူက စကားဆက်လိုက်၏။

'အခု ပေါင်ချင်းထန်းက မသေသေးဘူးလေ၊ ငါ့ဒီကနေ့ ဘုရင်မင်းမြတ်ကို ခစားတာမှာ သူ့ကို တွေ့ခဲ့ရတဲ့အပြင် ငါ့ကို မထီလေးစား ပြောသွားတာ ခံခဲ့ရသေးတယ်'

ထိုလူနှစ်ယောက်က အလွန်အံ့သြကုန်ကြလေသည်။

သူတို့က ပြိုင်တူ ဒူးထောက်၍....

'ကျွန်တော်မျိုးတို့ သေချာမကြည့်မိတာ မှားပါတယ်၊ ပေးတဲ့အပြစ်ကို ခံပါ့မယ်'

ဟု တောင်းပန်ကြလေသည်။



ကို့ဟိုင်က—

'ငါ့ရဲ့ လူဆယ်ယောက်ထဲမှာ အသင်တို့ နှစ်ယောက်ဟာ အားအကိုးရဆုံးမို့ ဒီတာဝန်ကို ပေးခဲ့တာပါ အခုတော့....'

ထိုလူနှစ်ယောက်က ဒူးထောက်၍ တောင်းပန်လိုက်လေသည်။

'ကျွန်တော်မျိုးတို့ကို တာဝန်ထပ်ပေးပါ၊ ဒီတစ်ခါ ပေါင်ချင်းထန်းရဲ့ ဦးခေါင်းကို ဖြတ်ပြီး ဝန်မင်းရှေ့အရောက် ဆက်သပါ့မယ်'

ကို့ဟိုင်သည် ထိုစကားကို ကြားလိုက်ရသောအခါကျမှ မျက်နှာထား အနည်းငယ် ပျော့ပျောင်း သွားလေတော့သည်။

'အိမ်း....ဒီတစ်ကြိမ် အသင်တို့ကို ခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ကြိမ် ယခုလို ဖြစ်ခဲ့ရင် ငါ့ဆီကို အသက်ရှင်လျက်နဲ့ ပြန်မလာရဘူး'

ထိုလူနှစ်ယောက်၏ ခန္ဓာကိုယ်က မသိမသာ တုန်ခါသွားခဲ့ကြလေသည်။

သူတို့က ကို့ဟိုင်၏ စကားအဓိပ္ပာယ်ကို ကောင်းစွာနားလည်ထားကြသည် မဟုတ်ပါလော။

သူတို့က ပြိုင်တူ ခေါင်းညိတ်လိုက်သည်၊

'ဟုတ်ကဲ့ပါ ဝန်မင်း'

ကိုဟိုင်က လက်တစ်ချက်ဝှေ့ယမ်းလိုက်သည်။

'အသင်တို့ ထလိုက်ကြပါ'

ထိုလူနှစ်ယောက် ပြိုင်တူ ထရပ်လိုက်သည်။

ကိုဟိုင်က ထိုသူနှစ်ယောက်အား စိုက်ကြည့်လိုက်ပြီးမှ…

'အသင်တို့နှစ်ယောက် အသုံးမကျတာနဲ့ အခြေအနေဟာ ဒီပြီး ဆိုးဝါးလာပြီ၊ အသင်တို့ သေသေချာချာ မှတ်သားထားပြီး ဘာဆက်လုပ်ရမယ်ဆိုတာကို သေချာစဉ်းစားကြပါ'

ထိုလူနှစ်ယောက်က ပြိုင်တူ ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့ပါ ဝန်မင်း'

ကိုဟိုင်က တခဏကြာအောင် စဉ်းစားပြီးမှ…

'အခုချိန်ကစပြီး အသင်တို့အဖွဲ့ ဆယ်ယောက်ဟာ အမြဲတမ်း စုစည်းနေကြပါ၊ ဒါမှလဲ အရေးပေါ်ရင် အဆင်သင့် လှုပ်ရှားလို့ ရမယ်'

ထိုလူနှစ်ယောက်က ပြိုင်တူ ခေါင်းညိတ် လိုက်သည်။

'ဟုတ်ကဲ့ပါ ဝန်မင်း'

ကိုဟိုင်က စကားဆက်လိုက်သည်။



'ငါ့ဝှက်ထားတဲ့ ဆယ်ယောက်စလုံးဟာ ပညာရပ်တစ်မျိုးစီ ထူးချွန်ကြပါတယ်'

ထိုလူနှစ်ယောက်က ပြိုင်တူ ခေါင်းညိတ် လိုက်သည်။

'မှန်လှပါ ဝန်မင်း'

ကိုဟိုင်က ဆက်လက် ညွှန်ကြားလိုက်သည်။

'အခု အသင်တို့ဆယ်ယောက်ဟာ ပေါင်ချင်းထန်းရဲ့ လှုပ်ရှားမှုမှန်သမျှကို မျက်ခြေမပြတ် စောင့်ကြည့်ပါ၊ ပြီးရင် ငါ့ဆီကို အကြောင်းပြန်ရမယ်'

ထိုလူနှစ်ယောက်က ပြိုင်တူ ခေါင်းညိတ်လိုက်သည်။

'အမိန့်အတိုင်းပါ'

ကိုဟိုင်က စကား ဆက်လိုက်သည်။

'အသင်တို့ရဲ့ တစ်ကြိမ်တစ်ခါ မအောင်မြင်ခဲ့တဲ့ လုပ်ရပ်ကြောင့် အခုဆိုရင်ပေါင်ချင်းထန်းရဲ့ ကိုယ်ရံတော်နှစ်ယောက်က သတိကြီးကြီးနဲ့ စောင့်ကြပ်နေကြမှာ သေချာနေပြီ'

ထိုလူနှစ်ယောက်က ပြိုင်တူ ခေါင်းညိတ် ပြလိုက်သည်။

ကိုဟိုင်က စကားဆက် လိုက်သည်။

'ဘာပဲဖြစ်ဖြစ် မင်းတို့က အခွင့်အရေးရရင်ရသလို ပေါင်ချင်းထန်းကို သတ်ပစ်လိုက်ကြပါ'

ထိုလူနှစ်ယောက်က ပြိုင်တူ ခေါင်းညိတ် လိုက်သည်။

'မှန်လှပါ'

ကို့ဟိုင်က ခေါင်းညိတ် လိုက်သည်။

'လောလောဆယ်သည်တာဝန်ကိုပဲ ဆောင်ရွက်ပါ၊ အခြေအနေပြောင်းလဲလာရင် ပြောင်းလဲလာသလို ဆက်ပြီး ညွှန်ကြားမယ်၊ အသင်တို့ကသာ ကိုယ့်တာဝန်ကိုယ် ကျေပွန်ကြပါစေ'

ထိုလူနှစ်ယောက်က ပြိုင်တူ ခေါင်းညိတ် လိုက်သည်။

'မှန်လှပါ ဝန်မင်း'

ကို့ဟိုင်က လက်တစ်ချက် ဝှေ့ယမ်း လိုက်သည်။

'အသင်တို့ သွားနိုင်ပါပြီ'

ထိုလူနှစ်ယောက်က လေးစားစွာ ဦးညွှတ်ကာ အဆောင်ထဲမှ ထွက်ခွာသွားကြ လေတော့သည်။

* * *



ကို့ဟိုင်သည် မိမိ၏သြဇာအာဏာ ခိုင်မြဲစေရန်အတွက် ယခုကဲ့သို့ ကြေးတန်းစား လူသတ်သမားဆယ်ယောက်ကို စုစည်းကာ အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းထားခဲ့ခြင်း ဖြစ်ပေသည်။

ထိုလူနှစ်ယောက်မှာ အဖွဲ့၏ ပထမ ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်တို့ ဖြစ်ကြပေသည်၊

သူတို့၏အဖွဲ့သည် အရေးပေါ်ကိစ္စများမရှိ၍ အေးအေးချမ်းချမ်း နေထိုင်ခဲ့ကြသည်မှာ နှစ်အတန် ကြာခဲ့ လေပြီ၊

ယခုမှာမူ အလွန်အရေးကြီးသော လုပ်ငန်းများဖြစ်ပေါ်လာသည် မဟုတ်ပါလော၊

ထို့ကြောင့် ပထမခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်တို့သည် တာဝန်များထမ်းဆောင်နိုင်ရန် ကျန်ရှိသော လူရှစ်ယောက်ထံသို့ သွားရောက်သတင်းပို့ရမည် မဟုတ်ပါလော။

* * *

ပေါင်ချင်းထန်းသည် တောင်နန်းစံ မိဖုရား၏ အမှုမှာ အဓိကအကျဆုံးသော တရားခံမှာ ကို့ဟိုင် ဖြစ်ကြောင်းကို ကောင်းစွာသိရှိထား၏။

သို့သော် ကို့ဟိုင်အား တရားစွဲဆိုရန် သက်သေအထောက်အထားဟူ၍ မိမိလက်ထဲ၌ မရှိပါချေ။

ထို့ပြင် မြောက်နန်းဆံမိဖုရားနှင့်လည်း ပတ်သက်နေသော အမှုဖြစ်၍ ပေါင်ချင်းထန်းအဖို့ အလွန်ခက်ခဲသည့် ပြဿနာများကို ရင်ဆိုင်ရမည့်အပြင် တစ်ချက်လွဲချော်သွားပါလျှင် ထိုအမှုကို မဖော်နိုင်သည့်အပြင် ဦးခေါင်းနှင့်ခန္ဓာကိုယ် အိုးစားကွဲရပေလိမ့်မည်။

ဤအမှုကို ကိုင်တွယ်ရာတွင် လွန်ခဲ့သော တစ်ဆယ့်ရှစ်နှစ်က ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို စုဆောင်းနိုင်ရမည့်အပြင် ခိုင်မာသည့် သက်သေ အထောက်အထားသည်း ရှိရန် လိုအပ်နေလေသည်။

ယင်းသို့ သက်သေအထောက်အထားများ မရရှိပါလျှင် သူက မည်သို့မျှ မတတ်သာပါချေ။

ထို့ကြောင့် သူက အလွန်စိတ်ရှုပ် နေမိလေတော့သည်။

* * *



ရှစ်လ....

တစ်ဆယ့်ငါးရက်....

မုန့်ရာသီပွဲတော် ဖြစ်သည်။

ပွင့်လင်းရာသီလည်း ဖြစ်နေသောကြောင့် ကောင်းကင်ပေါ်၌ ထိန်ထိန်လင်းနေသော လဝန်းကြီးသည် ကမ္ဘာမြေတလွှားအား နေ့ဘက်ဟုပင် ထင်ရလောက်အောင် အလင်းရောင် ပေးစွမ်းထား လေသည်။

ပေါင်ချင်းထန်းက ဥယျာဉ်ထဲသို့ဆင်း၍လှပသောလဝန်းကိုကြည့်၍ အမွှေးတိုင်များထွန်းညှိကာ ကောင်းကင်ပေါ်သို့ မော့၍ ရှိခိုးကန်တော့နေ၏။

သူသည် ထိုအမှုအတွက် ရတက်မအေးနိုင်ပဲ ပင့်သက်တစ်ချချ ဖြစ်နေစဉ်....

သူ၏မျက်လုံးအစုံက အမှတ်မထင် အရှေ့ဘက်ဆီသို့လှမ်း ကြည့်လိုက်မိသည်။

လရောင်အောက်တွင် နန်းတွင်းရှိ အဆောက်အဦးတစ်ခုမှာ ရွှေရောင်တဝင်းဝင်းတောက်ပနေခြင်းကို မြင်တွေ့လိုက်ရသည်။

ရုတ်တရက် အကြံတစ်ချက်သည် သူ၏ ဦးနှောက်ထဲသို့ တိုးဝင်လာလေသည်။

သူ မြင်တွေ့ လိုက်ရသော ရွှေရောင် တောက်နေသည့် အဆောင်မှာ နန်းအဆက်ဆက်မှတ်တမ်းများ၊ သမိုင်းဝင်စာအုပ်များထားရှိသော အဆောက်အဦးပင် ဖြစ်သည်။

သူသည် ထိုအဆောင်အား မြင်တွေ့လိုက်သောအခါ စိတ်ကူးတစ်ခု ရရှိလာလေသည်။

ထိုအဆောင်သို့သွားရောက်၍ လွန်ခဲ့သော တစ်ဆယ့်ရှစ်နှစ်က မှတ်တမ်းတင်ထားသော ရာဇဝင်များကို ၎င်းနန်းတွင်းရှိ အမှုထမ်းအမည်များကို ၎င်းရှာဖွေ၍ ရနိုင်မည်ဟု ယုံကြည်လေသည်။

သူက အလွန်ဝမ်းသာသွားမိသည်။

မိမိ၏အမှုအတွက် မျှော်လင့်ချက်ရောင်ခြည် သမ်းလာမည်ဟု မျှော်လင့်၍ ရလေသည်။

သူကအကြိမ်ကြိမ် ဘုရားဝတ်ပြုပြီးနောက် အိပ်ဆောင်သို့ဝင်ကာ အိပ်စက်ခဲ့လေသည်။

သူရှမ်းရှမ်းရွာကလေးမှ ပြန်လည်ရောက်ရှိလာသည့်နေ့မှစ၍ တစ်ညတာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နိုင်ခဲ့ လေတော့သည်။

* * *



နောက်တစ်နေ့....

ပေါင်ချင်းထန်းက နန်းစဉ်မျိုးဆက် မှတ်တမ်းဆောင်သို့သွားကာ အဆောင်မှူးထံမှ သော့ကိုတောင်းယူ၍အဆောင်ထဲသို့ဝင်လာခဲ့သည်။

သူက အဆောင်ထဲသို့ရောက်ရှိသွားသည်နှင့် တံခါးကိုသေချာစွာ ပြန်လည် ပိတ်ထားလိုက်သည်။

ထို့နောက် လွန်ခဲ့သော တစ်ဆယ့်ရှစ်နှစ်ခန့်က မှတ်တမ်းများကို ရှာဖွေစုဆောင်း၍ ဖတ်ရှုကြည့်နေ လေတော့သည်။

* * *

ကို့ဟိုင်....

ကို့ဟိုင်သည် ညစဉ်ညတိုင်း မိမိ၏လူများက ပို့သသော အစီရင်ခံစာ သတင်းများကို နေ့စဉ် သေချာစွာစစ်ဆေးလေသည်။

သို့သော် ပေါင်ချင်းထန်း၏ လှုပ်ရှားမှုများကို ထူးထူးခြားခြား မတွေ့ရပါ။

သူက ကျေနပ်စွာ ပြုံးလိုက်သည်။

'ပေါင်ချင်းထန်း အသင်ဟာနတ်မဟုတ်ဘူး၊ လူသားတစ်ယောက်ပါ၊ ဒါကြောင့်လွန်ခဲ့တဲ့ တစ်ဆယ့်ရှစ်နှစ်က အမှုကို ဘယ်နည်းနဲ့မှ မဖော်ထုတ်နိုင်ပါဘူး၊ အသင့်ရဲ့ ခြေလှမ်းတစ်ချက် မှားယွင်းသွားပါစေ အကျွန်ုပ်က အသင့် ဦးခေါင်းကို ဖြတ်ပစ်မယ်'

ဟု ကြိမ်းဝါးနေခဲ့လေသည်။

ယခုမှာမူ သူကကြားရသော သတင်းတစ်ခုကြောင့် သူ၏ အသည်းနှလုံးအားလက်သီးနှင့် ထိုးလိုက်သကဲ့သို့ ခံစားလိုက်ရလေသည်။

'ဟာ....'

ဟု လွှတ်ခနဲ အသံထွက်သွား၏။

တစ်ဆက်တည်းမှာပင်သူက လှမ်းအော်လိုက်သည်။

'နံပါတ်တစ် လာစမ်း'

နံပါတ်တစ်ဆိုသူမှာ လက်မရှိကြေးစားအဖွဲ့မှ ပထမ ခေါင်းဆောင်ဖြစ်လေသည်၊

ထိုအဖွဲ့တွင်ပါရှိသောလူများအား အမည်ကို ဖျောက်ထားကာ နံပါတ်စဉ်ဖြင့် ကိုယ်စား ခေါ်ဝေါ်ကြသည်။



နံပါတ်တစ်က ကို့ဟိုင်ရှေ့တွင် ခြေစုံရပ်၍ အရိုအသေပြု လိုက်လေသည်။

'ရောက်ရှိလာပါပြီ ဝန်မင်း'

ကို့ဟိုင်ကသူ့အား မော့ကြည့်လိုက် လေသည်။

'ပေါင်ချင်းထန်း မှတ်တမ်းဆောင်ထဲ ဝင်သွားတာကို မင်းတို့ သတင်းပို့ထားပြီး ဘယ်အချိန် ပြန်ထွက်သွားတယ်ဆိုတာ ဖော်မပြ မထားဘူး၊ နောက်ပြီး သူဘာတွေလုပ်ဆောင်သွားတယ်ဆိုတာ မင်းတို့က သတိမထားမိဘူးလား'

နံပါတ်တစ်က ဤသို့ ရှင်းပြလိုက်၏၊

'ဒီလိုပါ ဝန်မင်း....ကျွန်တော်မျိုးတို့ သတင်းပို့တဲ့အချိန်ထိ ပေါင်ချင်းထန်းက အဆောင်ထဲက ထွက်မလာသေးပါဘူး'

ကို့ဟိုင်၏ မျက်နှာ လေးနက် တည်ကြည် လာလေတော့သည်။

သူက စကားမပြောဘဲ စဉ်းစားနေ၏။

တစ်ခဏကြာသောအခါ....

သူက ခေါင်းကို ဆတ်ခနဲ မော့ကြည့် လိုက်လေတော့သည်။

'နံပါတ်တစ်....'

နံပါတ်တစ်က ဦးညွှတ်လိုက်သည်။

'အမိန့်ရှိပါ ဝန်မင်း'

ကိုဟိုင်က သူ့အား စိုက်ကြည့်ကာ....

'မင်း သေသေချာချာ နားထောင်ပါ၊ မင်းအဖွဲ့ထဲက လူတစ်ယောက်ကို လွှတ်လိုက်ပါ ပေါင်ချင်းထန်း ထွက်မလာမချင်း စောင့်နေပါ'

နံပါတ်တစ်က ထပ်မံ ဦးညွှတ်လိုက်၏။

'မှန်လှပါ ဝန်မင်း'

ကိုဟိုင်က ဆက်၍ မှာကြားလိုက်သည်။

'သူ အဆောင်ထဲက ထွက်လာတဲ့အခါ လက်ထဲမှာ ဘာတွေပါလာသလဲဆိုတာ သေချာစောင့်ကြည့်ပါ'

နံပါတ်တစ်က ဦးညွှတ်လိုက်၏။

'မှန်လှပါ ဝန်မင်း'

ကိုဟိုင်က ခပ်ညိုညိုကြည့်လေးနက်သော မျက်နှာထားဖြင့်....



'အကယ်၍ သူ့လက်ထဲမှာ မှတ်တမ်းပါလာသည်ဖြစ်စေ၊ စာရွက်စာတမ်း ပါလာသည်ဖြစ်စေ သူ့လက်ထဲက ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ရအောင် ယူခဲ့ပါ'

နံပါတ်တစ်က တုံ့ဆိုင်းဆိုင်း ဖြစ်နေ၏။

ကိုဟိုင်က မျက်မှောင်ကုတ် ကြည့်လိုက် လေတော့သည်၊

'ဘာလဲ မင်းက သူ့ကို ကြောက်နေလို့လား'

နံပါတ်တစ်က ခေါင်းခါယမ်းလိုက်သည်။

'ပေါင်ချင်းထန်းကို မကြောက်ပါဘူး၊ ဒါပေမယ့်...မှတ်တမ်းစာအုပ်ကို လုယူတယ်ဆိုရင် သေဒဏ်သင့် ခံရမှာမို့ပါ...'

ကိုဟိုင်က တည်ကြည်သော မျက်နှာထားဖြင့်....

'ဒီကိစ္စမပူပါနဲ့ ဇဂါတစ်ယောက်လုံးရှိတယ်၊ မင်းတို့အတွက် တာဝန်ယူတယ်'

သူက စကားဆက်လိုက်သည်၊

'အေး....မင်းတို့က သူ့လက်ထဲက ပစ္စည်းကို လုယူနိုင်ခဲ့မယ်ဆိုရင် မင်းတို့ကို ရွှေငါးဆယ်သားစီ ပေးမယ်'

နံပါတ်တစ်၏ ဟန်မူရာ ပြောင်းလွဲသွားလေသည်။

သူက ရင်ကော့လိုက်သည်။

'စိတ်ချပါ ဝန်မင်း'

ကို့ဟိုင်က လက်တစ်ချက် ဝှေ့ယမ်းပြလိုက်လေတော့သည်။

'သွားတော့ ဒီကိစ္စကို အမြန်ဆုံးဆောင်ရွက်ပါ'

နံပါတ်တစ်က ခြေလှမ်းသုတ်သုတ်ဖြင့် ထွက်ခွာသွားလေတော့သည်။

*　　*　　*

နေလုံးကြီးက ပျောက်ကွယ်သွားပြီ ဖြစ်ပါလေတော့သည်။

အမှောင်ထုက လေးဖက်လေးတန်မှ ချင်းနင်းဝင်ရောက်လာလေသည်။

နန်းစဉ်မျိုးဆက် မှတ်တမ်းဆောင်၏ ပတ်ဝန်းကျင်တစ်ခုလုံးတွင် ကို့ဟိုင်၏ ကြေးစားလက်မရှုံ့သမားများက ကိုယ်ရောင်ဖျောက်ကာ စိုင်းရုံထားလေသည်။



သူတို့သည် ဤကဲ့သို့ စိုင်းရုံထားခြင်းမှာ နေမဝင်ကတည်းကဖြစ်၏။

ယခုအချိန်ထိတိုင်အောင်....

ပေါင်ချင်းထန်းက ထွက်လာခြင်း မရှိသေးပါချေ။

နံပါတ်တစ်က စောင့်ရင်း စိတ်မရှည်နိုင်တော့ပါချေ။

'ဒီလူက အခုချိန်ထိ ထွက်မလာသေးဘူး၊ အထဲမှာ သေများ သေနေပြီလား'

နံပါတ်နှစ်က....

'ရှူး....တိုးတိုး ဟိုမှာ လူလာနေတယ်'

သူက ပြောရင်း အဆောင်ထဲသို့ ဝင်သည့်လမ်းအား လက်ညှိုးညွှန်ပြလိုက်သည်။

နံပါတ်တစ်က လှမ်းကြည့်လိုက်၏။

ပေါင်ချင်းထန်း၏ ကိုယ်ရံတော်များ ဖြစ်ကြသော ကျန်ကျောင်းနှင့် ချိုဟူတို့အား မြင်တွေ့လိုက်ရသည်။

သူ၏ ရင်ထဲ၌ လေးလံလာမိလေသည်။

သူတို့သည် ကျန်ကျောင်းနှင့် ချိုဟူတို့အား တစ်ကြိမ်တစ်ခါမျှ ဝင်ရောက်တိုက်ခိုက်ခြင်း မပြုခဲ့သေးပါ။

သို့သော်....

ထိုလူနှစ်ယောက်၏ တိုက်ခိုက်မှု စွမ်းရည်ကို ကောင်းစွာ သိထားကြလေသည်။

ထိုလူနှစ်ယောက်ရောက်လာခဲ့ပါလျှင် မိမိတို့အတွက်မလွယ်ကူကြောင်း သိရှိလိုက်၏။

ယင်းအချိန်...

ကျန်ကျောင်းနှင့် ချီဟူတို့သည် အဆောင်၏ တံခါးဝသို့ ရောက်လာလေသည်။

ကျန်ကျောင်းက....

ဤသို့ အော်ခေါ်လိုက်၏။

'တရားသူကြီးမင်း'

သူ၏ ခေါ်သံဆုံးသွားသည်နှင့် အဆောင်တံခါးပွင့်သွားလေသည်။

ပေါင်ချင်းထန်းက အဆောင်ထဲမှ လှမ်းထွက်လာလေသည်။

သူ၏ မျက်နှာတစ်ခုလုံးမှာ ကြည်ကြည်လင်လင် ဖြစ်နေခြင်းကို တွေ့မြင်လိုက်ရလေသည်။

ကျန်ကျောင်းက ဦးညွှတ်လိုက်၏။



'တရားသူကြီးမင်း မနက်ကတည်းက ဒီကို ထွက်သွားတာ ခုချိန်ထိ ပြန်မရောက်သေးလို့ ကျွန်တော်မျိုးတို့က စိတ်ပူပြီး လိုက်လာတာပါ'

ပေါင်ချင်းထန်းက လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး....

'အင်း....ကျွန်ုပ်လဲ မှတ်တမ်းတွေ ဖတ်ကောင်းကောင်းနဲ့ ဖတ်နေတာ အချိန်ကုန်မှန်းမသိ ကုန်သွားခဲ့ပါတယ်'

ကျန်ကျောင်းက သူ့အား ကြည့်လိုက်သည်။

'အခု ပြန်ကြမယ် မဟုတ်လား တရားသူကြီးမင်း'

ပေါင်ချင်းထန်းက ခေါင်းညိတ်လိုက်သည်။

'အေး....ပြန်မယ်'

ချီဟူက သူ့အား ကြည့်လိုက်သည်။

'ဒါနဲ့ တရားသူကြီးမင်းဆီမှာ ဘာမှမပါလာပါလား'

ပေါင်ချင်းထန်းက မိမိ၏ ဦးခေါင်းကို လက်ညှိုးဖြင့် ထောက်ပြလိုက်သည်။

'ငါသိချင်တဲ့ အချက်တွေ အားလုံးမှတ်ထားပြီး ၊ ဒီထဲက မှတ်တမ်းကို မယူတာဘဲ ကောင်းတယ်၊ တစ်စုံတစ်ခု ပျောက်ဆုံးသွားရင် ကြီးလေးတဲ့ အပြစ်ခံရလိမ့်မယ်'

ချီဟူက ခေါင်းညိတ်လိုက်သည်။

'ကောင်းပါတယ် ဒါမှ ဘယ်သူမှ လာလုယူလို့မှမရမှာ....'

ပေါင်ချင်းထန်းက ကျေနပ်စွာ ပြုံးလိုက်သည်။

'မှန်တာပေါ့ကွာ'

သူက အဆောင်တံခါးသော့ကို ခင်ကာ သော့တွဲအား ချိုဟူ၏ အလက်ထဲသို့ ပေးအပ်လိုက်သည်။

'ကျွန်ုပ် ကျန်ကျောင်းတို့နှင့် ပြန်နှင့်မယ်၊ အသင်က သော့တွဲကို အဆောင်မှူးလက်ထဲ အပ်ပြီးမှ ပြန်လာခဲ့ပါ'

ထို့နောက်....

ပေါင်ချင်းထန်းနှင့် ကျန်ကျောင်းတို့က အဆောင်ရှေ့မှ ထွက်ခွာသွားကြလေသည်။

ချိုဟူဘမူ အဆောင်မှူးထံသို့ သော့တွဲကို သွားရောက်အပ်နှံပြီးမှ ပေါင်ချင်းထန်းတို့ ထံသို့ ပြေးလွှားလိုက်သွားလေသည်။

သူတို့သုံးယောက်မြင်ကွင်းမှ ပျောက်ကွယ်သွားသောအခါ နံပါတ်တစ်က လေပူတစ်[illegible]က် မှုတ်ထုတ်လိုက်သည်။

'တော်ပါသေးရဲ့....တရားသူကြီးက ဘာမှယူမလာလို့ပေါ့'

နံပါတ်နှစ်က မျက်မှောင်ကုတ်လိုက်သည်၊

'ဒါပေမယ့် သူက ဦးခေါင်းထဲမှာ မှတ်သွားတယ်လို့ ပြောတာ အသင်မကြားဘူးလား'

နံပါတ်ဘစ်က ခေါင်းညိတ်လိုက်၏။

'ကြားပါတယ်....သူ့ခေါင်းထဲမှာ မှတ်သွားတာကို ကျွန်ုပ်တို့က ဘာတတ်နိုင်မှာလဲ'

နံပါတ်နှစ်က တွေဝေသွားမိလေသည်၊



'ဒါလဲ ဟုတ်ပါတယ်'

နံပါတ်တစ်က အဖွဲ့သားများ အားလုံးကို လက်တစ်ချက်ဝှေ့ယမ်းပြလိုက်သည်။

'ကဲ....ကျွန်ုပ်တို့ အားလုံး ဝန်မင်းဒီကို အမြန်သွားကြမယ်၊ အခုလောက်ဆိုရင် ဝန်မင်းက မေ[illegible]လောက်ပြီ'

ထို့နောက် သူတို့အားလုံး ယင်းနေရာမှ ပြေးလွှားပျောက်ကွယ်သွားကြလေတော့သည်။

လွင်စာပေ

## ခရေပန်း ကျေးရွာသို့

ပေါင်ချိုင်းထန်းသည် မိမိ၏ရုံးတော်သို့ ပြန်လည်ရောက်ရှိလာသောအခါ ဦးခေါင်းထဲတွင် မှတ်သားထားသော အချက်အလက်များကို စာရွက်ပေါ်သို့ ပြန်လည်ရေးချ လိုက်လေသည်။

သူသည် လွန်ခဲ့သော တစ်ဆယ့်ရှစ်နှစ်က ဖြစ်ပျက်ခဲ့သော နန်းတွင်းမှတ်တမ်းများကို ဖတ်ရှုပြီးသေချာစွာ စမ်းစစ်လိုက်သည့်အခါ ရှန်းရှန်းကျေးရွာမှ မျက်မမြင် အမျိုးသမီးကြီးတိုင်ကြားခဲ့သော အမှုမှာ မှန်ကန်နေကြောင်း တွေ့ရလိုက်ရသည်။



ဤအမှုကို မိမိက စတင်ရုံးတင်၍ စစ်ဆေးနိုင်ရန် အချက်အလက်များ ရရှိထားသော်လည်း တရားခံအဖြစ် ရုံးတင်စစ်ဆေးရမည့် လူများမှာ တစ်တရားခံသည် လက်ရှိသြဇာအာဏာအလွန်ရှိသော အတွင်းဝန်မင်း ကိုဟိုင်ဖြစ်သည်။

ဒုတိယတရားခံမှာ ကေရာဇ်ဘုရင်မင်း၏ မယ်တော်ဖြစ်သည်။

တတိယတရားခံမှာ လက်ရှိ ကေရာဇ်ဘုရင်ဖြစ်သည်။

ကေရာဇ်ဘုရင်၏ အပြစ်မှာ မိမိအားမွေးဖွားသော မိခင်အရင်းကို ပစ်ပယ်ကာ မိခင်အား လုပ်ကြံခဲ့သော မြောက်နန်းစံမယ်တော်အား မိခင်ရင်းဟု အသိအမှတ် ပြုထားခြင်းပင်....

သို့သော်....

ကေရာဇ်ဘုရင်သည် အခင်းဖြစ်ပွားသော အချိန်တွင် မွေးကင်းစ အရွယ်သာဖြစ်သောကြောင့် ဤအကြံအစည်ကိုလုံးဝမသိခဲ့ရှာပါချေ။

ထို့ကြောင့် သူ့အား တရားခံစာရင်းမှ အလိုအလျောက် ပယ်ဖျက်ပြီး ဖြစ်နေလေသည်။

ယခု....

ပေါင်ချင်းထန်းသည် အလွန်အရေးကြီးသော ပြဿနာတစ်ခုနှင့် ရင်ဆိုင်နေရသည်မှာ ကေရာဇ်ဘုရင်က မိမိအပေါ် ဖြည့်အဝ ယုံကြည်ရန်သာဖြစ်သည်။

ကေရာဇ်ဘုရင်က အယုံအကြည်မရှိပါလျှင် သူက ထိုအမှုကို စစ်ဆေးပိုင်ခွင့် လုံးဝရရှိတော့မည် မဟုတ်ပါ။

ထို့ကြောင့် လက်ရှိ ယခုလုပ်ဆောင်ရမည့် အရေးအကြီးဆုံးအလုပ်မှာ ကေရာဇ်ဘုရင်က မိမိအပေါ် စိတ်ချယုံကြည်ရန်သာဖြစ်သည်။

ကေရာဇ်ဘုရင်က စိတ်ချယုံကြည်ရန်မှာလည်း ခိုင်လုံသောအထောက်အထား ပြနိုင်ရပေမည်။

ထို့ကြောင့် သူက နန်းတွင်းသခင်းတော်ကြီး ချန်းထိုက်အိထံသို့ သွားရောက်ရန်ဖြစ်သည်။

ချန်းထိုက်အိ၏ မှတ်တမ်းအရ လွန်ခဲ့သော တစ်ဆယ့်ရှစ်နှစ်က ကျန်းမာရေးကို အကြောင်းပြကာ အနားယူသွားခဲ့လေသည်။

သူသည် ဟိုပိုင်နယ် ရေပန်းကျေးရွာတွင် နေထိုင်ကြောင်း မှတ်တမ်းအတွင်း၌ ဖော်ပြထားလေသည်။

သို့ရာတွင် ပေါင်ချင်းသန်းက စိုးရိမ်သောအချက်တစ်ချက် ရှိနေသေးသည်။

ထိုအချက်မှာ ချန်းထိုက်အိက နန်းတော်မှ အနားယူသွားခဲ့သည်မှာ တစ်ဆယ့်ရှစ်နှစ်လုံးလုံး ကြာခဲ့လေပြီ။



ထို့ကြောင့် ချန်းထိုက်အိက အသက်ရှင်လျက် ကျန်ရစ်နေပါဦးမည်လော။

မည်သို့ဆိုစေ....

သူက ရေပန်းကျေးရွာသို့ မဖြစ်မနေ သွားရောက်၍ ချန်းထိုက်အိနှင့် တွေ့ဆုံရန် ကြိုးစားရပေတော့မည်။

သူက ယင်းသို့ စဉ်းစားမိလိုက်သည်နှင့် ချိုဟူအားရုံးတော်၌ ထားခဲ့ပြီး ကျန်ကျောင်းနှင့် အတူ ထွက်ခဲ့ကြလေတော့သည်။

* * *

အတွင်းဝန်မင်း ကို့ဟိုင်....

အတွင်းဝန်မင်း ကို့ဟိုင်သည် ဉာဏ်ပညာ ပြည့်စုံသော လူတစ်ယောက်ဖြစ်သည်။

ထို့ကြောင့် သူက လွန်ခဲ့သော တစ်ဆယ့်ရှစ်နှစ်တုန်းက မိမိတို့၏ အမှုအခင်းကို သိရှိနေမည့် နန်းတော်ဝန်ထမ်းများအား ပြန်လည်စဉ်းစား နေလေသည်။

ရုတ်တရက် သူက သမားတော်ကြီး ချန်းထိုက်အိအား သတိရလိုက်မိလေသည်။

ဤအမှုတွင် ချန်းထိုက်အိသည် အလွန်အရေးကြီးသော သက်သေခံ တစ်ယောက်အဖြစ် ကျန်ရစ်ခဲ့သည်။

သို့သော် အချိန်ကာလ တစ်ဆယ့်ရှစ်နှစ်တိုင်တိုင် ရှိခဲ့ပြီ ဖြစ်သောကြောင့် ချန်းထိုက်အိက အသက်ရှင်လျက် ရှိဦးမည် လော။

သို့သော် မည်သို့ဆိုစေ ခုအခါတွင် ချန်းထိုက်အိမှာ အသက်ရှင်လျက် ရှိနေခဲ့ပါလျှင် မိမိအတွက်များစွာ အန္တရာယ် ပေးလာနိုင်ကြောင်း ဆင်ခြင်သုံးသပ်မိသည်။

ထို့ကြောင့်....

ခရေပန်းကျေးရွာသို့ မိမိ၏ လူယုံတော်များကို အမြန်ဆုံး စေလွှတ်ရန် ဆုံးဖြတ်လိုက်တော့သည်။

သူက ချက်ချင်းပင် မိမိ၏ လူယုံတော် နံပါတ်တစ်နှင့် နံပါတ်နှစ်တို့အား ဆင့်ခေါ်လိုက်သည်။

နံပါတ်တစ်နှင့် နံပါတ်နှစ်တို့ကလည်း ချက်ချင်းပင် သူ့ ရှေ့မှောက်သို့ ရောက်ရှိလာကြလေသည်။

သူက တိုတိုတုတ်တုတ်ပင် အမိန့်ပေးလိုက်သည်။

'အသင်တို့ ဟိုပိုင်နယ် ခရေပန်းကျေးရွာကို သွားပါ။ အဲဒီမှာ သမားတော်ကြီး ချန်းထိုက်အိဆိုတဲ့လူ ရှိတယ်၊ သူ့ ကိုတွေ့ရင် သတ်ပစ်လိုက်ကြ....'



နံပါတ်တစ်နှင့် နံပါတ်နှစ်တို့သည် သူ၏အမိန့်ကို ရရှိလိုက် သည်နှင့် မဆိုင်းမတွပင် ခရီးထွက်ခဲ့ ကြလေတော့သည်။

* * *

ငါးရက်....

ငါးရက်ခန့် အချိန်ကြာသောအခါ ခရေပန်းကျေးရွာသို့ ဗေဒင်ဆရာတစ်ယောက်နှင့် တပည့်တစ်ယောက် ရောက်ရှိလာ လေသည်။

ခရေပန်းကျေးရွာသည် အိမ်ခြေတစ်ရာခန့်ပင် မပြည့်သော ရွာကလေးတစ်ရွာဖြစ်သည်။

ရွာထဲသို့ မလာစဖူး ဗေဒင်ဆရာတစ်ယောက် ရောက်ရှိ လာခြင်းကို တွေ့မြင်ရသောကြောင့် အားလုံးက စိတ်ဝင်စား ကုန်ကြသည်။

ရွာသူရွာသားများတို့သည် ဗေဒင်ဆရာထံသို့ လာရောက် ၍ ဗေဒင်မေးကြလေသည်။

ဗေဒင်ဆရာနှင့် တပည့်ဖြစ်သူတို့မှာ ပေါင်ချင်းထန်းနှင့် ကျန်ကျောင်းတို့ပင်ဖြစ်သည်။

ပေါင်ချင်းထန်းသည် တရားစီရင်သော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ရာ ပညာမျိုးစုံ တတ်မြောက်ထားလေသည်။

ကြယ်တာရာ၊ နက္ခတ်၊ ဗေဒင်စသည့် ပညာများကို ကောင်းစွာ တတ်မြောက်ထားသောကြောင့် ရွာသူရွာသားများက အလွန်သဘော ကျကုန်ကြလေသည်။

ပေါင်ချင်းထန်းက ဗေဒင်ဟောရင်းမှ ချိန်းထိုက်အိမ်၏ အကြောင်းကို မသိမသာ စုံစမ်းလေသည်။

သူသည် အလွန်စပ်စုတတ်သော အမျိုးသမီးတစ်ယောက်အား ဗေဒင်ဟောရင်းမှ...

'ဪ....ဒါနဲ့ သည်ရွာမှာ သမားတော်ကြီးများ ရှိပါသလားဗျာ'

ဟု မေးလိုက်သည်။

ထိုအမျိုးသမီးက ခေါင်းညိတ် လိုက်သည်။

'ရှိပါတယ် ဒါပေမယ့်သူက သမားတော်ကြီး ဘာကအနားယူခဲ့တာကြာပါပြီ၊ ဆရာက ဘာလုပ်မလို့လဲ'

ပေါင်ချင်းထန်းက ပြုံးပြလိုက်သည်။



'ဘာမှမလုပ်ပါဘူး ကျုပ်က တစ်ရွာဝင် တစ်ရွာထွက် ဗေဒင်ဟောခဲ့ရတော့ ခြေထောက်ကနာနေလို့ သွားပြမလို့ပါ'

အမျိုးသမီးက....

'သည်လောက်ဆိုရင် သူကြည့်ချင် ကြည့်ပေးမှာပေါ့လေ'

ပေါင်ချင်းထန်းက အလိုက်သင့် မေးလိုက်လေသည်။

'သူက ဆေးကုသမှုအတတ်ပညာ ထူးချွန်လားဟင်'

အမျိုးသမီးက....

'အို...ဘယ်လို ပြောလိုက်တာလဲ ရှင်၊ တစ်ချိန်တုန်းက သူဟာ နေပြည်တော်မှာတောင် သမားတော်ကြီး တာဝန် ထမ်းဆောင်နေခဲ့တာရှင့်'

ပေါင်ချင်းထန်းက ခေါင်း တညိတ်ညိတ်ဖြင့်...

'နေပြည်တော်မှာတောင်မှ တာဝန် ထမ်းဆောင်ခဲ့တာဆိုရင် အတော်လေး ဆေးကုသမှု တော်လို့ပေါ့၊ ဒါနဲ့ သူ့အိမ်က ဘယ်မှာလဲ ခင်ဗျား'

အမျိုးသမီးက ရှေ့သို့ ညွှန်ပြလိုက်သည်။

'သည်လမ်းအတိုင်း တည့်တည့် လျှောက်သွားရင် ဆယ့်လေးငါးအိမ်ကျော်တာနဲ့ ရောက်ပါပြီ၊ သမားတော်ကြီး ဘယ်မှာလဲလို့မေးရင် အားလုံးသိကြပါတယ်'

ပေါင်ချင်းထန်းက ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်ကဲ့....ကျေးဇူးတင်ပါတယ်'

သူက ကျန်ကျောင်းနှင့်အတူ ရှာလမ်းမှအဆောင်းသို့လျှောက်ခဲ့လေသည်။

သူသည် မည်သူ့ကိုမျှ မေးရန်မလိုခဲ့ပါ။

အကြောင်းမှာ ခြံဝန်းတစ်ခုရှေ့တွင် ချန်းထိုက်အိအား ကြိမ်ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်၍ နေပူစာလှုံနေခြင်းကို တွေ့လိုက်ရသည်။

ပေါင်ချင်းထန်းက ချန်းထိုက်အိအား တစ်ဆယ့်ရှစ်နှစ်လုံးလုံး မတွေ့မြင်ရသော်လည်း ချန်းထိုက်အိ၏ နဖူးပေါ်မှ အသားဘုကြီးတစ်ခုကို တွေ့မြင်ရသဖြင့် ကောင်းစွာမှတ်မိလိုက်လေသည်။

သူက ခြံဝင်းတံခါးကိုတွန်းဖွင့်ကာ လှမ်းဝင်ခဲ့၏။

နေပူစာလှုံနေသော ချန်းထိုက်အိမှာ အသွန်ပင်အိုခင်းနေပြီကို တွေ့မြင်လိုက်ရလေသည်။

ချန်းထိုက်အိက ပေါင်ချင်းထန်းအား တွေ့မြင်ရသော်လည်း ကောင်းစွာ မမှတ်မိတော့ပါချေ။



ကျန်ကျောင်း၏လက်ထဲမှ အဝတ်ဆိုင်းဘုတ်ကို မြင်တွေ့လိုက်ရသောကြောင့် ဗေဒင်ဆရာတစ်ယောက် ရောက်ရှိလာသည်ဟု ထင်မှတ်လိုက်သည်။

သူက လက်တစ်ချက် ဝှေ့ယမ်းပြလိုက်သည်။

'ကျုပ်က ဗေဒင်မတွက်ချင်ပါဘူး၊ ဒါကြောင့် ခင်ဗျားတို့ ပြန်ထွက်သွားကြပါ'

ပေါင်ချင်းထန်းက သူ့ရှေ့သို့ လျှောက်သွားကာ မျက်နှာချင်းဆိုင်ရှိ ကြိမ်ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်ချလိုက်သည်။

ချန်းထိုက်အိက အနည်းငယ် အံ့ဩသွားကာ....

'ကျုပ်ပြောနေတာ ခင်ဗျားတို့ မကြားဘူးထင်တယ်'

ဟု ပြောလိုက်လေသည်။

ပေါင်ချင်းထန်းက ပြုံးပြလိုက်သည်၊

'ကြားပါတယ်လေ ဒါပေမယ့် ခင်ဗျားကို ကြည့်ရတာ နဖူးပေါ်က ယင်းထိုင်သေးကြောနေရာမှာ အညည်းရောင်အငွေ့အသက်တစ်ခု လွှမ်းမိုးလာနေတာကို မြင်တွေ့ရသို့ စေတနာနဲ့ လာရောက် ဗေဒင်ဟောပေးမိ တာပါ'

ချန်းထိုက်အိက ခေါင်းခါယမ်းလိုက်သည်။

'မလိုပါဘူးလေ ဒါတွေဟာဗေဒင်ဆရာများရဲ့အကြောင်း ပြချက် တွေပါ'

ပေါင်ချင်းထန်းက သက်ပြင်း ချလိုက်သည်။

'ခက်တာပဲ ခင်ဗျားဟာ ကြီးကျယ်တဲ့ပြဿနာနဲ့ ရင်ဆိုင်ရ တော့မယ်ဗျ၊ ကျုပ်စကားကို နားမထောင်ရင် ဒုက္ခရောက် သွားနိုင်တယ်'

ချန်ထိုက်အိက ခေါင်းခါရမ်း လိုက်သည်။

'သည်စကားတွေကို ခင်ဗျားက ရှာသူ ရှာသားတွေကိုပဲ ခြိမ်းခြောက်လို့ရမယ်၊ ကျုပ်က ခေါင်းရှိတဲ့လူပါ သည်လို ခြိမ်းခြောက်လို့ မရပါဘူး'

ပေါင်ချင်းထန်းကပြုံး၍ ထရပ်လိုက်သည်။

'ကောင်းပါပြီ...ခင်ဗျားမယုံလဲ ကျုပ် မဟောရုံပါပဲ လေ'

သူက ချာနဲလှည့်လိုက်ပြီး ကျန်ကျောင်းအား လှည့် ကြည့်လိုက်၏။

'ငါ့တပည့်ဟောသည့်က အဘကို ကြည့်ထား၊ သူဟာ လွန်ခဲ့တဲ့တစ်ဆယ့်ရှစ်နှစ်တုန်းဆီက အမှုအခင်းတစ်ခုရဲ့ အန္တ ရာယ်နောက်ဆက်တွဲနဲ့ ကောင်းကောင်းကြီး ရင်ဆိုင်ရတော့ မယ်'



ကျန်ကျောင်းက ခေါင်းတစ်ချက်ညိတ်ကာ....

'ဟုတ်ပါတယ်၊ ခက်တာက လူတွေဟာ ဗေဒင်ဆရာက စေတနာသန့်သန့်နဲ့ဟောပေးရင် လက်မခံကြဘူးလေ'

ချန်းထိုက်အိက သူတို့နှစ်ယောက် အပြန်အလှန်ပြောဆို နေသောစကားများအား ကြားရသောအခါ ရင်ထဲ၌ တစ် ချက်လှုပ်ရှားသွားလေသည်။

သူက ခြံမှလှမ်းထွက်ရန်ဟန်ပြင်နေသောဗေဒင်ဆရာအား ကမန်းကတန်း ဟန့်တားလိုက်၏။

'ဗေဒင်ဆရာ နေပါဦးဗျာ'

ပေါင်ချင်းထန်းက လှည့်ကြည့်လိုက်သည်။

'ဘာပြောချင်လို့လဲခင်ဗျာ'

ချန်းထိုက်အိက ကုလားထိုင်တစ်လုံးအား ညွှန်ပြလိုက် သည်။

'ထိုင်ပါဦးခင်ဗျာ'

ပေါင်ချင်းထန်းက ထိုင်ချလိုက်ရ၏။

ချန်းထိုက်အိက သူတို့အား သေချာစွာ အကဲခတ်ကြည့် လိုက်လေသည်။

ထို့နောက် ဤသို့မေးလိုက်လေ၏။

‘ခင်ဗျား ခုနတုန်းက ဘာပြောသွားတာလဲ’

ပေါင်ချင်းထန်းက မျက်မှောင်ကုတ်လိုက်သည်။

‘ကျုပ် ဘာပြောလို့လဲ’

ချန်းထိုက်အီက ဤသို့ပြောလိုက်သည်။

‘စောစောက ခင်ဗျားပြောတဲ့စကားထဲမှာ လွန်ခဲ့တဲ့တစ်ဆယ့်ရှစ်နှစ်တုန်းကဆိုတဲ့စကား ကြားလိုက်လို့ပါ’

ပေါင်ချင်းထန်းက နှုတ်ခမ်းတွန့်ရုံပြုံးလိုက်သည်။

‘ဩော်....ဒါလား၊ ဟုတ်တယ်....ကျုပ်က ခင်ဗျားမျက်နှာကို အကဲခတ်ကြည့်လိုက်တာနဲ့ ယင်းထိုင်နေရာမှအမည်းရောင်လွှမ်းမိုးလာတာတွေ့ရတာကြောင့် လွန်ခဲ့တဲ့တစ်ဆယ့်ရှစ်နှစ်တုန်းက ခင်ဗျားဟာ အမှားတစ်စုံတစ်ခု ပြုခဲ့တဲ့အမှုအခင်းတစ်ခုကြောင့် အချိန်မကြာမီ ဆိုးကျိုးအန္တရာယ်ရောက်လာလိမ့်မယ်လို့ အကဲခတ်မိပါတယ်’

ချန်းထိုက်အီမျက်နှာ ကွက်ခနဲပျက်သွားလေသည်။

သူက ပေါင်ချင်းထန်းအား အကဲခတ်ကြည့်လိုက်၏။

‘ခင်ဗျားက ဘယ်သူလဲ’

ပေါင်ချင်းထန်းက ပခုံးတစ်ချက်တွန့်လိုက်သည်။



‘ဗေဒင်ဆရာပါ’

ချန်းထိုက်အီက ခေါင်းခါရမ်းလိုက်သည်။

‘ခင်ဗျားဟာ ဗေဒင်ဆရာမဖြစ်နိုင်ပါဘူး၊ ကျုပ် စိတ်ထဲမှာ ခင်ဗျားကို မြင်ဖူးနေသလိုပါပဲ’

ပေါင်ချင်းထန်းက ပြုံးလိုက်သည်။

သူက အင်္ကျီအိတ်ထဲမှ ပဝါတစ်ထည်ကို ထုတ်ယူကာ မျက်နှာပေါ်မှ မျက်နှာဖျက်ဆေးများကို သုတ်ပစ်လိုက်၏။

ချန်းထိုက်အီက ပြောင်းလွဲလာသော ပေါင်ချင်းထန်း၏ မျက်နှာအား မြင်တွေ့လိုက်သောအခါ ပါးစပ်ဟောင်းလောင်း ဖြစ်သွားမိသည်။

အတန်ကြာတော့မှ....

‘ပေါင်ချင်း....ထန်း’

ဟု လွှတ်ခနဲ အော်လိုက်မိသည်။

ပေါင်ချင်းထန်းက ပြုံးလိုက်သည်။

‘ဟုတ်ပါတယ် ကျုပ်က ပေါင်ချင်းထန်းပါ’

ချန်းထိုက်အီက သူ့အား မျက်မှောင်ကုတ်၍ စိုက်ကြည့်လေသည်။

'တရားသူကြီးမင်းက ကျုပ်ဆီကို ဘာကိစ္စနဲ့ရောက်ရှိလာတာပါလဲ'

ပေါင်ချင်းထန်းကပြုံး၍ ...

'လွန်ခဲ့တဲ့တစ်ဆယ့်ရှစ်နှစ်တုန်းကနန်းတော်မှာလျှို့ဝှက်လုပ်ကြံတဲ့အရေးအခင်းတစ်ခုဖြစ်ပွားခဲ့တယ်၊ကျုပ်ကအဲသည်မှုခင်းအတွက် လာခဲ့တာပါ'

ချန်းထိုက်အိက ရုတ်တရက် ထရပ်လိုက်၏။

'သည်အမှုနဲ့ကျုပ်ဟာဘာမှမပတ်သက်ပါဘူး၊ဘာကြောင့်ကျုပ်ကို လာစစ်ဆေးရတာပါလဲ'

ပေါင်ချင်းထန်းက ကြိမ်ကုလားထိုင်ကို လှမ်းပြလိုက်သည်။

'ထိုင်ပါဦး သမားတော်ကြီးရယ် သည့်ကိစ္စမှာ သမားတော်ကြီး မပါဘူးလို့ ပြောမရပါဘူး'

ချန်းထိုက်အိက သူ့အား စိုက်ကြည့်လိုက်သည်၊

'သည်မှာတရားသူကြီးမင်း ကျုပ်ကိုအခုလိုလာပြီး စွပ်စွဲတာ ဘယ်လိုအရေးကြောင့်လဲဆိုတာ ပြောပါဦး'

ပေါင်ချင်းထန်းက ဤသို့ ရှင်းပြလိုက်သည်။



'လွန်ခဲ့တဲ့တစ်ဆယ့်ရှစ်နှစ်တုန်းက နန်းတွင်းမှာ အမှုတစ်ခု ဖြစ်ခဲ့ပါတယ်၊ အခု အဲဒီတရားလိုက ကျုပ်ဆီကို လာပြီး အမှုဖွင့်တိုင်ကြားပါတယ်၊ သည်အမှုကို သမားတော်ကြီး သိမှာပါလေ၊ ကျုပ်က ရှင်းပြနေစရာ မလိုတော့ ပါဘူး'

ချန်းထိုက်အိက သူ့အား မျက်မှောင်ကုတ်၍ ကြည့်လိုက်သည်။

'တရားသူကြီးမင်းက ဘာကိုသိချင်တာပါလဲ'

ပေါင်ချင်းထန်းက အေးဆေးတည်ငြိမ်သော လေသံဖြင့်

'ရှင်းပါတယ်၊ ကျုပ်က သမားတော်ကြီးဟာ လွန်ခဲ့တဲ့တစ်ဆယ့်ရှစ်နှစ်က တောင်နန်းစံ မိဖုရားနဲ့ မြောက်နန်းစံမိဖုရားတို့ရဲ့ ပဋ္ဌမြားရွှေကြုတ် နှစ်ငုံတော်မူတဲ့ကိစ္စကို စစ်ဆေးခဲ့သလားဆိုတာ သိချင်ပါတယ်'

ချန်းထိုက်အိက ခေါင်းညိတ် လိုက်သည်။

'စစ်ဆေးခဲ့ပါတယ်'

ပေါင်ချင်းထန်းက သူ့အား စိုက်ကြည့်လိုက်သည်။

'သမားတော်ကြီးစစ်ဆေးစဉ်က မြောက်နန်းစံမိဖုရားကြီးမှာ သန္ဓေတည်တယ်ဆိုတာ မှန်သလား မမှန်ဘူးလား'

ချန်းထိုက်အိက ခေါင်းကို ဖြေးညှင်းစွာ ခါရမ်းလိုက်သည်။

'ကျွန်ုပ်မှာ ပြောခွင့်မရှိလို့ မပြောပါရစေနဲ့'

ပေါင်ချင်းထန်းက ဤသို့ ပြောလိုက်လေသည်။

'သည်ကိစ္စဟာ အခုအတော်လေး အရေးကြီးနေပါတယ်၊ သမားတော်ကြီးက ဘာကြောင့် မပြောနိုင်တာလဲ'

ချန်းထိုက်အိက ပါးစပ်ပိတ်ထားလိုက်သည်။

ပေါင်ချင်းထန်းက ဤသို့ ရှင်းပြလိုက်သည်။

'သည်မှာ သမားတော်ကြီး ကျွန်ုပ် ရှင်းရှင်းပဲပြောပါတော့မယ်။ တောင်နန်းစံမိဖုရားကြီးဟာ ခုချိန်ထိ သက်ရှိထင်ရှားလျက် ရှိနေပါသေးတယ်၊ သူက အခု ကျွန်ုပ်ကိုအမှုလာတိုင်ကြားတာကြောင့် အသင့်ဆီ လာခဲ့ရတာပါ၊ အမှန်အတိုင်း ပြောစေချင်ပါတယ်'

ချန်းထိုက်အိက အံ့သြသွားလေသည်။

'ဟုတ်ရဲ့လား တောင်နန်းစံမိဖုရားကြီးဟာ အငယ်ဆောင်မှာ မီးလောင်ခံပြီး နတ်ရွာစံသွားတယ်လို့ ကြားသိပါတယ်'

ပေါင်ချင်းထန်းက ခေါင်းကို ဖြေးညှင်းစွာ ခါရမ်းလိုက်သည်။



'တောင်နန်းစံမိဖုရားကြီး သက်ရှိထင်ရှား ရှိနေသေးတယ်ဆိုတာ ခင်ဗျား ယုံစေချင်ပါတယ်'

သူက တောင်နန်းစံမိဖုရားကြီးက ရွှေဆံဘိုးပြု၍ အမှုတိုင်ကြားခဲ့ခြင်းအကြောင်းကို အလုံးစုံ ပြန်လည်ပြောပြလိုက်လေသည်။

ချန်းထိုက်အိက သူ၏ စကားများကို နားထောင်ရင်း စိတ်လှုပ်ရှား လာလေသည်။

'တရားသူကြီးမင်း ခင်ဗျားတကယ် ပြောနေတာလားဟင်'

ပေါင်ချင်းထန်းက ခေါင်းညိတ်လိုက်သည်။

'ကျွန်ုပ်က မမှန်တာ မပြောတတ်ပါဘူး'

ချန်းထိုက်အိက....

'သည်ကိစ္စကို ကေရာဇ်မင်းက သိသွားပြီလား'

ပေါင်ချင်းထန်းက ခေါင်းညိတ်လိုက်သည်။

'သိသွားပါပြီ ဒါပေမယ့် သည်အမှုဟာ ခိုင်လုံတဲ့အထောက်အထားမရှိဘဲ ကေရာဇ်ဘုရင်က ဘယ်လိုမှယုံကြည်လို့မရပါဘူး'

ချန်းထိုက်အိက ခေါင်းညိတ်လိုက်သည်။

‘ကျွန်ုပ်နားလည်ပါပြီ ဘုရားသူကြီးမင်းက ခိုင်လုံတဲ့ သက်သေကို ရှာဖွေနေတာပေါ့ဟုတ်လား’

ပေါင်ချင်းထန်းက ခေါင်းညိတ် လိုက်သည်။

‘ဟုတ်ပါတယ် လောလောဆယ်သက်မဲ့ပစ္စည်း အထောက်အထားတွေပဲ ရှိပါသေးတယ်၊ ဖွင့်ဟပြောဆိုနိုင်တဲ့ လူသက်သေ မရသေးတာကြောင့် သမားတော်ကြီးဆီ လာခဲ့ရတာပါ’

ချန်းထိုက်အိက သူ့အား စိုက်ကြည့်လိုက်သည်။

‘အသင်ကကျွန်ုပ်ကို နန်းတော်ကိုခေါ်သွားပြီး သက်သေအဖြစ် တင်ပြမလို့ပေါ့ဟုတ်လား’

ပေါင်ချင်းထန်းက ခေါင်းညိတ်လိုက်သည်။

‘ဟုတ်ပါတယ်’

ချန်းထိုက်အိက ခေါင်းခါရမ်းလိုက်သည်။

‘ကျွန်ုပ်လိုက်လို့ မဖြစ်ပါဘူး’

ပေါင်ချင်းထန်းက မျက်မှောင်ကုတ် လိုက်သည်။

‘ဘာဖြစ် လို့လဲ’

ချန်းထိုက်အိက သက်ပြင်းတစ်ချက် ချလိုက်လေသည်၊



‘နှစ်ပေါင်းအတော်ကြာလှပြီပဲ၊ ကျွန်ုပ်ရဲ့စကားကို ဘယ်သူက ယုံမယ်တဲ့လဲ၊ နောက်ပြီး အတွင်းဝန်မင်း ကို့ဟိုင်ဟွာ ဘယ်လောက် ကြောက်စရာကောင်းတဲ့ လူဆိုတာ အသင်လဲ သိပါတယ်၊ ကျွန်ုပ် နန်းတော်ကိုရောက်တာနဲ့ သူက သတ်ပစ်လိုက်မယ်’

ပေါင်ချင်းထန်းက ခေါင်းကို ဖြေးညှင်းစွာ ခါရမ်းလိုက်သည်။

‘သည့်အတွက် မစိုးရိမ်ပါနဲ့လေ၊ အသင့်ရဲ့ အသက်လုံခြုံရေးအတွက် ကျွန်ုပ် တာဝန်ယူပါတယ်’

ချန်းထိုက်အိက ခေါင်းကို ဖြေးညှင်းစွာ ခါရမ်းလိုက်၏။

‘သည်ကိစ္စ မလွယ်ပါဘူးတရားသူကြီးမင်း၊ ဘယ်လောက်ပဲ ကြိုးစား ကြိုးစား မဖြစ်နိုင်ပါဘူး’

ပေါင်ချင်းထန်းက မျက်မှောင်ကြုတ် လိုက်သည်။

‘ဘာဖြစ်လို့လဲ’

ချန်းထိုက်အိက သူ့အား ကြည့်လိုက်သည်။

‘တရားသူကြီးမင်းပဲ စဉ်းစားကြည့်ပါဦး၊ အခုဧကရာဇ်မင်း ဘုရင်ဟာ မြောက်နန်းစံမိဖုရားကို မယ်တော်အရင်းလို့ သိထားတာ နှစ်မနည်းတော့ပါဘူး၊ အခုမှသူဟာ မယ်တော် မဟုတ်ဘူးလို့ပြောရင် ဘယ်မှာ ယုံကြည်မှာတဲ့လဲ’

ပေါင်ချင်းထန်းက ခေါင်းညိတ် လိုက်သည်။

'ဒါကို ကျွန်ုပ်သိပါတယ်၊ ဒါကြောင့် အသင့်ရဲ့ထွက်ဆိုချက်ဟာ အမှုတစ်ခုလုံးကိုအမှန်တရားဖြစ်အောင် စွမ်းဆောင်နိုင်တာမို့ အသင့်ဆီကို ရောက်အောင် လာခဲ့တာပါပဲ'

ချန်းထိုက်အိသည် ပေါင်ချင်းထန်းက အမျိုးမျိုးနားချသော်လည်း ငြင်းပယ်နေလေသည်။

'သည်မှာတရားသူကြီးမင်း အခုအခြေအနေဟာ ဆန်ကနေထမင်းဘဝရောက်နေပါပြီ၊ မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ ပြီးခဲ့တဲ့ကိစ္စတွေကို တရားသူကြီးမင်းက ဘာကြောင့် ဒုက္ခရှာချင်ရတာလဲ၊ သူတို့ဘာသာသူတို့ ပျော်ပျော်ရွှင်ရွှင် နေကြစမ်းပါစေလား'

ပေါင်ချင်းထန်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

'ဒီကိစ္စကို ကျွန်ုပ်က တရားသူကြီးမင်း တစ်ယောက်ပီပီ အမှန်ကို အမှန်အတိုင်း ထုတ်ဖော်ရမှာပဲ၊ အမှားကို ပြုပြင်မှ အမှန်ဖြစ်တော့မှာပေါ့၊ သမားတော်ကြီး ပြောသလိုသာ ဒီအတိုင်း ထားမယ်ဆိုရင် ခေတ်အဆက်ဆက်က မင်းတွေရဲ့ ဝံမိုင်းကို မှတ်တမ်းတင်တဲ့နေရာမှာ ဒီကိစ္စဟာ အကြီးအကျယ် မှားယွင်းနေတဲ့ အမည်းစက်ကြီးတစ်ခု ဖြစ်မနေဘူးလား'

ချန်းထိုက်အိက ခေါင်းအသွင်သွင်ခါယမ်းလိုက်လေတော့သည်။



သူက တစ်စုံတစ်ခု ပြောရန် ပါးစပ်ပြင်လိုက်စဉ်....

ရုတ်တရက်....

နောက်လန်လဲကျသွားလေသည်။

တစ်ဆက်တည်းမှာပင်....

ကျန်ကျောင်း၏ အသံက ထွက်ပေါ် လာလေတော့သည်။

'မပြေးနဲ့'

သူက လက်ထဲမှ ဆိုင်းဘုတ်အဝတ်ကို ပစ်ချကာ ခြံဝင်းထဲမှ ပြေးထွက်သွား၏။

ပေါင်ချင်းထန်းက ချန်းထိုက်အိအား သေသေချာချာ ကြည့်လိုက်သောအခါ....

ချန်းထိုက်အိ၏ ဝမ်းဗိုက်ပေါ်၌ ဓားငယ်တစ်လက် စိုက်ဝင်နေခြင်းကို တွေ့မြင်လိုက်ရ၏။

ပေါင်ချင်းထန်းက ကမန်းကတန်း ပွေ့ချီကာ အိမ်ဘက်သို့ လှည့်၍....

'အိမ်ထဲမှာ ဘယ်သူရှိလဲ ထွက်ခဲ့ကြပါ'

ဟု အော်ဟစ်လိုက်သည်။

သူ၏ အသံကြောင့် အသက်သုံးဆယ်ကျော်ခန့် ရှိသော အမျိုးသားတစ်ယောက်နှင့် အမျိုးသမီး တစ်ယောက်တို့က ပြေးထွက်လာလေသည်။

သူတို့နှစ်ယောက်က ချန်းထိုက်အိ၏ အဖြစ်အပျက်အား မြင်တွေ့လိုက်သောအခါ ထိတ်လန့်သွားကြ၏။

'ဟာ....အမေ'

ဟု အမျိုးသားက အော်ဟစ်လိုက်သည်။

ပေါင်ချင်းထန်းက ထိုလူမှာ ချန်းထိုက်အိ၏ သားဖြစ်ကြောင်း သိရှိလိုက်သည်၊

'မင်းက ဒီဒဏ်ရာကို ဆေးကုတတ်ရဲ့လား'

ထိုလူက ခေါင်းညိတ်လိုက်၏၊

'ဟုတ်ကဲ့....နည်းနည်းပါးပါးတော့ ကုတတ်ပါတယ်'

သူက....

ယင်းသို့ပြောပြီး ချန်းထိုက်အိအား ပွေ့ချီကာ အိမ်ထဲသို့ ဝင်သွား၏။



ပေါင်ချင်းထန်းကလည်း သူတို့နောက်သို့ လိုက်သွားရလေသည်၊

*                *                *

ကျန်ကျောင်းက ခြံဝင်းထဲမှ ပြေးထွက်လိုက်မိသည်နှင့် လူနှစ်ယောက် ရှေ့ဆင့် နောက်ဆင့် ပြေးလွှားသွားနေခြင်းကို တွေ့မြင်လိုက်ရ၏။

သူက ထပ်ကြပ်မကွာ ပြေးလိုက်သွားလေသည်။

ရွာပြင်သို့ ရောက်သောအခါ ထိုနှစ်ယောက်က အသင့်ရပ်ထားသော မြင်းပေါ်သို့ ခုန်တက်လိုက် လေတော့သည်။

ကျန်ကျောင်းက စဉ်းစားမနေဘဲ ဆက်ထဲမှ ဓားဖြင့် ပစ်ပေါက်လိုက်လေသည်၊

ထိုအခါ....

မြင်းပေါ်သို့ တက်ရန် ဟန်ပြင်နေသော လူနှစ်ယောက်အနက် လူတစ်ယောက်ကို ထိမှန်စိုက်ဝင်သွားကာ....

'ဝုန်း....'

ဟူသော အသံနှင့်အတူ မြင်းပေါ်မှ ကျသွားလေတော့သည်။

ကျန်တစ်ယောက်က အဖော်ဖြစ်သူအား လှည့်ပင်မကြည့်နိုင်ဘဲ မြင်းကို အားကုန်မောင်းနှင်ကာ ပြေးလွှားသွားလေသည်။

ထိုအချိန်....

ခါးစိုက်ဝင်၍ ပြုတ်ကျသွားသော လူ၏ မြင်းကလည်း လန့်ဖျပ်ကာ ပြေးလွှားသွား၏။

ကျန်ကျောင်းက ဆက်မလိုက်နိုင်တော့ပါ။

သူက....

ခါးစိုက်ဝင်၍ လဲကျသေဆုံးနေသော လူအား တစ်ချက်ကြည့်လိုက်သည်။

ထို့နောက်....

ရှာသူရှာသားများ မြင်တွေ့သွားခြင်း မရှိခင်မှာ ထိုလူအား ချီမ,ကာ တသွင်သွင်စီးဆင်းနေသော ချောင်းရေထဲသို့ ပစ်ချလိုက်လေတော့သည်။

* * *



ချန်းထိုက်အိ၏ သားသည် ဖခင်၏ဆေးကုသမှု ပညာကို သင်ကြားသွားသောကြောင့် ကုသမှုပညာတွင် မခေလှပါ။

သူသည် အစွမ်းကုန် ကုသနေသဖြင့် ချန်းထိုက်အိက ပြန်လည်သတိရလာလေသည်။

သို့သော်....

အသက်ကြီးရင့်သူတစ်ယောက်ပီပီ အားအင်မှာ ချည့်နဲ့နေသည်။

သူက သတိရလာသည်နှင့် တစ်ပြိုင်နက် ပေါင်ချင်းထန်းအား ကြည့်ကာ စိတ်မကောင်းဟန်ဖြင့်....

'တရားသူကြီးမင်း အသင်တွေ့မြင်တဲ့ အတိုင်းပါ၊ ကျွန်ုပ်ဟာ အသင်တို့နောက်ကို လိုက်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်တော့ပါဘူး'

ပေါင်ချင်းထန်းက ပြုံး၍ အားပေးစကား ပြောလိုက်သည်။

'အသင့်ရဲ့ သား ဆေးကုသမှုပညာဟာ အသင့်အတိုင်းပါပဲ၊ အာမှ အားမငယ်နဲ့ သူက အသင်အကောင်း ပကတိ ဖြစ်အောင် ကုသပေးနိုင်မှာပါ အားမငယ်ပါနဲ့'

ချန်းထိုက်အိက....

'ကျွန်ုပ်ဟာ သမားတော်ကြီးတစ်ယောက်ပါ၊ ဒါကြောင့် ကျွန်ုပ်ရဲ့ အခြေအနေကို ကျွန်ုပ်သိပါတယ်'

အမှန်တွင် ပေါင်ချင်းထန်းသည် ချန်းထိုက်အိကို အားပေးနေသည့်တိုင်အောင် အခြေအနေမှာ မလွယ်ကူလှကြောင်း နားလည်ထားလေသည်။

သူက သက်ပြင်းတစ်ချက် ချလိုက်၏။

'အင်း....ဘယ်တတ်နိုင်မှာလဲလေ၊ ကံစီမံရာပေါ့ဗျာ'

ချန်းထိုက်အိက အနည်းငယ် အမေ့ာမေ့ဖြေပြီးမှ....

'ကျွန်ုပ်ဟာ မကြာခင် လူ့လောကကို စွန့်ခွာရပါတော့မယ်၊ ဒါကြောင့် ကျွန်ုပ်ဟာ အမှန်တရားအတွက် တတ်နိုင်သရွေ့ တရားသူကြီးမင်းကို ကူညီခဲ့ပါ့မယ်'

သူက သားဖြစ်သူဘက်သို့ မျက်လုံးဝေ့ကြည့်ကာ....

'သား....အဖေ့အတွက် စုတ်တံနဲ့ စက္ကူယူပေးစမ်း'

ဟု အားယူ၍ ပြောလိုက်သည်။

ပေါင်ချင်းထန်းက ကျိတ်၍ ဝမ်းသာသွား၏။

ချန်းထိုက်အိသည် ဘုရင့်ရှေ့မှောက်တွင် ကိုယ်တိုင်ကိုယ်ကျ ခစားဝင်၍သက်သေမပြနိုင်သည့်တိုင်အောင် သူကအမှုအတွက် ဖြစ်ပျက်သမျှကို သိရှိထားသည့်အတိုင်း သံတော်ဦးတင်ရန်



စက္ကူပေါ်တွင် စာရေး၍ လျှောက်တင်တော့မည်ကို နားလည်ထား၏။

သူက အနည်းငယ် စိတ်သက်သာရာရရှိသွားကာ ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သည်။

ထိုအချိန်....

ကျန်ကျောင်းကဲ ပြန်လည် ရောက်ရှိ လာလေတော့သည်။

သူက ပေါင်ချင်းထန်း အနီးသို့ ကပ်ကာ အကျိုးအကြောင်း ပြောပြလိုက်လေသည်။

ပေါင်ချင်းထန်းက ရန်သူတစ်ယောက် လွတ်မြောက်သွားခြင်းသည် မိမိတို့အတွက် အန္တရာယ်များစွာ ကြုံတွေ့လာဦးမည်ဟု ခန့်မှန်းသိရှိလိုက်လေတော့သည်။

* * *

ထိုည၌....

ပေါင်ချင်းထန်းတို့သည် ချန်းထိုက်အိ၏ အိမ်၌ပင် တစ်ညတာ အိပ်စက်အနားယူခဲ့ကြရ၏။

ချန်းထိုက်အိသည် သုံးကြိမ်တိုင်တိုင် ရပ်နားပြီး မိမိသိသမျှ အချက်အလက် စုံစုံလင်လင်ကို ရေးသားထားပြီး ဖြစ်လေသည်။

မိုးလင်းလာသောအခါ ပေါင်ချင်းထန်းက ထိုစာကို လက်ခံရရှိလေသည်။

ယင်းစာကို သတိကြီးစွာဖြင့် သေသေချာချာ သိမ်းဆည်းထားလိုက်၏။

ထို့နောက်....

သူတို့သည် နံနက်စာပင် မစားတော့ဘဲ ချန်းထိုက်အိတို့အား နှုတ်ဆက်၍ ခရေပန်းကျေးရွာမှ ပြန်လည်ထွက်ခွာခဲ့ကြလေတော့သည်။

* * *

ဥဒ္ဒေသည်စိမ်း

ပေါင်ချင်းထန်းတို့ ခရေပန်းကျေးရွာမှ ထွက်ခွာသွားပြီးနောက် တစ်နေ့မှာပင် သမားတော်ကြီး ချန်းထိုက်အိမှာ ကွယ်လွန်သွားခဲ့သည်။

ခရေပန်း ရွာသူရွာသားများတို့သည် သမားတော်ကြီး ချန်းထိုက်အိ၏ ဈာပနကို ကြေကွဲစမ်းနည်းစွာ ကူညီဆောင်ရွက်ပေးကြလေသည်။

ဤသို့ဖြင့် ချန်းထိုက်အိ၏ ဈာပနမှာ အောင်မြင်စွာ ပြီးဆုံးသွားခဲ့လေသည်။

နောက်တစ်နေ့....

သမားတော်ကြီး ချန်းထိုက်အိ၏ နေအိမ်သို့ ဧည့်သည်လူစိမ်းနှစ်ယောက်က ရောက်ရှိလာကြလေသည်။

ချန်းထိုက်အိ၏သား ချန်းထိုက်ဝူက ဧည့်သည်များအား ကောင်းမွန်စွာ ဧည့်ဝတ်ပြုကြလေသည်။

ဧည့်သည်များက ချန်းထိုက်အိ ကွယ်လွန်ကြောင်း သိရသဖြင့် အလွန်ကြေကွဲ ဝမ်းနည်းကြောင်းနှင့် မိမိတို့မှာ ချန်းထိုက်အိ၏ တပည့်များဖြစ်ကြောင်း ပြောပြလေသည်၊

ချန်းထိုက်ဝူက ထိုဧည့်သည်နှစ်ယောက်အား ညစာကျွေးမွေး ဧည့်ခံပြီးသောအခါ ဖရုံယိုနှင့် ရေနွေးကြမ်းဖြင့် အချိတည်းစေခဲ့သည်။

ဧည့်သည်တစ်ယောက်က ဤသို့ မေးလာလေသည်၊

'ဩော်....ဒါနဲ့ တရားသူကြီးမင်း တစ်ယောက်များ ဒီကို ရောက်လာသေးသလားဟင်'

ချန်းထိုက်ဝူက ခေါင်းညိတ်လိုက်သည်။

'ရောက်လာပါတယ်'

ဧည့်သည်က သူ့အားပြုံး၍ မေးလိုက်သည်။



'သမားတော်ကြီးနဲ့ တရားသူကြီးမင်းတို့ ဘာများပြောနေသံ ကြားသေးလဲဗျ'

ချန်းထိုက်ဝူက တွေဝေသွားမိလေသည်၊

'ပြောတော့ ပြောနေကြတာပါပဲ၊ ဒါပေမယ့် ဘာတွေ ပြောနေကြမှန်းတော့ မသိပါဘူး'

ဧည့်သည်စိမ်း၏ မျက်နှာ ညိုးနွမ်းသွားလေသည်။

'အင်း....အဲဒါမှ အခက်ပဲဗျ'

ချန်းထိုက်ဝူက မျက်မှောင် ကုတ်လိုက်သည်။

'ဘာဖြစ်လို့လဲဗျ'

ဧည့်သည်စိမ်းက သူ့အားတစ်ချက် အကဲခတ်ကြည့်ကာ....

'အခု တရားသူကြီးမင်း သည်ကို ရောက်လာတာဟာ ကေရာဇ်ဘုရင်က လွှတ်လိုက်ကဲ့ ကိစ္စတစ်ခုကြောင့်ပါ၊ ဒါကိုမှ သမားတော်ကြီးဆီက အဖြေရမသွားဘူးဆိုရင် တရားသူကြီးမင်းတော့ ဒုက္ခပါပဲ'

ချန်းထိုက်ဝူက....

'ဟုတ်လား....ဒါကြောင့် တရားသူကြီးမင်းက အဖေ့ကို နှုန်းတော်လိုက်ခဲ့ဖို့ ခေါ်သံကြားရပါတယ်၊ နောက်တော့ အဖေရှုတ်တရက် လုပ်ကြံခံရတော့ မလိုက်နိုင်တော့ပါ'

ဧည့်သည်စိမ်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

'အင်းလေ….ကံတရားပါပဲ၊ သမားတော်ကြီး သေဆုံးသွားတဲ့အတွက် ဘုရင်မင်းမြတ်က သိချင်တာတွေ သိမသွားရလို့ စိတ်ကောင်းမှာ မဟုတ်ပါဘူး'

ချန်းထိုက်ဝူက တစ်စုံတစ်ခုကို သတိရလာသည်။

'ဟာ…ကျုပ်တစ်ခု သတိရပြီ၊ အဖေက မလိုက်နိုင်တော့ပေမယ့် တရားသူကြီးမင်း သိချင်တာတွေကို အဖေက စာရေးပေးလိုက်တာ တွေ့ရပါတယ်'

ဧည့်သည်စိမ်းနှစ်ယောက်၏ မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

သူတို့သည် အချင်းချင်း အပြန်အလှန် ကြည့်ကာထိုင်ရာမှ ထရပ်လိုက်သည်။

'ဒီလိုဆိုရင် ကျွန်တော်တို့ကို ခွင့်ပြုပါဦး၊ ကျွန်တော်တို့ အမြန်ဆုံး ပြန်မှဖြစ်မယ်ဗျ'

ချန်းထိုက်ဝူက….

'ဟာ…မိုးချုပ်လှပြီ၊ ဒီမှာ တစ်ညတည်းခိုပြီး မနက်ကျမှ'

သူက စကားဆုံးအောင် မပြောလိုက်နိုင်ပါ။



ဧည့်သည်စိမ်းနှစ်ယောက်သည် သူ့ရှေ့မှ လျှပ်တစ်ပြက် ပြေးလွှား ပျောက်ကွယ်သွားကြသည်။

သူက မျက်လုံးပွတ်၍ သေချာစွာ ကြည့်လိုက်လေသည်။

ထိုလူနှစ်ယောက်မှာ ရုတ်ခြည်းပင် ပျောက်ကွယ်သွားလေတော့သည်မှာ အမှန်ပင်ဖြစ်လေသည်။

သူက ခေါင်းခါယမ်းရင်း သက်ပြင်းရှည်တစ်ချက် ချလိုက်မိလေတော့သည်။

* * *

ဧည့်သည်စိမ်း နှစ်ယောက်သည် ခရေပန်း ကျေးရွာနှင့် လီပေါင်းဆယ်လီ အကွာသို့ ရောက်ရှိနေပြီဖြစ်၏။

ဤနေရာသည် သေးငယ်သော တောအုပ်တစ်ခု ဖြစ်လေသည်။

သူတို့နှစ်ယောက် တောအုပ်ထဲသို့ ရောက်ရှိလာသည်နှင့် တောအုပ်ထဲမှ လူတစ်စု အလျှိုလျှို ထွက်လာကြလေသည်။

စုစုပေါင်း ကိုးယောက်ဖြစ်၏။

ဤလူစုသည် အတွင်းဝန်မင်း ကို့ဟိုင်၏ လက်မရှိ ခေါ်သမားများ ဖြစ်ကြပေသည်။

နံပါတ်နှစ် သေဆုံးသွားပြီ ဖြစ်သောကြောင့် ယခု ကိုးယောက်သာ ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။

အတွင်းဝန်မင်းကို့ဟိုင်က မိမိ၏ လက်မရှိလက်ပါးစေ အင်အားအကုန်လုံးကို စေလွှတ်လိုက်ခြင်းဖြင့် ဤခေါ်သမား ကိုးယောက်မှာ အလွန်ကြီးလေးပြီး ပြင်းထန်သော လုပ်ကြံမှုကြီးတစ်ခု လုပ်ဆောင်နေကြောင်း ခန့်မှန်း သိရှိနိုင်လေသည်။

* * *

လူစုများ စုဝေးလိုက်ပြီးချိန်တွင် နံပါတ်တစ် ခေါင်းဆောင်က ဤသို့အမိန့်ပေးလာ၏။

'သေနေသောက်တို့ — အလွန်အရေးကြီးတဲ့ စာရွက်စာတမ်း တစ်ခုဟာ ပေါင်ချင်းထန်းရဲ့ လက်ထဲပါသွားပြီ၊ ကျုပ်တို့ တာဝန်က ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ဒီစာရွက် စာတမ်းကို ပြန်ယူကြမယ်၊ အခုလောက်ဆိုရင် တခြားသူကြီးမင်း နေပြည်တော်ကို ရောက်ဖို့ သုံးရက်လောက်လိုသေးတယ်၊ ဒါကြောင့် ကျုပ်တို့ သူ့နောက်ကို အမြန်ဆုံးလိုက်ကြရမှာပဲ'

လူအားလုံး ငြိမ်သက်စွာ နားစွင့်နေကြ၏။

နံပါတ်တစ်က စကားဆက်လိုက်၏။

'ဒီကိစ္စ အောင်မြင်သွားပြီဆိုရင် ကျုပ်တို့အားလုံး ရွှေအချိန် တစ်ဆယ်စီရကြရမယ်၊ ဒါ့အပြင် နှစ်စဉ်ပေးနေတဲ့ ငွေကြေးနှုန်းလဲ တိုးမြှင့်ပေးမယ်လို့ ပြောထားပါတယ်'

အားလုံးသော လူများ၏ မျက်နှာပေါ်တွင် လောဘ၏ အရိပ်အယောင်များ ဖြစ်ပေါ်လာလေသည်။

'ပေါင်ချင်းထန်းကို သတ်မယ်'

သူတို့သည် အားရပါးရ တစ်ပြိုင်နက် ဟစ်အော်လိုက်ကြလေတော့သည်။

* * *

ပေါင်ချင်းထန်းနှင့် ကျန်ကျောင်းတို့သည် ဟိုပိုင်နယ်မှ ထွက်ကျော်လာပြီဖြစ်၏။

ပေါင်ချင်းထန်းသည် လမ်းခရီး၌ အန္တရာယ်တွေ့ကြုံလာလိမ့်မည်ဟု ကြိုတင်ခန့်မှန်း ခဲ့ပြီဖြစ်သည်။

သူက မိမိမှာ နေပြည်တော်သို့ အမြန်ဆုံး ရောက်နိုင်မှသာ စိတ်အေးရမည်ဟု နားလည်ထားသည်။

ကျန်ကျောင်းတစ်ယောက်တည်းဆိုပါလျှင် နေပြည်တော်သို့ စောစီးစွာရောက်ရှိနိုင်ပေမည်။

သို့သော် ပေါင်ချင်းထန်းသည် သိုင်းသမားတစ်ယောက် မဟုတ်ပါ။

ထို့ပြင် မြင်းစီးကျွမ်းကျင်သူလည်း မဟုတ်ပေ။

သူက လူနှစ်ယောက်ထမ်းသောဝေါစင်ဖြင့်သာ သွားလာနေခြင်းမှာ အကျင့်ပါနေလေသည်။

လူသားတို့သည် ခြေနှစ်ချောင်းသာရှိ၏။

ထို့ကြောင့် ခြေလေးချောင်းရှိသောမြင်းလောက် ခရီးမတွင်နိုင်ပါ။

ဌင်းပြင် ပေါင်ချင်းထန်းသည် ကြုံရာနေရာတွင် အနားမယူနိုင်ပါ။

သူသည် တည်းခိုခန်း၌သာ အနားယူလေ့ရှိသူဖြစ်၏၊



သူက ယခုခရီးတွင်တာဝန်အရ ခရီးထွက်ခဲ့ခြင်းမဟုတ်ဘဲ တိတ်တဆိတ်ရှပ်ဖျက်၍ထွက်ခဲ့သဖြင့် သက်ဆိုင်ရာမြို့ပြအာဏာသားတို့ထံတွင် အကူအညီတောင်း၍ မရခဲ့ပါ။

ထို့ကြောင့်သည်း ကျန်ကျောင်း တစ်ယောက်တည်းသာလျှင် ပေါင်ချင်းထန်း၏လုံခြုံရေးကိုသတိကြီးစွာဖြင့် တာဝန်ယူနေရလေတော့သည်။

* * *

ယနေ့ ပေါင်ချင်းထန်းသည် ဟိုပိုင်နယ်မှ ထွက်လာပြီး အတန်ကြာသောအခါ မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာလေသည်။

မိုးချုပ်ချိန်ရောက်ရှိနေပြီဖြစ်သောကြောင့် တည်းခိုခန်းတစ်ခုတွင် ဝင်ရောက်တည်းခိုရလေသည်။

ကျန်ကျောင်းသည် သိုင်းသမားတစ်ယောက်ပီပီ အန္တရာယ်၏အငွေ့အသက်ကို ခံစားသိရှိတတ်သူတစ်ယောက် ဖြစ်သည်။

ယခုလည်း သူက တည်းခိုခန်းသို့ ရောက်ရှိသောအခါ ထမင်းကိုအခန်းထဲသို့မှာယူစားသောက်ခဲ့၏၊

ယင်းနောက် သူသည် လုံခြုံရေးအစီအစဉ်များကို တစ်ယောက်တည်းရေးဆွဲနေလေသည်။

သူက အန္တရာယ်အငွေ့အသက်ခံစားနေမှုကို ပေါင်ချင်းထန်း မသိစေလိုပါချေ။

ထို့ကြောင့် သူက ဤသို့မြွေလိုက်၏။

'တရားသူကြီးမင်း ခရီးပန်းလာလို့စောစောအိပ်ပါ။တ မနက်စောစော ခရီးဆက်ရဦးမယ် မဟုတ်လားခင်ဗျာ'

ပေါင်ချင်းထန်းက သူ့အား အကဲခတ်လိုက်သည်။

'ငါ စော်စောအိပ်မှာပါ၊ ဒါနဲ့ ဒီရက်များအတွင်းအသင် အိပ်ရေးပျက်တာ မတွေ့ရပါလား၊ ဘာလဲ အန္တရာယ်တွေ့ထားလို့ လား'

ကျန်ကျောင်းက ခေါင်းခါရမ်းလိုက်သည်။

'ဒီလိုလဲမဟုတ်သေးပါဘူး တရားသူကြီးမင်း'

ပေါင်ချင်းထန်းက ခေါင်းညိတ်လိုက်၏။

'ဒါနဲ့ နေပြည်တော်ရောက်ဖို့ ဘယ်လောက် လိုသေးလဲ'

ကျန်ကျောင်းက ခေါင်းခါရမ်းလိုက်သည်။

'မဝေးလှတော့ပါဘူး၊ တစ်နေ့နဲ့တစ်ညလောက်ပဲ လိုပါ တော့တယ် တရားသူကြီးမင်း'



ပေါင်ချင်းထန်းက ခေါင်းညိတ်ကာ မျက်လွှာချထားလိုက်လေသည်။

ကျန်ကျောင်းက စားပွဲပေါ်ရှိ ဆီမီးခွက်ကိုမှုတ်၍ ငြိမ်းသတ်ကာ ညလူဝတ်စုံကိုဝတ်ဆင်လိုက်၏။

ဦးခေါင်းကိုလည်း အနက်ရောင်ခေါင်းစွပ်တစ်ခုကို စွပ်ထားလိုက်လေသည်။

ထို့နောက် အခန်းတံခါးကို သေချာစွာချကာ ပြတင်းပေါက်မှ ခုန်ထွက်လိုက်လေတော့သည်။

* * *

ညဉ့်နက်လှပြီဖြစ်သည်။

မြို့ကလေးတစ်မြို့လုံး တိတ်ဆိတ်နေသည်၊

ဆိုင်များ၊ အိမ်များတွင် ထွန်းထားသောမီးများ ငြိမ်းသွားကြသဖြင့် မြို့ကလေးတစ်မြို့လုံး မှောင်အတိကျနေလေသည်။

ကောင်းကင်ပေါ်၌ လကြွေးလေးသည် စတင်ထွက်ပေါ်လာနေလေပြီ။

ကျန်ကျော်င်းက ပေါင်ချင်းထန်း နေထိုင်သောအခန်း ပြတင်းပေါက်နှင့်နီးကပ်သောသစ်ပင်ဘစ်ပင်ပေါ်၌ ရောက်ရှိနေလေသည်။

သူ၏ခန္ဓာကိုယ်ပေါ်တွင် ညဥ့်လူ့ဝတ်စုံကို ဝတ်ဆင်သွားသောကြောင့် အမှောင်ထုနှင့်အဘူ နစ်မြုပ်နေလေသည်။

'ဒေါင်'

အုန်းမောင်းခေါက်သံတစ်ချက် ထွက်ပေါ်လာ၏။

မဖွေးမနှောင်းမှာပင်....

'ကူ....ကူး....ကူး'

ဟူသောငှက်သံများ ထွက်ပေါ်လာခြင်းကို ကြားလိုက်ရလေသည်။

ကျန်ကျော်င်း၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ တစ်ချက်တောင့်တင်းသွားလေသည်။

ဤအသံသည် ရန်သူများ တစ်ယောက်နှင့် တစ်ယောက် အချက်ပေးနေကြခြင်း ဖြစ်ကြောင်း နားလည်ထားသည်။

သူ၏ မျက်လုံးအစုံက ပေါင်ချင်းထန်း၏ ပြတင်းပေါက်တံခါးအား မျက်တောင်မခတ် စိုက်ကြည့်နေလေသည်။



ထိုအချိန်၌ စားသောက်ဆိုင်၏ ခေါင်မိုးထက်တွင် လူရိပ်တစ်ခု ရုတ်တရက် မြင်တွေ့လိုက်ရသည်။

ကျန်ကျော်င်းက မိမိ၏လက်ထဲတွင် ဓားပါးလေးတစ်လက်ကို ကိုင်ဆောင်ထားလိုက်လေသည်။

ယင်းအချိန်....

နောက်ထပ် လူရိပ်တစ်ခုကို မြင်တွေ့လိုက်ရပြန်လေသည်။

ပထမလူရိပ်သည် ပေါင်ချင်းထန်း၏ ပြတင်းပေါက်အားလင်းနို့တစ်ကောင်ကဲ့သို့ ခန္ဓာကိုယ်အား ဇောက်ထိုးဆွဲကာချောင်းကြည့်လိုက်သည်။

ကျန်ကျော်င်း၏ လက်တစ်ဖက် ဝှေ့ယမ်းလိုက်သည်။

'ဝှစ်'

ဓားရောင်တစ်ချက် ဝင်းလက်သွား၏။

'အား'

ပြတင်းပေါက်အား ချောင်းကြည့်နေသော လူမှာ စူးရှစွာ အော်ဟစ်ရင်း အောက်သို့ ပြုတ်ကျသွား၏။

ဒုတိယရောက်ရှိလာသော လူကပြတင်းပေါက်မှ လူအောက်သို့ ပြုတ်ကျသွားခြင်းကို တွေ့မြင်လိုက်ရသည်နှင့် အခြေအနေမဟန်ကြောင်း သိရှိလိုက်သည်။

သို့သော် သူ၏ အသိနောက်ကျသွားခဲ့လေပြီ။

သူ၏ ရင်ဝ၌ ခေါးပါးလေးတစ်လက်က ရုတ်တရက် နက်ရှိုင်းစွာ စိုက်ဝင်လာသည်ကို ခံစားလိုက်ရပြီး....

'အင့်'

မသဲမကွဲ ညည်းညူသံနှင့် အတူ တလိမ့်ကောက်ကွေး ပြုတ်ကျသွားခဲ့လေသည်။

ထိုအချိန် ခေါင်မိုးပေါ်သို့ လူလေးယောက် ထပ်မံရောက်ရှိလာပြန်၏။

ကျန်ကျောင်း၏ ရင်ထဲ၌ တစ်ချက် လှုပ်ရှားသွားသည်။

သူက အနီးရှိ သစ်ပင်တစ်ပင်ပေါ်သို့ ကြောင်တစ်ကောင်၏ ပေါ့ပါးခြင်းမျိုးဖြင့် ခုန်ကူးလိုက်သည်။

ယင်းတဒင်္ဂအချိန်မှာပင် ခေါင်မိုးပေါ်မှ လူလေးယောက်က လက်တစ်ဖက်စီ ပြိုင်တူဝှေ့ယမ်း လိုက်ကြလေသည်။

လက်နက်ပုန်းများသည် မိုးသီးမိုးပေါက်များပမာ ကျန်ကျောင်း မူလရပ်နေသော သစ်ပင်ပေါ်သို့ ရောက်ရှိလာကြသည်။

သစ်ရွက်၊ သစ်ခက်များမှာ အစိတ်စိတ်အပိုင်းပိုင်း ဖြတ်တောက်၍ ပလူပျံသွားလေသည်။



အကယ်၍ကျန်ကျောင်းကသာ အချိန်မီလိမ့်ပါးနပ်စွာ မရှောင်တိမ်းနိုင်ပါလျှင် တွေးစရာမရှိပါ။

သူ၏ရင်ထဲ၌ လေးလံလာမိလေသည်။

သူသည် ဂုန်သူရောက်လာမည်ဟု ကြိုတင်ခန့်မှန်းမိခဲ့သော်လည်း ဤမျှလူများလိမ့်မည်ဟု သူက မခန့်မှန်းမိပါချေ။

ထိုလူများမှာ တိုက်ခိုက်ရေးအလွန်ကျွမ်းကျင်ကြကြောင်း အကဲခတ်မိသဖြင့် သူက....

ပေါင်ချင်းထန်းအတွက် ကာကွယ်နိုင်ပါ့မလားဟု စိုးရိမ်လာမိလေတော့သည်။

*　　*　　*

ကျန်ကျောင်းသည် ပုန်းကွယ်နေ၍ မဖြစ်တော့ပါချေ။

အကြောင်းမှာ ထိုလူများသည် တရားသူကြီးပေါင်ချင်ထန်းနေထိုင်သောအခန်းကို ကောင်းစွာသိရှိနေပြီဟု ရိပ်စားမိလာလေသည်။

ထို့ကြောင့် ယင်းလူများကို ပေါင်ချင်းထန်း၏အခန်းထဲသို့ မဝင်ရောက်နိုင်ရန် ဟန့်တားရပေလိမ့်မည်။

ထို့ကြောင့် ယင်းသို့ဆုံးဖြတ်လိုက်ပြီးသည်နှင့် ခေါင်မိုးပေါ်မှလူများကိုတိုက်ခိုက်ရန် သစ်ကိုင်းကို အားပြု၍ တစ်ချက်ခုန်လိုက်၏။

သစ်ကိုင်းများမှ တုန့်ပြန်အားကိုယူ၍ သူ၏ခန္ဓာကိုယ်က လေထဲသို့ ထိုးတက်သွားလေသည်။

ထို့နောက် လေထဲ၌ ကျွမ်းတစ်ပတ်ပစ်ကာ ခေါင်မိုးပေါ်သို့ ရောက်ရှိသွားလေသည်။

ခေါင်မိုးပေါ်တွင်ရောက်ရှိနေသော လူလေးယောက်သည် မိမိတို့ထံသို့ ရောက်ရှိလာသောကျန်ကျောင်းကိုတုံ့ဆိုင်းနေခြင်းပင်မပြုဘဲ ဆီးကြို၍တိုက်ခိုက်နေကြလေသည်။

ထိုအချိန်မှာပင် လူသုံးယောက်သည် သင်ပင်များကြားမှ ဘွားခနဲပေါ်လာကြ၏။

သူတို့သည် အမှောင်ရိပ်ကိုခို၍ တည်ခိုးခန်းအဆောက်အဦ အနီးသို့ပြေးကပ်လိုက်သည်။

ယင်းနောက် ပေါင်ချင်းထန်းနေထိုင်သော အခန်း၏ ပြတင်းပေါက်ဆီသို့ ခုန်တက်လိုက်၏။



ကျန်ကျောင်းသည် ထိုလူလေးယောက်နှင့် တိုက်ခိုက်ရာမှ လူသုံးယောက်က ပေါင်ချင်းထန်း၏ အခန်းပြတင်းပေါက်ဆီသို့ခုန်ဝင်ရန်ကြိုးစားနေခြင်းကို တွေ့မြင်လိုက်လေသည်။

သူက ထိတ်လန့်တုန်လှုပ်သွား၏။

ထိုလူသုံးယောက်အား သွားရောက်ဟန့်တားရန် စဉ်းစားမိသော်လည်း ဝိုင်းရံတိုက်ခိုက်နေကြသော လူလေးယောက်က ဖိ၍ ဝိုင်းရံတိုက်ခိုက်ထားကြသဖြင့် ပို၍ ထိတ်လန့်လာမိလေသည်။

သူက မိမိအခန်းထဲမှ ထွက်လာခဲ့ခြင်းမှာ မဟာအမှားတစ်ခုပြုမိလိုက်ပြီဟု စဉ်းစားမိကာ နောင်တကြီးစွာ ရရှိလာလေသည်။

သူသည် အံကို တင်းတင်းကြိတ်ကာ ထိုလူလေးယောက်အား ဖိ၍ တိုက်ခိုက်လိုက်၏။

ထိုလူလေးယောက်အနက် တစ်ယောက်က ဓားထိ၍ ခေါင်မိုးပေါ်မှ ပြုတ်ကျသွားခဲ့လေသည်။

သို့သော်....

ကျန်သုံးယောက်က အလျှော့မပေးဘဲ ပိတ်ဆို့တိုက်ခိုက်နေသေး၏။

ကျန်ကျောင်းက အံကို တင်းတင်းကြိတ်၍ ဖိတိုက်လိုက်ရာ....

'အား....'

ဟူသော အသံနှင့်အတူ နောက်ထပ် လူတစ်ယောက် လဲကျသွားပြန်၏။

ကျန်ရှိသော လူနှစ်ယောက်က သူ့အားဟန့်တား၍ မရကြောင်း သိလိုက်သဖြင့် နောက်သို့ ခြေသုံးလှမ်းခန့် ဆုတ်လိုက်ရ၏။

ယင်း တဒင်္ဂအချိန်လေးမှာပင် ကျန်ကျောင်းက မြတင်းပေါက်မှတစ်ဆင့် ပေါင်ချင်းထန်း၏ အခန်းထဲသို့ ခုန်ဝင်လိုက်လေသည်။

သူ၏ မျက်လုံးများ ရုတ်တရက် ပြူးကျယ်သွားမိလေသည်၊

အကြောင်းမှာ ဂွမ်းစောင်ခြုံထားသော ပေါင်ချင်းထန်းလို ခန္ဓာကိုယ်ပေါ်တွင် ဓားငယ်များ ဆယ်လက်မက စိုက်ဝင်နေခြင်းကို တွေ့မြင်လိုက်ရသည် မဟုတ်ပါလော။

အခန်းထဲတွင် ရောက်နေသော လူသုံးယောက်က ဓားဖြင့် ခုတ်ချရန် ဟန်ပြင်နေစဉ် ကျန်ကျောင်း ဝင်ရောက်လာခြင်းကို တွေ့မြင်လိုက်ရသဖြင့် ရပ်တန့်သွားကြလေသည်၊

'ယဲ့ား....'

ကျန်ကျောင်း၏ အော်ဟစ်မာန်သွင်းသံကဲ ကျားတစ်ကောင်၏ ဟိန်းဟောက်သံကဲ့သို့ ထွက်ပေါ်လာလေတော့သည်။



တစ်ဆက်တည်းမှာပင် သူ၏ ဓားကို အားမာန်အပြည့်ဖြင့် ဝှေ့ယမ်းကာ ထိုလူသုံးယောက်အား ဝင်ရောက် တိုက်ခိုက်လိုက်လေသည်၊

ထိုလူသုံးယောက်က တွေဝေနေစဉ် ကျန်ကျောင်းက ရုတ်တရက် ဝင်ရောက် တိုက်ခိုက်လာသောကြောင့် အံ့အားသင့်လျက် အတုံးအရုံး လဲကျသွား၏။

ကျန်ကျောင်းက ဓားကို ကြမ်းပြင်ပေါ်သို့ ထိုးစိုက်လိုက်လေသည်၊

ထို့နောက်....

ငိုကြွေးလိုက်လေတော့သည်။

* * *

ကျန်ကျောင်းသည် လက်ပေါ်တွင် နဖူးတင်ကာ ဝမ်းနည်းပက်လက် ငိုကြွေးနေစဉ် ရုတ်တရက် အသံတစ်ခုက သူ့နားထဲသို့ ထိုးဝင်လာခြင်းကို ကြားလိုက်ရ၏။

'ကျန်ကျောင်း....မင်း ဘာဖြစ်လို့ ငိုနေတာလဲ'

ကျန်ကျောင်းက အံ့သြသွားမိလေသည်။

သူက မျက်လုံးဖွင့်၍ ကြည့်လိုက်ရာ ခုတင်ပေါ်ရှိ ပေါင်ချင်းထန်းမှာ ဂွမ်းစောင်ကြီးအောက်တွင် ငြိမ်သက်နေဆဲပင်။

သူက မျက်လုံးတစ်ချက် ဝေ့ကြည့် လိုက်လေတော့သည်။

စောစောကပြောလိုက်သော စကားသံမှာပေါင်ချင်းထန်း၏ အသံအဖြစ်ကြောင်း ကောင်းစွာ မှတ်မိလိုက်လေတော့သည်။

သူ၏ စိတ်ထဲ၌ သံသယဖြစ်လာလေသည်၊

ဝုန်းခနဲ ထ,ရပ်ကာ ဂွမ်းစောင်ကို ဖယ်ရှားလိုက်ရာ ခုတင်ပေါ်တွင် ပေါင်ချင်းထန်း မရှိဘဲ ခေါင်းအုံးများကို လူပုံသဏ္ဍာန် ထားရှိကြောင်း မြင်တွေ့လိုက်ရ လေတော့သည်။

သူက ကြောင်အမ်းအမ်း ဖြစ်နေစဉ်....



ပေါင်ချင်းထန်းက ခုတင်အောက်မှ တိုးထွက်လာခြင်းကို တွေ့မြင်လိုက်ရလေတော့သည်။

* * *

ကျန်ကျောင်းသည် ပေါင်ချင်းထန်းအား ဘေးမသိရန်မခဘဲ အသက်ရှင်လျက် တွေ့မြင်လိုက်ရသဖြင့် ဝမ်းသာသွားမိလေသည်။

ပေါင်ချင်းထန်းက ထ,ထိုင်လိုက်၏၊

ထို့နောက်....

ကျန်ကျောင်း၏ ပခုံးကို ပုတ်လိုက်၏။

'မင်း ထွက်သွားပြီး မကြာခင် တိုက်ခိုက်နေတဲ့ အသံတွေကို ကြားလိုက်ရလို့ ငါ့ကို လာသတ်ပြီဆိုတာ နားလည်လိုက်တယ်၊ ဒါကြောင့် ငါက အခုလို ဉာဏ်ကို အသုံးပြုလိုက်ရတာပဲ'

ကျန်ကျောင်းက လေပူတစ်ချက် မှုတ်ထုတ်လိုက်လေတော့သည်၊

'ဟျှ.... တရားသူကြီးမင်းက ညာကာကူပေါ့ နို့မဟုတ်ရင်'

ပေါင်ချင်းထန်းက သက်ပြင်းချလိုက်သည်။

'ဘာပဲဖြစ်ဖြစ် ငါတို့ဟာ အနုနည်းလုပ်တဲ့အတွက် နတ်သိကြားက ငါတို့ဘက်မှာ အမြဲရှိနေတယ်ဆိုတာ ငါယုံကြည်တယ်'

ကျန်ကျောင်းက အရိုအသေ ပြုလိုက်၏။

'မှန်ပါတယ် ခင်ဗျာ'

ပေါင်ချင်းထန်းက....

'အင်း....ဒီတစ်ခါ ငါတို့နောက်ကို လိုက်လာတဲ့ လူတော် အတော်များသွားပဲ့ အခု အဲဒီလူတွေ အကုန် သေကုန်ပြီလား'

ကျန်ကျောင်းက အနည်းငယ် စဉ်းစားကာ....

'နှစ်ယောက်ပဲ ကျန်ပါတော့တယ်'

ပေါင်ချင်းထန်းက သက်ပြင်းတစ်ချက် ချလိုက်လေတော့သည်။

'အင်း...နှစ်ယောက်လဲ မနည်းလှပါဘူး၊ ဒါကြောင့်နေပြည်တော်ကို အမြန်ဆုံး ရောက်ဖို့ လိုမယ်'



ကျန်ကျောင်းက ခေါင်းညိတ်လိုက်၏။

'မှန်ပါတယ်'

ပေါင်ချင်းထန်းက ခေါင်းတညိတ်ညိတ်ဖြင့်....

'အေး....ကဲ....ကဲ မင်းလဲ အနားယူလိုက်ဦး၊ ငါတစ်လှည့် စောင့်နေမယ်'

ကျန်ကျောင်းက ခေါင်းခါယမ်းလိုက်၏။

'ကျွန်ုပ်ဟာ ခံနိုင်ရည်ရှိပါသေးတယ်'

အမှန်တွင် သူက နေ့စဉ်နေ့တိုင်း အိပ်ပျက်ခံသဖြင့် အနားယူချင်သော်လည်း ပေါင်ချင်းထန်း၏ လုံခြုံရေးအတွက် စိတ်မချပါချေ။

ဤသို့ဖြင့်....

သူတို့နှစ်ယောက်က မိုးလင်းလာသည်အထိ အန္တရာယ်ရောက်ရှိလာမည်လေဟု စောင့်စားနေရ၏။

သို့သော်....

မည်သည့်အန္တရာယ်ဆာမျှ ထပ်မံရောက်ရှိလာခြင်း မရှိတော့ဘဲ မိုးလင်းသွားခဲ့လေတော့သည်။

* * *

မိုးသောက် အရှက်လင်းလာပြီ ဖြစ်သည်။

ပေါင်ချင်းထန်းနှင့် ကျန်ကျောင်းတို့သည် မြို့ကလေးမှ စတင်ထွက်ခွာခဲ့ကြလေသည်။

ပေါင်ချင်းထန်းအား ဝေါစင်ဖြင့် သယ်ဆောင်ခဲ့ပြီး ကျန်ကျောင်းကမူ မြင်းတစ်ကောင်ကို ဝယ်ယူ၍ ဝေါစင်နံဘေးတွင် ထက်ကြပ်မကွာ စောင့်ကြပ်ရင်း လိုက်ပါလာခဲ့လေသည်။

သူတို့သည် မြို့ကလေးနှင့် လီပေါင်းဆယ်လီ အကွာသို့ ရောက်ရှိလာသောအခါ ပေါင်ချင်းထန်းက တစ်ညလုံး အိပ်ပျက်လာသဖြင့် ဝေါစင်ပေါ်တွင် အိပ်ပျော်သျောက် လိုက်သွားလေသည်။



ကျန်ကျောင်းက မြင်းကို မှန်မှန်စီးရင်း ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်ကြည့်လိုက်ရာ ရှေ့တွင်တောအုပ်လေးတစ်ခု ရှိနေခြင်းကို မြင်တွေ့လိုက်ရ၏။

ယင်း တောအုပ်လေးအား ဖြတ်ကျော်ပြီးသည်နှင့် နေပြည်တော်သို့ သွားရာလမ်းမကြီးဆီသို့ ရောက်ရှိသွားမည်နားလည်လိုက်သည်။

မင်းလမ်းမပေါ်သို့ ရောက်ရှိသွားပါလျှင် အန္တရာယ်များလုံးဝစိတ်ချသွားရပေလိမ့်မည်။

အကြောင်းမှာ....

မင်းလမ်းမပေါ်တွင် ခရီးသည်များ ဥဒဟိုသွားလာနေကြမည်မဟုတ်ပါလား။

မည်သို့ဆိုစေ....

ယခုမှာမူ....

ရန်သူနှစ်ယောက်၏ အန္တရာယ်က ရှိနေသေး၏။

အကယ်၍—

သူတို့က အန္တရာယ်ပြုလာမည်ဆိုပါလျှင် တောအုပ်မှ ဆီးကြိုတိုက်ခိုက်မည်ဟု ကြိုတင်ခန့်မှန်းမိလေသည်။

နေပြည်တော်သို့ သွားရန်မှာ ဤတစ်လမ်းသာ ရှိပြီး တခြား ဖြတ်လမ်း မရှိသောကြောင့် အန္တရာယ်ရှိနိုင်မည်ဟု သိရှိပါလျက်က ခရီးဆက်ခဲ့ရလေတော့သည်။

* * *

ကျန်ကျောင်းသည် တောအုပ်နှင့် နီးကပ်လာလေလေ ရင်တမမ ဖြစ်လာမိလေ၏။

သူက ဝေါစင်ထမ်းသမား နှစ်ယောက်အား ဤသို့ မှာကြားလိုက်ရ၏။

'ဒီမှာ မင်းတို့ကို ငါသတိပေးမယ်၊ ဟိုတောအုပ်ကို ဖြတ်ကျော်ကာနီးချိန်မှာ ရန်သူနဲ့ တွေ့ကောင်း တွေ့နိုင်တယ်၊ ဒါကြောင့် ရန်သူက ဝင်ရောက်တိုက်ခိုက် လာတယ်ဆိုရင် မင်းတို့က ကြောက်ရွံ့ပြီး ထွက်မပြေးရဘူး၊ တရားသူကြီးမင်းကို သယ်ဆောင်ပြီး အမြန်ဆုံး မင်းလမ်းမရောက်အောင် ခေါ်ပြေးပါ၊ တကယ်လို့ မင်းတို့က တရားသူကြီးမင်းကို ထားခဲ့ပြီး ထွက်ပြေးမယ်ဆိုရင် ကြီးလေးတဲ့ အပြစ်ဒဏ်ခံရမယ်ဆိုတာ နားလည်ထားပါ'



ဝေါစင်ထမ်းသော လူနှစ်ယောက်က ပြိုင်တူခေါင်းညိတ်ပြလိုက်ကြ၏။

'စိတ်ချပါ ကျွန်တော်တို့ အသက်နဲ့ ကာကွယ်ပြီး တရားသူကြီးမင်းကို ခေါ်သွားပါ့မယ်'

ကျန်ကျောင်းက ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ....တောအုပ်အနီး ရောက်သွားတာနဲ့ မင်းတို့ အမြန်ဆုံး ပြေးကြပါ၊ ငါက နောက်မှကျန်ခဲ့ပြီး ရန်သူကို ဟန့်တားထားမယ်'

ဝေါစင်ထမ်းသော လူနှစ်ယောက်က ပြိုင်တူခေါင်းညိတ်ပြလိုက်ကြရလေတော့သည်။

* * *

ဤနေရာသည် တောအုပ်တစ်ခုဖြစ်၏။

ထိုလမ်းကလေးသည် တောအုပ်ထဲမှ တစ်ခုတည်းသော လူသွားလမ်းကလေးတစ်ခု ဖြစ်သည်။

မိုးလင်းလာပြီဖြစ်၍ ဝန်းကျင်တစ်ခုလုံး ထင်ထင်ရှားရှား တွေ့မြင်နေရလေသည်။

ကျန်ကျောင်းတို့သည် တောအုပ်ထဲသို့ ဝင်ရောက်မိလာကြပြီဖြစ်သည်။

ကျန်ကျောင်းက သတိကြီးစွာဖြင့် ဝန်းကျင်အားကြည့်ကာ ဤသို့ အမိန့်ပေးလိုက်သည်။

'ကဲ....မင်းတို့ ပြေးကြတော့'

သူ၏စကားသံဆုံးသွားသည်နှင့် ဝေါစင်ထမ်းထားသောလူနှစ်ယောက်က လျင်မြန်စွာ ပြေးလွှားသွားကြ လေသည်။

ကျန်ကျောင်းက ဘယ်ညာသို့ သတိကြီးစွာ ကြည့်ရင်းမြင်းကိုမောင်းနှင်လာခဲ့သည်။

သူ၏လက်ထဲတွင် ဓားကို အသင့်ဆုပ်ကိုင် ထားလေ၏။ သူက ရန်သူများ မည်သည့်နေရာမှ ထွက်ပေါ်လာမည်ကို စောင့်ကြည့်နေ၏၊

သို့သော် တောအုပ်တစ်ဝက်ကျော်ကျော်သို့ ရောက်ရှိလာသည့်တိုင်အောင် ရန်သူ၏အရိပ်အယောင်ကိုပင် မတွေ့ရပါချေ။

သူက အံ့ဩသွားမိသည်။



ရန်သူများမှာ မိမိနှင့် မယှဉ်သာ၍ ပြန်ပြေးသွားခြင်းလော။

သို့သော် ထိုလူများမှာ လက်မရှိခေါ်သမားများ ဖြစ်ကြလေသည်။

သူတို့က မည်သည့်တာဝန်ကို ထမ်းဆောင်ရမည် ဖြစ်စေ အလွယ်တကူ လက်လျှော့တတ်သူများ မဟုတ်ကြပါချေ။

သူသည် တောအုပ်တစ်ဖက်တစ်ချက်အား သတိကြီးစွာဖြင့် ကြည့်ရင်း ရုတ်တရက် ဝေါစင်အား လှမ်းကြည့်လိုက်လေသည်။

သူ၏မျက်လုံးအစုံက ရုတ်တရက် ပြူးကျယ်သွားမိလေသည်။

အကြောင်းမှာ....

ဝေါစင်သည် အတန်ဝေးဝေးသို့ ရောက်ရှိနေပြီ မဟုတ်ပါလော။

သူက ဝေါစင်ထမ်းထားသောလူနှစ်ယောက်အား ယခုမှ အံ့ဩစွာ ဂရုစိုက်၍ ကြည့်မိလေသည်။

ထိုလူများမှာ သိုင်းသမားများမဟုတ်၍ ကိုယ်ဖော့ပညာလည်း တတ်ကြမည် မဟုတ်ပါချေ။

သို့သော် ယခု ထိုဝေါစင်ထမ်းထားသော လူနှစ်ယောက်၏ ပြေးလွှားနေပုံမှာ ကိုယ်ဖော့ပညာ အလွန် အဆင့်မြင့်ကြောင်း သိသာလှပေသည်။

သူ၏ရင်ထဲ၌ တစ်ချက် လှုပ်ရှားသွားသည်။

'ဟာ….ဒုက္ခပါပဲ'

သူက လွှတ်ခနဲရေရှတ်ရင်းမှ မြင်းကို အရှိန်မြင်းစွာဖြင့် မောင်းနှင်ကာ ဝေါစင်ထံသို့ ပြေးလွှားသွားသည်။

ဝေါစင်သည် ရှတ်တရက် ရှေ့သို့ဆက်မသွားဘဲ တောအုပ်၏ ဘယ်ဘက်သို့ ချိုးကွေ့ဝင်ရောက်သွားခြင်းကို တွေ့မြင်လိုက်ရလေသည်။

ကျန်ကျောင်းက ထိုနေရာသို့ မြင်းကို အရှိန်မြင်းစွာ မောင်းနှင်၍ လိုက်သွားသောအခါ….

ဝေါစင်က တစ်နေရာတွင်ရှိနေပြီး ပေါင်ချင်းထန်းနှင့် ဝေါစင်ထမ်းသော လူနှစ်ယောက်အား မမြင်တွေ့ရတော့ပါ။

သူက မြင်းပေါ်မှ ခုန်ဆင်းကာ ဝန်းကျင်သို့ မျက်လုံးဝေ့ကြည့်လိုက်သည်။

တောအုပ်က ထူထပ်ခြင်း မရှိပါ။

နေရောင်ခြည် သည် သစ်ရွက်များကိုထိုးဖောက်ကာ ဟိုတစ်ကွက် သည်တစ်ကွက် ပေါ်နေ၏။



ကျန်ကျောင်းက တစ်လှမ်းခြင်း လှမ်းသွားသည်။

ထိုလူများမှာ တစ်နေရာရာတွင် ပုန်းကွယ်နေလိမ့်မည်ဟု နားလည်လိုက်သည်။

သူက နားနှင့်မျက်လုံးကို အစွမ်းကုန်ဖွင့်၍ တစ်လှမ်းခြင်း လှမ်းနေစဉ်….

ရှတ်တရက် သစ်ပင်၏နောက်ကွယ်မှ လူရိပ်တစ်ခုက မြေပြင်ပေါ်တွင် ထင်ဟတ်၍ ပေါ်နေခြင်းကို တွေ့မြင်လိုက်ရသည်။

သူက ရှေ့သို့ဆက်၍ မလှမ်းတော့ပါ။

သူ၏ခန္ဓာကိုယ်က ရှတ်တရက် သစ်ပင်တစ်ပင်ပေါ်သို့ ခုန်တက်လိုက်သည်။

ထိုသစ်ပင်ပေါ်မှ ကြည့်လိုက်သောအခါ ဝေါစင်ထမ်းသမားဟန်ဆောင်ထားသော ရန်သူနှစ်ယောက်ကို တွေ့မြင်လိုက်ရသည်။

တစ်ယောက်က သစ်ပင်တစ်ပင်၏နောက်ကွယ်တွင် ဓားကို အသင့်ကိုင်ဆောင်ကာ ကျန်ကျောင်းအား တိုက်ခိုက်ရန် စောင့်စားနေလေသည်။

ကျန်တစ်ယောက်ကမူ သစ်ပင်တစ်ပင်၏ နောက်ကွယ်တွင် ပေါင်ချင်းထန်အား ဓားဖြင့်ထောက်ထားခြင်းကို တွေ့မြင်လိုက်ရသည်။

ကျန်ကျောင်းသည် မိမိက ရုတ်တရက်ဝင်ရောက်တိုက်ခိုက်၍ မဖြစ်ကြောင်း နားလည်လိုက်လေသည်။

အရေးအကြီးဆုံးမှာ ပေါင်ချင်းထန်း အနီးရှိ ရန်သူကို အရင်ဆုံး ရှင်းပစ်ရပေမည်၊

သူက အနည်းငယ်စဉ်းစားကာ အပေါ်အင်္ကျီကို အသာ အယာချွတ်လိုက်သည်။

ထို့နောက် ဘယ်ဘက်သို့ ပစ်ချလိုက်သည်။

ပေါင်ချင်းထန်အား ဓားဖြင့်ထောက်ထားသော ရန်သူက အနီရောင်သဏ္ဍာန်တစ်ခု ဘာစ်ပင်ပေါ်မှပျံဝဲလာခြင်းကို တွေ့ မြင်လိုက်ရသဖြင့် ချာခနဲနောက်သို့လှည့်ကာ ဓားဖြင့်ခုတ်ချ လိုက်သည်။

သူသည် အင်္ကျီတစ်ထည်ကို ခုတ်မိကြောင်း သိရှိလိုက်ချိန် တွင် ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားလေသည်။

ယင်းတဒင်္ဂ အချိန်လေးမှာပင် ကျန်ကျောင်းက သူ့အ ပေါ်သို့ ခုန်အုပ်လာသည်။

ထိုလူမှာ မမျှော်လင့်သော အဖြစ်အပျက်ကြောင့် မည်သို့ မျှ မရှောင်တိမ်းနိုင်တော့ပါ၊

ကျန်ကျောင်း၏ဓားက ထိုလူ၏ရင်ဝသို့ ထိုးစိုက်မိလေ သည်။



ယင်းအချိန် ကျန်လူတစ်ယောက်က ကျန်ကျောင်းထံသို့ တိုက်ခိုက်ရန် ပြေးလာ၏။

ကျန်ကျောင်းက စဉ်းစားခြင်းပင်မပြုတော့ဘဲ ထိုလူထံသို့ အရှိန်ပြင်းစွာ ဓားဖြင့် ပစ်လွှတ်လိုက်သည်။

'အား....'

စူးရှသောအော်သံနှင့်အတူ ထိုလူက ရင်ဝတွင်ထိုးစိုက်လာ သောဓားကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ လဲကျသွားလေ သည်။

ကျန်ကျောင်းက သူ၏ရင်ဝတွင် စိုက်ဝင်နေသောဓားကို ဆွဲထုတ်ကာ သွေးများကိုသုတ်၍ ဓားအိမ်ထဲသို့ ပြန်သွင်း လိုက်သည်။

ပေါင်ချင်းထန်းက....

'သူတို့က ကျွန်ုပ်ကို မကောင်းကြံကြ တာပဲ'

ကျန်ကျောင်းက....

'သူတို့ဟာ ဝေါစင်ထမ်းတဲ့ လူတွေ မဟုတ်ပါဘူးဗျာ'

ပေါင်ချင်းထန်းက မျက်မှောင်ကုတ် လိုက်သည်။

'ဒါဖြင့်....သူတို့က ဘယ်သူတွေလဲ'

ကျန်ကျောင်းက....

'သူတို့ဟာ အတွင်းဝန်မင်း ကို့ဟိုင်ရဲ့ လက်ပါးစေ လူသတ်သမားတွေပါ၊ သူတို့က အထမ်းသမားတွေကို တစ်နည်း တစ်ဖုံနဲ့ နှင်လွှတ်လိုက်ပြီး အထမ်းသမားဟန် ရှပ်ဖျက်ထားတဲ့ လူတွေပါ'

ပေါင်ချင်းထန်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

'အင်း....တော်လဲ တတ်နိုင်ကြတာပဲကိုး'

သူက မဲ့ပြုံးပြုံးကာ—

'အတွင်းဝန်မင်းက ဘယ်လောက်ပဲ ထားဆီးထားပါစေ၊ မအောင်မြင်နိုင်တော့ပါဘူး၊ အမှန်အားဆိုရင် တစ်နေ့နေ့ ပေါ်ပေါက်ရမှာပါပဲလေ'

ကျန်ကျောင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ် တရားသူကြီးမင်း ကျွန်ုပ်တို့ သည်နေရာမှာ ကြာကြာမနေသင့်ပါဘူး၊ ကျွန်ုပ်ရဲ့ မြင်းကို စီးခဲ့ပါ၊ လမ်းမကြီးရောက်ရင် ဝေါစင်ငှားလို့ ရပါပြီ'



သူသည် ပေါင်ချင်းထန်းအား မြင်းပေါ်သို့ တင်ပေးကာ မြင်းဇက်ကြိုးကို ဆွဲလျက် တောအုပ်ထဲမှ ထွက်ခွာသွားကြလေတော့သည်။

လွင်စာပေ
အမှတ် ၁၅/၁၃၈၊ [illegible]
[illegible] ၄ မြို့
ဖုန်း ၂၀၇၇၇

* *

ပေါင်ချင်းထန်းသည် နေပြည်တော်သို့ ရောက်ရှိလာသောအခါ မီးထွန်းချိန်ပင် ရောက်ရှိနေပြီ ဖြစ်၏။

ကျန်ကျောင်းမှာ အလွန်ပင်ပန်းနွမ်းနယ်နေသဖြင့် ရုံးတော်သို့ ပြန်လည်ရောက်ရှိလာသည်နှင့် ချိုဟူအား တာဝန်များ လွှဲပေးကာ လွတ်လပ်စွာ အနားယူလိုက်လေသည်။

ပေါင်ချင်းထန်းသည် အမှုကို စတင်စစ်ဆေးနိုင်ပြီ ဖြစ်ရာ အမှုသည်များအမှုလာ အချက်အလက်များ အားလုံးကို ပြန်လည် အစီအစဉ်ပြုကာ အမှုတွဲကို ရေးသားလိုက်၏။

အမှုတွဲရေးပြီး မကြာမီမှာပင်....

အုန်းမောင်းခေါက်သံ လေးချက်တိတိ ထွက်ပေါ်လာလေသည်။

သူသည် ရေမိုးချိုးကာ တရားသူကြီးမင်း အဆောင်အယောင်များအား အပြည့်အစုံ ဝတ်ဆင်လိုက် လေတော့သည်။

ထို့နောက်....

ဘုရားစင်ရှေ့တွင် လက်အုပ်ချီ၍ ဆုတောင်းပြီးနောက် နန်းတော်သို့ ထွက်ခွာခဲ့လေသည်။

ယင်းအချိန်....

ဝန်မင်း၊ မှူးမတ်များ စုံလင်စွာနှင့် ဘုရင့်ရှေ့မှောက်တွင် ဝင်ရောက် ခစားသော အချိန်ဖြစ်၏။

ပေါင်ချင်းထန်းက မိမိရေးသားထားသော အမှုတွဲကို ကေရာဇ်မင်း၏ ရှေ့မှောက်တွင် ဆက်သလိုက်သည်။

ကေရာဇ်မင်းသည် အမှုတွဲကို သေသေချာချာ လေ့လာဖတ်ရှုပြီးနောက် ပူးတွဲတင်ပြထားသော ချိန်းထိုက်အိ ရေးသားခဲ့သော စာကိုလည်း သေချာစွာ ဖတ်ရှုကြည့်လေသည်။

အတန်ကြာတော့မှ....

သူက....

ဤကဲ့သို့ မေးလိုက်၏။



'တရားသူကြီးမင်းရဲ့ အမှုတွဲထဲမှာပါရှိနေတဲ့ လက်မရှိ သိုင်းသမားများဆိုတာဟာ အတွင်းဝန်မင်း ကို့ဟိုင်ရဲ့ လူဆိုတာ အထောက်အထား ပြနိုင်သလား'

ပေါင်ချင်းထန်းက လက်အုပ်ချီလိုက်သည်။

'မှန်လှပါ... ဤလက်မရှိလူတိသမား ဆယ်ယောက်ဟာ အတွင်းဝန်မင်းရဲ့ လက်ပါးစေဆိုတာကို သက်သေအထောက်အထား မရှိပါ....

'သို့ပါသော်လည်း အဝန်မင်းရဲ့ လက်အောက်မှာ လူဆယ်ယောက်တိတိနဲ့ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတစ်ခု ရှိပါတယ်....

'အခု ဤလူဆယ်ယောက် သေဆုံးသွားကြတဲ့ အတွက် အတွင်းဝန်မင်း လက်အောက်က အဖွဲ့အစည်း ပြိုပျက်ပါပြီ၊ အကယ်၍ အတွင်းဝန်မင်းက ငြင်းဆန်ခဲ့မယ်ဆိုပါလျှင် သူ့လက်အောက်က လူဆယ်ယောက်ကို ထုတ်ပြခိုင်းပါ....

'အကယ်၍ မပြနိုင်ခဲ့ပါလျှင် ကျွန်တော်မျိုးအား လိုက်၍ လုပ်ကြံသတ်ဖြတ်ကြသော လူများမှာ သူ၏ အဖွဲ့အစည်းမှလူများဖြစ်ကြောင်း သိရှိနိုင်ပါတယ် ဘုရား'

ဟု လျှောက်တင်လိုက်သည်။

ကောရာဇ်ဘုရင်က ခေါင်းတညိတ်ညိတ်ဖြင့် မိမိ၏ ကိုယ်ရံတော်မှူးဘက်သို့ လှည့်ကာ....

'ကိုယ်ရံတော်မှူး အတွင်းဝန်မင်းကို ခုမဆိုင်းဘဲ ငါကိုယ်မြတ်ထံသို့ ခစားဝင်စေရန် ဆင့်ခေါ်စေ'

ဟု အမိန့်ချမှတ်လိုက်၏။

ဝန်မင်း မှူးမတ်များတို့သည် အချင်းချင်း တီးတိုးပြောနေကြလေသည်။

'အလို....တရားသူကြီးမင်းက ဘာအမှုများ စွဲချက်တင်တာလဲကွ'

'မသိပါဘူး ကျွန်ုပ်တို့လဲ အခုမှ သိရတာပါ'

'သည်အမှုက အတွင်းဝန်မင်းနဲ့ ဘယ်များလို ပတ်သက်နေပါလိမ့်'

'အတွင်းဝန်မင်းဆီမှာ လူဆယ်ယောက် ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းဖွဲ့ရှိတာတော့ ကျွန်ုပ်တို့အားလုံး သိနေကြတာပဲ'

'ကေန္တတော့ အဲသည့်လူဆယ်ယောက်ဟာ ပြည်သူတွေကြားမှာ သောင်းကျန်းလို့ တရားသူကြီးကို တိုင်ကြားတာထင်တယ်'



'မဖြစ်နိုင်ပါဘူး၊ အဲသည့်လူဆယ်ယောက်ကသာ သောင်းကျန်းမယ်ဆိုရင် အတွင်းဝန်မင်းကိုပဲ တိုင်ကြားမှာပေါ့'

ဤသို့ဖြင့်....

ဝန်မင်း မှူးမတ်များက တင်ယောက်တစ်ခွန်း ဝေဖန်နေကြစဉ် အတွင်းဝန်မင်း ကိုဟိုင် ရောက်ရှိလာလေတော့သည်။

* * *

အတွင်းဝန်မင်း ကိုဟိုင်သည် နန်းတော်ထဲသို့ ဝင်ရောက်လာသောအခါ ပေါင်ချင်းထန်းအား တွေ့မြင်လိုက်ရသဖြင့် မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

သို့သော်....

ချက်ချင်းပင် ဣန္ဒြေဆည်လိုက်ရသည်။

သူက ဘုရင်ရှေ့တော်မှောက်တွင် ရှိခိုးကန်တော့ကာ....

'ဘုန်းတော်ကြီးလှသော ဘုရင်မင်းမြတ်ဘုရား၊ ကျွန်တော်မျိုးအား အဘယ်အရေးကြောင့် ဆင့်ခေါ်ရပါသလဲ ဘုရား'

ဟု လျှောက်ထားလေသည်။

ကေရာဇ်ဘုရင်က—

ဤသို့ မိန့်တော်မူလေသည်။

'တရားသူကြီးမင်း ပေါင်ချင်းထန်းက အမှုတစ်ခုတင်ပြလာရာမှာ အသင်နဲ့ ပတ်သက်နေ၍ ဤသို့ ဆင့်ခေါ်ရခြင်းဖြစ်ပါတယ်'

သူက....

အမှုတွဲကို အတွင်းဝန်မင်းထံသို့ လှမ်းပေးကာ....

'ဤအမှုတွဲကို အသင့်တာသာ ဖတ်ရှုကြည့်ပေတော့'

အတွင်းဝန်မင်း ကိုဟိုင်တာ လက်နှစ်ဖက်ဖြင့် အမှုတွဲကို လှမ်းယူကာ ဖတ်ကြည့်ရင်းမှ ခန္ဓာကိုယ်တစ်လုံး တုန်တုန်ယင်ယင်ဖြစ်လာလေသည်။

ကေရာဇ်ဘုရင်က....



သူ့အား အကဲခတ်ကြည့်ရင်း ရင်ထဲ၌ စိတ်သုပ်ရှားလာမိသည်။

အကြောင်းမှာ....

ဤအမှုသာ မှန်ကန်ခဲ့ပါလျှင် တိုင်းပြည်နှင့် အဝှမ်း ဆူပူသွားနိုင်သည် မဟုတ်ပါလော။

ပထမတွင်—

ဘုရင်မင်းမြတ်က တရားသူကြီး ပေါင်ချင်းထန်းမှ ဤအမှုအကြောင်း လျှောက်တင်လာစဉ် စိတ်ဝင်စားခြင်း မရှိခဲ့ပါချေ။

သို့သော်....

ယခုမှာမူ....

ဤအမှုသည် တဖြည်းဖြည်း လေးလေးနက်နက် ဖြစ်လာကြောင်းကို သူက တွေ့မြင်လိုက်ရသည်။

အထူးသဖြင့်....

သမားတော်ကြီး ချန်းထိုက်အိ၏ အစီအရင်ခံစာထဲတွင် လွှန်ခဲ့သော တစ်ဆယ့်ရှစ်နှစ်တုန်းဆီက မိမိကိုယ်တိုင်စစ်ဆေး

ရှုကြည့်ခဲ့သည့် မြောက်နန်းစံမိဖုရားကြီး၏ သန္ဓေတည်သည်ဟူသော ကိစ္စမှာ မမှန်ကန်ကြောင်းနှင့် တောင်နန်းစံမိဖုရားတွင် သန္ဓေတည်ခြင်းသာ ဖြစ်သည်။

ထို့ကြောင့်....

မြောက်နန်းစံမိဖုရားကြီးက လိမ်ညာ၍ ဘုရင်မင်းမြတ်အား လျှောက်တင်ခြင်း ဖြစ်သည်ဟု ဖော်ပြထားလေတော့သည်။

ငှင်းပြင်....

သမားတော်ကြီး ချိန်းထိုက်အိကဲ မိမိမှာ အတွင်းဝန်မင်းကို့ဟိုင်၏ ခြိမ်းခြောက်မှုကြောင့် မြောက်နန်းစံမိဖုရားတွင် သန္ဓေတည်သည်ဟု လိမ်ညာခဲ့ရကြောင်းနှင့် ဤကိစ္စတွင် မိမိမှာ အပြစ်ရှိသည်ဟု ယူဆကာ နန်းတွင်း သမားတော်ကြီးဘဝကို အနားယူရင်း အပြစ်ပေးခဲ့ကြောင်းကိုလည်း ပါရှိလာလေသည်။

ထို့ကြောင့်....



ဇေရာဇ်မင်းက ယင်းအမှုကို မလွှဲမရှောင်သာတော့ဘဲ ယခုကဲ့သို့ စစ်ဆေးရန် အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်လေတော့သည်။

*

* * *

အတွင်းဝန်မင်း ကို့ဟိုင်သည် အမှုကွဲကို ဖတ်ပြီးနောက် မျက်နှာမှာ အနည်းငယ်မျှ ထိတ်လန့်ဟန်မပြဘဲ အံ့သြနေသည့်ဟန်ဖြင့် ဤသို့ မေးလာ၏။

'တရားသူကြီးမင်းကို စကားတစ်ခွန်း မေးပါရစေ'

ပေါင်ချင်းထန်းက ခေါင်းညိတ်လိုက်သည်။

'မေးနိုင်ပါတယ်'

အတွင်းဝန်မင်း ကို့ဟိုင်က....

'တရားသူကြီးမင်းနဲ့ ကျွန်ုပ်ဟာ ရန်ငြိုးများ ရှိခဲ့ဖူးပါသလား'

ပေါင်ချင်းထန်းက ခေါင်းခါရမ်းလိုက်သည်။

'မရှိပါဘူး'

အတွင်းဝန်မင်း ကို့ဟိုင်က....

သူ့အား စိုက်ကြည့်လိုက်သည်။

'ဒါဆိုရင် ဘာကြောင့် အခုလို အကျွန်ုပ်ကို မဟုတ်မမှန် တာတွေ တင်ပြပြီး တရားစွဲဆိုရတာလဲ'

ပေါင်ချင်းထန်းက ခေါင်းကို ဖြည်းညင်းစွာ ခါရမ်းလိုက်သည်။

'ကျွန်ုပ်ဟာ တရားသူကြီး တာဝန်ယူထားရတဲ့ လူပါ၊ ဒါကြောင့် ဘယ်သူနဲ့ဘယ် ဆိုင်ဖြစ် ရန်ငြိုးရှိသည်ဖြစ်စေ မရှိ သည်ဖြစ်စေ တိုင်ကြားလာတဲ့ အမှုပေါ်မှာ သုံးသပ်စစ်ဆေး ရမှာပဲ'

အတွင်းဝန်မင်း ကို့ဟိုင်က ခေါင်းအသွင်သွင် ခါရမ်းလိုက်သည်၊

'အသင်အခု စွဲဆိုထားတဲ့ အမှုဟာ လုံးဝယုတ္တိမရှိဘူးလို့ ကျွန်တော်ကပြောရင် အသင်ကဘာများ သက်သေအထောက် အထားနဲ့ ပြနိုင်ပါသလဲ'

ပေါင်ချင်းထန်းက တည်ကြည်သော မျက်နှာထားဖြင့်....



'အသင်ငြင်းဆန်ရင် ကျွန်ုပ်က အထောက်အထားနဲ့ ပြသ မှာပါ'

အတွင်းဝန်မင်း ကို့ဟိုင်က သူ့အား စိုက်ကြည့်လိုက်၏။

'ပထမဆုံး ကျွန်ုပ် ပြောလိုက်ဘာက ဤစာကို သမား တော်ကြီး ချန်းထိုက်အိကိုယ်တိုင် ရေးတယ်ဆိုတာ ကျွန်ုပ်က ဘယ်လို ယုံကြည်ရမှာလဲ'

ပေါင်ချင်းထန်းက အေးဆေးတည်ငြိမ်သော အသံဖြင့်....

'အတွင်းဝန်မင်းဟာ နန်းတွင်းသမားတော်ကြီး တစ် ယောက်ပါ၊ သူ့ရဲ့လက်ရေးတွေဟာ နန်းတွင်းမှတ်တမ်းရုံး မှာ ရှိနေမှာပါ၊ ဒါကြောင့် အတွင်းဝန်မင်းအနေနဲ့ သံသယ ရှိမယ်ဆိုရင် တိုက်ကြည့်ပါ'

အတွင်းဝန်မင်း ကို့ဟိုင်က....

'ထားပါတော့....သူက ဒီစာကိုရေးဝံ့ပါလျက် ဘာကြောင့် နန်းတွင်းကို ကိုယ်တိုင်ကိုယ်ကျလာပြီး ဘုရင်မင်းမြတ်ရဲ့ ရှေ့ တော်မှောက်မှာ မလျှောက်တင်ဝံ့တာလဲ'

သူ၏ စကားကြောင့် နန်းတွင်းမှူးမတ်တို့က ခေါင်းတ ညိတ်ညိတ်ဖြင့် ထောက်ခံကြသည်။

'ဟုတ်ပါရဲ့လေ၊ ဤကိစ္စ မှန်ကန်တယ်ဆိုရင် သမားတော် ကြီးက ကိုယ်တိုင်လာသင့်တာပေါ့'

ဟု ဝန်မင်းတစ်ယောက်က တီးတိုးပြောလိုက်သည်။

တခြားဝန်မင်းက သူ့အား ကြည့်လိုက်သည်။

'အသင်က ဒီကိစ္စကိုဝင်ပြီး ဝေဖန်နေတော့ တရားသူကြီးမင်းဟာ အတွင်းဝန်မင်းကို ဘာအမှုနဲ့ တရားစွဲတယ်ဆိုတာ သိလို့လား'

ပထမဝန်မင်းက တွေဝေသွားလေသည်။

'မကြေညာသေးတဲ့ အမှုကို ကျွန်ုပ်က ဘယ်သိပါ့မလဲ'

ဒုတိယဝန်မင်းက သူ့အား ကြည့်လိုက်သည်။

'မသိတဲ့ကိစ္စကို မဝေဖန်ဘဲ တိတ်တဆိတ် နားထောင်နေရင် အကောင်းဆုံးပါပဲ'

ထိုစကားကြောင့် ပထမဝန်မင်းက စကားမပြော နိုင်တော့ပါချေ။

* * *



ပေါင်ချင်းထန်းက အေးဆေးတည်ငြိမ်သော အသံဖြင့်....

'ဝမ်းနည်းပါတယ်၊ သူကိုယ်တိုင် မလာလို့ပါ'

အတွင်းဝန်မင်း ကို့ဟိုင်က မျက်မှောင် ကုတ်လိုက်၏။

'ဘာဖြစ်လို့ပါလိမ့်'

ပေါင်းချင်းထန်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

'သူ ကွယ်လွန်သွားပါပြီ'

အတွင်းဝန်မင်း ကို့ဟိုင်က ကျိတ်၍ ဝမ်းသာသွားလေသည်။

သို့သော် သူက စိတ်မကောင်းဟန်ဖြင့်....

'ဩော်...ဟုတ်လား၊ သူကွယ်လွန်သွားတာ ဘယ်လောက်ကြာပြီလဲ'

ပေါင်ချင်းထန်းက သူ့အား စိုက်ကြည့်ကာ....

'ကျွန်ုပ်တို့ ရောက်သွားပြီး နောက်တစ်နေ့မှာပဲ ကွယ်လွန်သွားပါတယ်'

အတွင်းဝန်မင်း ကို့ဟိုင်က မျက်မှောင်ကုတ်လိုက်သည်။

'ဘာရောဂါနဲ့လဲ'

ပေါင်ချင်းထန်းက မဲ့ပြုံးပြုံးလိုက်သည်။

'လူမသိမာတွေရဲ့ လက်ချက်ကြောင့် ကွယ်လွန်ခဲ့ရတာပါ'

အတွင်းဝန်မင်း ကို့ဟိုင်က လက်ပြလိုက်သည်၊

'နေပါဦး တရားသူကြီးမင်းကို ရေးပေးခဲ့တဲ့ စာဟာ သူမသေခင်က ရေးပေးတာလား၊ ဒါမှမဟုတ် သေရတော့မယ်ဆိုတာသိလို့ ရေးပေးတာလား'

ပေါင်ချင်းထန်းက ခေါင်းညိတ်လိုက်သည်။

'သူမနေရတော့ဘူးဆိုတာ သိလို့ရေးလိုက်တဲ့ စာပါ'

အတွင်းဝန်မင်း ကို့ဟိုင်က ရယ်မောလိုက်သည်။

'အင်း....ခက်တာပဲလေ၊ လူတစ်ယောက်ဟာ သေဆုံးခါနီးမှာ ကယောင်ကတမ်း ဖြစ်တတ်ကြပါတယ်၊ ရှင်းရှင်းပြောရရင် တရားသူကြီးမင်း ရေးခိုင်းသလို သူက ရေးသွားတာပါလို့ကော ကျွန်ုပ်ကပြောလို့ မရပါဘူးလား'

ပေါင်ချင်းထန်းက စကား မပြောနိုင်တော့ပါ။

အတွင်းဝန်မင်း ကို့ဟိုင်သည် ဉာဏ်အလွန်များသည်အပြင် စကားပြော ပါးနပ်ကြောင်း သူက ကောင်းစွာ နားလည်လိုက်မိသည်။



အတွင်းဝန်မင်း ကို့ဟိုင်က သူ့အားစိုက်ကြည့်လိုက်၏။

'တရားသူကြီးမင်း... ကျွန်ုပ်ဟာ အသင့်ထက် အသက်လဲကြီးတယ်၊ အတွေ့အကြုံလည်း များတယ်၊ ဒါကြောင့် အသင်နားလည်အောင် ပြောပြချင်ပါသေးတယ်'

ပေါင်ချင်းထန်းက ခေါင်းညိတ်လိုက်သည်။

'ပြောပါ'

အတွင်းဝန်မင်း ကို့ဟိုင်က....

'အခု တရားသူကြီးမင်း တင်ပြထားတဲ့ အမှုဟာ ဘယ်လောက် ကြီးကျယ်တယ်ဆိုတာ အသင်သိရဲ့လား၊ ဒီအမှုမှာ ဧကရာဇ်မင်းရဲ့ မယ်တော်တောင်မှ တရားခံဖြစ်နေပြီဗျ'

သူ၏စကားကြောင့် အတွင်းဝန်မင်း၊ မှူးမတ်အပေါင်းတို့မှာ လှုပ်လှုပ်ရွရွ ဖြစ်ကြကုန်လေသည်။

အတွင်းဝန်မင်း ကို့ဟိုင်က ဧကရာဇ် ဘုရင်အား ရှိခိုးဆန်တော့လိုက်၏။

'ဘုန်းတော်ကြီးမြတ်လှသော ဘုရင်မင်းမြတ် တရားသူကြီးပေါင်ချင်းထန်း ထွက်ဆိုထားတဲ့ အမှုဟာ ဘုရင်မင်းမြတ်ရဲ့ မယ်တော်ဟာ တစ်တရားခံပါ၊ ကျွန်တော်မျိုးကတော့

နှစ်တရားခံပါ၊ ဒါကြောင့် ဒီအမှုကို စစ်ဆေးမည်ဆိုပါလျှင် တစ်တရားခံဖြစ်သော မယ်တော်ကြီးအား စတင်စစ်ဆေးရမည်သာ ဖြစ်ပါတယ်'

'ကျွန်တော်မျိုး နောက်ဆုံးလျှောက်တင်ချင်တာကတော့ ဤအမှုဟာလီဆယ်တဲ့အမှုတစ်ခုပါ၊ နောက်ပြီး... မျက်မြင်သက်သေဆိုပြီး တစ်စုံတစ်ယောက်မှလဲ မရှိပါဘူး....

သမားတော်ကြီး ချန်းထိုက်အိ၏ စာတစ်စောင်ကြောင့် နန်းတွင်းမှာ ကျွန်တော်မျိုးအပါအဝင် နန်းတွင်းသူနန်းတွင်းသားအားလုံး စိတ်နှလုံးမကြည်သာကြဲ့ အဖြစ်မျိုးမဖြစ်သင့်ပါဘူး၊

ဟု လျှောက်တင်လိုက်သည်။

ပေါင်ချင်းထန်းကလည်း လက်အုပ်ချီကာ ဤသို့လျှောက်ထားပြန်လေသည်။

'နန်းတော်ကြီးမြတ်လှသော ဘုရင်မင်းမြတ်၊ ဤအမှုတော်ကို ကျွန်တော်မျိုးကိုစစ်ဆေးခွင့်ပြုတော်မူပါ၊ အကယ်၍ ဤအမှုကိုစစ်ဆေးရာတွင် အမှန်တရားကို မဖော်ထုတ်နိုင်ပါက ကျွန်တော်မျိုးအား ရာထူးမှနုတ်ပယ်ကာ သေဒဏ်ပေးတော်မူပါ'



ကော်ရာဇ်ဘုရင်က....

'အိမ်း....ဤအမှုကို နောက်ထပ် ရက်သတ္တပတ် ကြာမှ ကျွန်ုပ်ကိုယ်တော်မြတ်က အမှု စစ်ဆေးသင့် မစစ်ဆေးသင့်ကို အမိန့်ချမှတ်တော်မူမယ်'

ဟု အမိန့်တော်မှတ်ကာ နန်းဆောင်ထဲသို့ ပြန်လည်ကြွချီတော်မူလေသည်။

အတွင်းဝန်မင်း ကို့ဟိုင်ကလည်း ပြန်လည်ထွက်ခွာရန် ဟန်ပြင်လိုက်၏။

ပေါင်ချင်းထန်းက ကမန်းကတန်း ဟန့်တားလိုက်၏။

'အတွင်းဝန်မင်း ခဏနေပါဦး'

အတွင်းဝန်မင်း ကို့ဟိုင်က...

'ဘာများပြောချင်သေးလို့လဲ တရားသူကြီးမင်း'

ပေါင်ချင်းထန်းက...

'အတွင်းဝန်မင်းရဲ့လက်အောက်က လူဆယ်ယောက်နဲ့ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းက လူတွေကော အခု ရှိသေးရဲ့လား'

အတွင်းဝန်မင်း ကို့ဟိုင်က....

'မရှိတော့ပါဘူး'

'ဘယ်ရောက်သွားလို့ပါလိမ့်'

'ကျွန်ုပ်က အသက်ကြီးပြီပဲ၊ ဘယ်အန္တရာယ်မှမရှိတော့လို့ သူတို့ကို သွားချင်ရာသွားဖို့ ပြန်လွှတ်လိုက်ပါပြီ၊ ဘာလဲ တရားသူကြီးမင်းမှာ ကိုယ်ရံတော်နှစ်ယောက်နဲ့မလုံလောက်လို့ နောက်ထပ်လူခေါ်မလို့လား'

'ကောင်းပါတယ်လေ၊ အသင်လုပ်မယ့်အလုပ်ဟာ အန္တရာယ်များလှတာကြောင့် အစောင့်အရှောက်များများ ထားသင့်ပါတယ်'

ပေါင်ချင်းထန်းက သူ့အား အကဲခတ်ကြည့်ကာ တစ်စုံတစ်ခုကိုပြောရန်ပါးစပ်ပြင်လိုက်စဉ် အတွင်းဝန်မင်းကို့ဟိုင်က ခြေလှမ်းသုတ်သုတ်ဖြင့် လှမ်းထွက်သွားခြင်းကို တွေ့မြင်လိုက်ရ၏။

ပေါင်ချင်းထန်းက သူ၏နောက်ကျောအား စိုက်ကြည့်နေလေသည်။

အတွင်းဝန်မင်းကို့ဟိုင်သည် မိမိအဆောင်ဘက်သို့မသွားဘဲ တခြားအဆောင်တစ်နေရာသို့ သွားနေခြင်းက တွေ့မြင်လိုက်ရ၏။



ပေါင်ချင်းထန်းက အတွင်းဝန်မင်း ဦးတည်သွားနေသော အဆောင်မှာ မယ်တော်ကြီး၏ အဆောင်ဖြစ်ကြောင်း သိရှိလိုက်သည်။

သူ၏ရင်ထဲ၌ လေးလံလာမိလေတော့သည်။

* * *

ရက်သတ္တပတ်....

ရက်သတ္တပတ်ဆိုသောအချိန်သည် လျင်မြန်စွာ ကုန်ဆုံးခဲ့လေပြီ။

ယနေ့သည် ဝန်မင်းမှူး မတ်များ စုံစုံလင်လင် နန်းတော်ထဲသို့ စုဝေးရောက်ရှိနေကြ၏။

ယနေ့သည် တရားသူကြီးမင်းပေါင်ချင်းထန်း၏တရားစွဲဆိုတဲ့ကိစ္စအတွက် ကေရာဇ်မင်းက အမိန့်ချမှတ်ပေးမည်ဟု ကတိပေးထားခဲ့သည် မဟုတ်ပါလော။

ထို့ကြောင့် နန်းတွင်း၌ စောစောစီးစီးပင် ရောက်ရှိနေကြ၏။

သူတို့သည် ပေါင်ချင်းထန်းက စွဲဆိုသောအမှုမှာ မည်သည့်အမှုဖြစ်ကြောင်း သေချာစွာမသိရသေးသော်လည်း အလွန်ကြီးကျယ်သောအမှုတစ်ခု ဖြစ်လိမ့်မည်ဟု အားလုံးက သဘောပေါက်နားလည်ထားကြလေသည်။

ထို့ကြောင့် သူတို့သည် စောစောစီးစီးပင် ကြိုတင်ရောက်ရှိလာကြခြင်း ဖြစ်၏။

တစ်ခဏအကြာတွင် မင်္ဂလာစည်တော်များ တီးသံများက ငြိမ့်ညောင်းစွာ ထွက်ပေါ်လာလေသည်။

ကောရာဇ်ဘုရင်က ညီလာခံသို့ ကြွချီတော်မူလာပြီ ဖြစ်သည်။

မှူးမတ်အပေါင်းက ဦးချရှိခိုးကာ....

'ဘုရင်မင်းမြတ် သက်တော်ရာကျော် ရှည်ပါစေ'

ဟု သံပြိုင် အော်ဟစ်၍ ကောင်းချီး ပေးလိုက်ကြလေသည်။

ကောရာဇ်ဘုရင်က ပလ္လင်ပေါ်သို့ ထိုင်ချလိုက်၏။

သူ၏မျက်နှာတစ်ခုလုံးမှာ မကြည်လင်ပါချေ။

'တရားသူကြီးမင်း ပေါင်ချင်းထန်း'



ပေါင်ချင်းထန်းက....

လက်စုံမိုး၍....

'မှန်လှပါ....ဘုန်းတော်ကြောင့် ကျွန်တော်မျိုး ခစား ရောက်ရှိနေကြောင်းပါ'

ကောရာဇ်ဘုရင်က ညှိုးနွမ်းသော မျက်နှာတော်ဖြင့်....

'တရားသူကြီးမင်း တင်ထားသောအမှုနဲ့ ပတ်သက်ပြီး ကျုပ် ကိုယ်တော်မြတ်ဟာ အလွန်ပဲ စိတ်အနှောင့်အယှက် ဖြစ်နေရပါတယ်၊ ဤအမှုဟာ စစ်လို့လဲမဖြစ် မစစ်ပြန်ရင်လဲ မဖြစ်ပြန်ဘူး။ ဤအမှုကို ဤအတိုင်းထားပါက အမှားနဲ့ အမှန်ကို ခွဲခြားသိနိုင်ရန် မလွယ်လှပေဘူး၊ သို့အတွက်ကြောင့် ဤအမှုကို စစ်ဆေးစေဟု အမိန့်တော် ချမှတ်လိုက်သည်'

ပေါင်ချင်းထန်းက လက်စုံမိုးကာ....

'မှန်လှပါ....ကျွန်တော်မျိုး ဉာဏ်စွမ်းရှိသ၍ ကြိုးစားပြီး အမှုမှန်ပေါ်ပေါက်အောင်ကို ကြိုးစားပါမည်ဟု ကတိပြုအပ်ပါတယ်ဘုရား'

ကောရာဇ်ဘုရင်က ခေါင်းတညိတ်ညိတ်ဖြင့်....

'အိမ်း....အသင်တစ်ခုတော့ သတိပြုထား စေချင်တာက ဤအမှုကို အသင်က မှားယွင်းစွာတင်ပြခဲ့မိသော် မင်းပြစ်မင်းဒဏ် ကြီးလေးစွာ ခံစားစေရမည်'

ပေါင်ချင်းထန်းက ဦးခေါင်းတစ်ချက် ညိတ်လိုက်သည်။

'မှန်လှပါ....အရှင်မင်းမြတ် ကျွန်ုပ် သဘောပေါက် နား လည်ထားပါတယ် အရှင်ဘုရား'

အတွင်းဝန်မင်း ကိုဟိုင်က တစ်စုံတစ်ခု လျှောက်တင်ရန် ဟန်ပြင်လိုက်စဉ်....

ကော်ရာဇ်ဘုရင်က ထရပ်လိုက်သည်။

'မင်းကြီးများ....ငါ ကိုယ်တော်မြတ်၏ နှလုံးစိတ်ဝမ်း မချမ်းမြေ့ လှတာကြောင့် ညီလာခံကို ရက်သတ္တပတ်တိတိ ရပ်နားစေ'

ဟု မိန့်တော်မူကာ နန်းတော်မှ ထွက်ခွာသွားလေတော့သည်။

* * *

အမှု စစ်ဆေးခြင်း

ယနေ့သည် နေ့ကောင်းရက်မြတ် ဖြစ်သည်။

ထို့ကြောင့် တရားသူကြီးမင်း ပေါင်ချင်းထန်းက နန်းတွင်း လုပ်ကြံမှုကြီးကို စတင်စစ်ဆေးရန် ရုံးတော်အား ဖွင့်လှစ်လိုက်သည်။

ဤအမှုကို စိတ်ဝင်စားကြသော ဝန်မင်း၊ မှူးမတ်အပေါင်းတို့နှင့် နန်းတွင်းသူ နန်းတွင်းသား အချို့တို့ စောစောစီးစီးပင် ရုံးတော်သို့ ရောက်ရှိနေကြသည်။

ပေါင်ချင်းထန်းက အတွင်းဝန်မင်း ကို့ဟိုင်အား ရုံးတော်သို့လာရန် ဆင့်ခေါ်စာ ပို့ထားပြီးဖြစ်သည်။

သို့သော် ရုံးတော်ဖွင့်ပြီး အချိန်အတန် ကြာသည့်တိုင်အောင် အတွင်းဝန်မင်း ကို့ဟိုင်က ရုံးတော်သို့ ရောက်မလာသေးပါချေ။

ပေါင်ချင်းထန်းက စိတ်ရှည်လက်ရှည် စောင့်နေသည်။

ရောက်ရှိလာသော ဝန်မင်း၊ မှူးမတ်တို့ကလည်း စိတ်ရှည်လက်ရှည်ပင် စောင့်နေကြလေသည်။

ဤသို့ဖြင့် မွန်းတည့်ချိန်သို့ ရောက်ရှိလာလေသည်။

အတွင်းဝန်မင်း ကို့ဟိုင်၏ အရိပ်အယောင်ကိုပင် မတွေ့ရှိသေးပါချေ။

ပေါင်ချင်းထန်းက ဝန်မင်း၊ မှူးမတ်များ အားလုံးမှာ စိတ်မရှည်နိုင်တော့ဘဲ ရှုစိရှုစိ ဖြစ်လာကြသည်။

ဤသို့ဖြင့် ညနေချိန်သို့ ရောက်ရှိလာလေသည်။

ထိုအခါမှ အတွင်းဝန်မင်း ကို့ဟိုင်က ဝေါစင်တစ်စင်းဖြင့် ရောက်ရှိလာလေသည်။

သူသည် ရုံးတော်ထဲသို့ အေးဆေးစွာ တစ်လှမ်းခြင်းဝင်လာပြီး ပေါင်ချင်းထန်အား မထိမဲ့မြင်ဟန်ဖြင့် ပြုံးပြလိုက်သည်။



ပေါင်ချင်းထန်းက စိတ်ရှည်ရှည်ထားကာ သည်းခံနေရလေသည်။

'အတွင်းဝန်မင်း....ရုံးတော်ကို ကြွလာတာ နောက်ကျလှပါလား'

အတွင်းဝန်မင်း ကို့ဟိုင်က ပြုံးပြလိုက်သည်။

'မိုးမှ မချုပ်သေးပဲလေ ဘယ်မှာ နောက်ကျမှာတဲ့လဲ'

သူက မှူးမတ်အပေါင်းတို့အား မျက်လုံး ဝေ့ကြည့်ကာ ဤသို့ ပြစ်တင်ပြောဆိုလိုက်သည်။

'တရားသူကြီးမင်း...ကျွန်ုပ်ထိုင်ဖို့ နေရာအာခြောင့် မစီစဉ်ထားတာလဲ'

ပေါင်ချင်းထန်က....

ချိုဟူအား ခေါင်းတစ်ချက် ညိတ်ပြလိုက်လေသည်။

ချိုဟူက ကုလားထိုင်တစ်လုံးကို ယူလာပြီး အတွင်းဝန်မင်း ကို့ဟိုင်၏ ရှေ့တွင် ချပေးလိုက်သည်။

အတွင်းဝန်မင်း ကို့ဟိုင်က ကုလားထိုင် တစ်လုံးပေါ်တွင် ထိုင်ချလိုက်ပြီး....

'ကဲ့...တရားသူကြီး မေးချင်တာ မြန်မြန်လေး မေးပါ၊ ကျွန်ုပ်မှာ အချိန်မရပါဘူး'

ပေါင်ချင်းထန်းက သူ့အား စိုက်ကြည့်လိုက်သည်။

‘လွန်ခဲ့တဲ့ တစ်ဆယ့်ရှစ် နှစ်တုန်းက အတွင်းဝန်မင်းရဲ့ ရာထူးကို ပြောပြပါ’

အတွင်းဝန်မင်း ကို့ဟိုင်က ရယ်မောလိုက်သည်။

‘အသင်က နန်းတွင်းမှတ်တမ်းကို ဖတ်ရှု ကြည့်ပြီးပြီပဲ၊ မေးနေရသေးသလား’

ပေါင်ချင်းထန်းက သူ့အား စိုက်ကြည့်လိုက်သည်၊

‘ဒါဟာ ရှုံးဘော်ပါ၊ ကျွန်ုပ်သိတာ မသိဘာသာ အသင့်ကို ကျွန်ုပ် မေးတာဖြေပါ’

အတွင်းဝန်မင်း ကို့ဟိုင်က ခေါင်းတညိတ်ညိတ်ဖြင့်....

‘ဒီလိုလား—ကောင်းပါပြီ၊ အဲဒီတုန်းက ကျွန်ုပ်ဟာ အတွင်းဝန် ရာထူးပါပဲ’

ပေါင်ချင်းထန်းက ဆက်လက် မေးမြန်းလိုက်လေသည်။

‘အဲဒီတုန်းက အသင်က ဘာတာဝန်များ ထမ်းဆောင်ရပါသလဲ’

အတွင်းဝန်မင်း ကို့ဟိုင်က မဖြေချင် ဖြေချင်ဖြင့်—



‘နန်းတွင်း အုပ်ချုပ်ရေး တာဝန်နဲ့ ဘောင်နန်းစံ၊ မြောက်နန်းစံ မိဖုရားတို့ရဲ့ ဝေယျာဝစ္စကို တာဝန်ယူထားရပါတယ်’

ပေါင်ချင်းထန်းက သူ့အား စိုက်ကြည့်လိုက်သည်။

‘တောင်နန်းစံနဲ့ မြောက်နန်းစံ မိဖုရားကြီးတို့ရဲ့ ပတ္တမြား ရွှေကြုတ် နှုတ်ငုံတော်မူတဲ့ ကိစ္စတွေမှာ အသင်က ဘုရင်မင်းမြတ်ထံ ရွှေနားတော်ပေါက်ကြားအောင် လျှောက်တင်ခွင့်ရှိပါသလား’

အတွင်းဝန်မင်း ကို့ဟိုင်က ခေါင်းညိတ်လိုက်သည်။

‘ရှိပါတယ်’

ပေါင်ချင်းထန်းက ဆက်၍ မေးမြန်းလိုက်သည်။

‘ဒါဆိုရင် မြောက်နန်းစံ မိဖုရားကြီးမှာ သန္ဓေတည်တယ် ဆိုတာ မှတ်မှန်ပါသလား’

အတွင်းဝန်မင်း ကို့ဟိုင်က ခေါင်းညိတ်လိုက်သည်။

‘အမှန်ပါပဲ....’

ပေါင်ချင်းထန်းက ဆက်၍ မေးမြန်းလိုက်သည်။

’မိဖုရားနှစ်ပါးရဲ့ သန္ဓေတည်တဲ့ကိစ္စမှာ ဘယ်သမားတော်ကြီးက စစ်ဆေးပေးခဲ့ပါသလဲ’

အတွင်းဝန်မင်း ကို့ဟိုင်က....

'နန်းတွင်းသမားတော်ကြီး ချန်းထိုက်အိပါ'

ပေါင်ချင်းထန်းက သူ့အား စိုက်ကြည့်လိုက်သည်။

'ဒါဆိုရင် နန်းတွင်း သမားတော်ကြီး ချန်းထိုက်အိရဲ့ စာကို အသင်ဖတ်ပြီးပါပြီ အဲသည်စာထဲမှာ မြောက်နန်းစံမိဖုရားမှာ သန္ဓေတည်တယ်ဆိုတာ မဟုတ်ပါဘူးတဲ့ နောက်ပြီး အသင့်ရဲ့ ခြိမ်းခြောက်မှုကြောင့် ဘုရင်မင်းမြတ်ထံမှာ မြောက်နန်းစံမိဖုရားကြီး၌ သန္ဓေတည်တယ်လို့ လိမ်ညာထားပေးရတယ်ဆိုပဲ အသင်ဘယ်လို ရှင်းမှာလဲ'

အတွင်းဝန်မင်း ကို့ဟိုင်က ခေါင်းခါယမ်းလိုက်လေသည်။

'သေမယ့် လူတစ်ယောက်ရဲ့စာကို ကျွန်ုပ်က ဘာမှ ဖြေရှင်းချက်မပေးနိုင်ပါဘူး'

ပေါင်ချင်းထန်းက သူ့အား စိုက်ကြည့်လိုက်လေတော့သည်။

'မြောက်နန်းစံမိဖုရားရဲ့ အပျိုတော် ချင်းငိုဟာ ဘာကြောင့် သေဆုံးသွားတာပါလဲ'

အတွင်းဝန်မင်း ကို့ဟိုင်က ခေါင်းခါယမ်းလိုက်လေတော့သည်။



'သည်လောက် နှစ်ကြာတဲ့ အမှုကို ကျွန်ုပ် မေ့နေပါပြီ....'

ပေါင်ချင်းထန်းက သူ့အား စူးရှစွာ ကြည့်လိုက်လေသည်။

'အသင်ဟာ နန်းတွင်း တာဝန်အားလုံး ယူထားတာပဲ....မသိဘူးလို့ မပြောသင့်ပါဘူးလေ'

အတွင်းဝန်မင်း ကို့ဟိုင်က မလွှဲသာ၍ အဖြေပေးလိုက်ရသည်။

'သူ ရေနစ်သေဆုံးသွားတာပါ'

ပေါင်ချင်းထန်းက မျက်မှောင် ကုတ်လိုက်လေတော့သည်။

'ဘာကြောင့် ရေနစ်သေဆုံးရတာပါလဲ'

အတွင်းဝန်မင်း ကို့ဟိုင်က ခေါင်းခါယမ်းလိုက် လေသည်။

'ကျွန်ုပ်က ဘယ်လို သိနိုင်မှာလဲ'

ပေါင်ချင်းထန်းက ခေါင်းတစ်ချက် ညိတ်လိုက်လေတော့သည်။

'ကောင်းပါပြီ....ဘာကြောင့် အပယ်ဆောင်ဟာမီးလောင်ကျွမ်းရတာပါပဲ'

အတွင်းဝန်မင်း ကို့ဟိုင်က ပခုံးတစ်ချက် တွန့်လိုက်လေသည်။

'ဤကိစ္စကို ကျွန်ုပ်ကို မေးမယ့်အစား အပယ်ဆောင်မှာ နေထိုင်ခဲ့တဲ့ တောင်နန်းစံမိဖုရားကို သွားမေးသင့်ပါတယ်'

ပေါင်ချင်းထန်းက....

'ကျွန်ုပ် မေးခဲ့ပြီးပါပြီ မိဖုရားကြီးက မသမာသူ တစ်ယောက်က မီးရှို့ခဲ့ပါတယ်လို့ ပြောပါတယ်'

'ဟား....'

'ဟား....'

'ဟား....'

အတွင်းဝန်မင်း ကို့ဟိုင်က ရယ်မောလိုက်သည်။

'ဝုန်း....'

ပေါင်ချင်းထန်းက စားပွဲကို သစ်သားတုံးဖြင့် ရိုက်ချလိုက်၏။



'သည်မှာ အတွင်းဝန်မင်း ရုံးတော်ကို မထိလေးစားပြုမှုရင် ကြိမ်ဒဏ်နှစ်ဆယ် သင်ခံရလိမ့်မယ်'

အတွင်းဝန်မင်း ကို့ဟိုင်က ရယ်မောရာမှ ရပ်တန့်လိုက်သည်။

သူက နှုတ်ခမ်းမဲ့လိုက်ပြီး....

'တရားသူကြီးမင်းက တယ်လဲအစွမ်းထက်တာပဲကိုး သေရွာမှာ ရောက်ရှိနေတဲ့ တောင်နန်းစံမိဖုရားကိုတောင်မှစကားပြောနိုင်သလား'

ပေါင်ချင်းထန်းက တည်ကြည်သော မျက်နှာထားဖြင့်....

'ကျွန်ုပ်က လူ့ပြည်က မတရားမှုများကိုသာ စစ်ဆေးခဲ့ခြင်း မဟုတ်ဘဲ ယမပြည်က မတရားမှုတွေကိုလဲ စစ်ဆေးခဲ့တာပါပဲ။ ဘာကြောင့် တောင်နန်းစံမိဖုရားကို မတွေ့နိုင်ရမှာလဲ'

အတွင်းဝန်မင်း ကို့ဟိုင်က သူ့အား စိုက်ကြည့်လိုက်သည်။

'ထားပါတော့ တရားသူကြီးမင်းနဲ့ တောင်နန်းစံမိဖုရားတို့ တွေ့ခဲ့တယ်ဆိုတာ ဘာအထောက်အထား ပြနိုင်သလဲ'

ပေါင်ချင်းထန်းက....

'ကျွန်ုပ်က သူနဲ့စကားပြောတာကို လက်တွေ့ပြနိုင်ပေမယ့် သူပြောပြခဲ့သမျှကို ပြန်ပြောနိုင်ပါတယ်'

အတွင်းဝန်မင်း ကိုဟိုင်က ရယ်မောလိုက်သည်။

'တရားသူကြီးမင်း ကျွန်ုပ်က သူ့ရဲ့ တစ္ဆေပြောတဲ့ စကားကို ယုံလဲမယုံဘူး နားလဲမထောင်ချင်ဘူး ရုံးတော်ချိန်လဲကုန်ပါပြီ၊ ကျွန်ုပ်မှာ နန်းတော် တာဝန်တွေ ထမ်းဆောင်စရာ ရှိသေးတာမို့ ပြန်ခွင့်ပြုပါဦး'

သူက....

ယင်းသို့ ပြောပြီးသည်နှင့် ရုံးတော်ထဲမှ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေတော့သည်။

* * *



နောက်တစ်နေ့....

ပေါင်ချင်းထန်းသည် ရုံးတော်တွင် ထိုင်၍ အမှုဆက်လက်စစ်ဆေးရန် စောင့်ဆိုင်းခဲ့သော်လည်း အတွင်းဝန် ကိုဟိုင်က လုံးဝမလာတော့ပါ။

ထိုရက်တွင် အတွင်းဝန်ကိုဟိုင်က နေထိုင်မကောင်း ကြောင်း သတင်းပို့ထားခဲ့၏။

သို့သော်....

နောက်ရက်များတွင်လည်း လာရောက်ခြင်း မပြုပါ။

၎င်းပြင်....

မည်သည့် အကြောင်းပြချက်မှလည်း မပို့တော့ပါ။

ပေါင်ချင်းထန်းက ရုံးတော်မှ ဆင့်ခေါ်စာ အကြိမ်ကြိမ် ပေးပို့သော်လည်း အတွင်းဝန်မင်းက လုံးဝမမှုပါ။

ပေါင်ချင်းထန်းက မနေနိုင်တော့ပါ။

သူက ကျန်ကျောင်းနှင့် ချိုဟူတို့ကို ခေါ်ကာ အတွင်းဝန်မင်း ကိုဟိုင်ထံသို့ သွားခဲ့လေသည်။

အတွင်းဝန်မင်း ကိုဟိုင်သည် ပေါင်ချင်းထန်းအား ရည်ရည်မွန်မွန် ဧည့်ခံလေသည်။

'တာ....တရားသူကြီးမင်း ကိုယ်တိုင် ကြွလာမှုကို ကြိုဆိုပါတယ်ဗျာ....ကြွပါ....ကြွပါ'

ဟု သူက လေးလေးစားစားပင် နေရာ ထိုင်ခင်းများချပေးလိုက်လေသည်။

ပေါင်ချင်းထန်းက ထိုင်ချပြီးနောက် အတွင်းဝန်မင်း ကို့ဟိုင်က စတင်မေးလိုက်၏။

'တရားသူကြီးမင်းက အခုလို ကျွန်ုပ်ဆီ ကြွရောက်လာတာဟာ ဘာရေးအခင်းများ ရှိလို့လဲဗျာ'

ပေါင်ချင်းထန်းက အနည်းငယ် ဒေါသထွက်သွားမိလေသည်။

မိမိရောက်လာသော ကိစ္စကို သိလျက်နှင့် ဤသို့ မေးလာခြင်းမှာ မိမိ၏ တရားသူကြီး တာဝန်ကို စော်ကားရာရောက်သည်ဟု မှတ်ယူမိလေသည်။

ထို့ကြောင့်....

သူက အတွင်းဝန်မင်း ကို့ဟိုင်အား ဤသို့ တုံ့ပြန်ပြောဆိုလိုက်၏၊

'ကျွန်ုပ်က သက်သက်အလည်လာတာမဟုတ်ပါဘူးအတွင်းဝန်မင်းက ရုံးတော်ကို လာဖို့ ပျက်ကွက်နေတာ အကြိမ်ကြိမ်ရှိပြီမို့ ဒီကျိုးအကြောင်း လာမေးတာပါ'



သူက စကားဆက်လိုက်သည်၊

'အတွင်းဝန်မင်းဟာ နန်းတွင်းမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့နှစ်ကြာရှည်တာရယ်၊ အသက်ကြီး ရင့်တာရယ်ကြောင့် ကျွန်ုပ်က အတွင်းဝန်မင်းကို ဖမ်းဝရမ်း မထုတ်ချင်လို့ ကိုယ်တိုင်လာတယ်ဆိုတာ နားလည်ထားစေချင်ပါတယ်'

အတွင်းဝန်မင်း ကို့ဟိုင်က မဲ့ပြုံးပြုံးလိုက်၏။

'တရားသူကြီးမင်းမှားနေပြီထင်တယ် သည်ကိစ္စမှာ တရားသူကြီးမင်းက ကျွန်ုပ်ကို စော်ကားခဲ့တာပဲ။ ကျွန်ုပ်ဘာသာအေးအေးချမ်းချမ်း နေထိုင်တာကို တရားသူကြီးမင်းကသက်သက်လာစွပ်စွဲခဲ့တာပဲလေ'

ပေါင်ချင်းထန်းက....

'ကျွန်ုပ်က အတွင်းဝန်မင်းမှာ အပြစ်ရှိတယ် မရှိဘူးဆိုတာ လုံးဝမဆုံးဖြတ်ရသေးပါဘူး၊ အမှုရဲ့ လိုအပ်ချက်အရအတွင်းဝန်မင်းကို ခေါ်ယူ စစ်ဆေးရတာပါ'

သူက စကားဆက်လိုက်၏။

'အကယ်၍ အတွင်းဝန်မင်းမှာအပြစ်မရှိဘူးဆိုရင် ကျွန်ုပ်က ဘာမှ အရေးယူနိုင်ပါဘူးလေ'

အတွင်းဝန်မင်း ကို့ဟိုင်က ရယ်မောလိုက်သည်။

'သည်မှာတရားသူကြီးမင်း ရာထူးအဆင့်နဲ့ ပြောရမယ်ဆိုရင် ကျွန်ုပ်ရဲ့ရာထူးဟာ အသင့်သက်မကြီးဟာခေအောင်မှ မနိမ့်ကျပါဘူး၊ ဒါကြောင့် အသင်ကကျွန်ုပ်ကို ဆင့်ခေါ်ပိုင်ခွင့်လုံးဝမရှိပါဘူး'

ဟိုင်ဂေပါင်ချင်းထန်းက ခေါင်းကို ခြေဖြုညှင်းစွာ ခါယမ်းသည်။

'အတွင်းဝန်မင်းရဲ့အယူအဆဟာ လွဲနေပါပြီ အမှုတစ်ခုဖြစ်ပွားလာတဲ့အခါ အပြစ်ရှိတယ်မရှိဘူး ဆိုတာကိုလည်း ခွဲခြားရမှာပါ၊ ရာထူးကြီးတယ် ငယ်တယ်ဆိုတာနဲ့ လုံးဝမပတ်သက်ပါဘူး၊ အပြစ်ကျူးလွန်တဲ့လက္ခဏာတွေရင် သူ့ရဲ့ရာထူး ဘယ်လောက်ပဲကြီးပါစေ ကရားရုံးတော်က ခေါ်ယူစစ်ဆေးပိုင်ခွင့် ရှိပါတယ်'

အတွင်းဝန်မင်း ကို့ဟိုင်က ခေါင်းဘစ်ချက် ညိတ်လိုက်သည်။

'ကောင်းပါပြီ ဤအမှုတွဲကိုကျွန်ုပ်က သေချာ ဖတ်ရှုပြီးပါပြီ၊ ဤအမှုမှကျွန်ုပ်က နှစ်ဘရားခံပါ၊ တစ်တရားခံကတော့ မယ်တော်ကြီးပါ၊ သည်တော့ တရားသူကြီးမင်းက တစ်တရားခံ မိဖုရားကြီးကို အရင်ဆုံး စစ်ဆေးသင့်ပါတယ်၊ ပြီးမှ ကျွန်ုပ်ကို စစ်ဆေးပါ'



သူက စကားဆက်လိုက်လေသည်။

'အခုတော့ မျက်နှာမလိုက် အာဏာကို မကြောက်စိတ်ဆိုတဲ့ နာမည်ကျော်ကြားနေတဲ့ ပြည်သူ့တရားသူကြီးလိုက်လေချင်းသန်းဟာ ကျွန်ုပ်တစ်ယောက်တည်းကို သဲဆေးနေတာ ဘာရားသလား'

ပေါင်ချင်းသန်က ပါးစပ်ပိတ်လိုက်သည်။

သူက ထိုင်ရာမှ ထလိုက်သည်။

'ကောင်းပါပြီ...ကျွန်ုပ်က အသင်ဟာ ဤအမှုနဲ့ပတ်သက်ပြီး ဘယ်လိုမှခြွင်းမရှဘဲ အပြစ်ကျူးလွန်တယ်လို့ ကြိုးစားပြီးမှ အသင့်ကို စစ်ဆေးပါမယ်'

အတွင်းဝန်မင်း ကို့ဟိုင်က....

'ကောင်းပါတယ်....ကောင်းပါတယ်၊ကျွန်ုပ်က ကတိတစ်ခုပေးပါရစေဦး၊ နောက်ထပ် ကျွန်ုပ်ဆီကိုဆင့်ခေါ်စာ လုံးဝမပို့ပါနဲ့၊ ပို့လာရင်လဲ မလာဘူးဆိုတာ ပြောလိုက်ပါရစေ'

ပေါင်ချင်းထန်းက သူ့အား တခဏကြာအောင် စိုက်
ရင် ...ပြီးမှ ...ခနဲလှည့်ကာထွက်ခွာသွားလေတော့သည်။
ကျပါဘူး
လုံး၀မရှိပ
ဟိုင်... ပေါင်ချင်း
...ည်။

* * *

'အတွင်'
ဖြစ်ပွားလာ
ခဲ့ခြားရမှာ ...င်ချင်းထန်းကဲ ရုံးတော်သို့ မပြန်သေးပါ။
မပတ်သက်သည် ကေရာဇ်ဘုရင်ထံသို့ ဝင်ရောက်ခစားရ၏။
ရာထူး
စင် ကေရာဇ်ဘုရင်ကလည်း တပါတည်း အဆောင်ထဲတွင်ထိုင်
ကာ လက်မှိုင်ချနေလေသည်။

ပေါင်ချင်းထန်းရောက်ရှိလာကြောင်း ကိုယ်ရံတော်မှူးက သတင်းပို့လာသောအခါ....

ကေရာဇ်ဘုရင်က လက်ခံတွေ့ဆုံခွင့် ပြုလိုက်၏။

ပေါင်ချင်းထန်းက ကေရာဇ်ဘုရင်အား ဒူးထောက်၍ ဂါရဝပြုလေသည်။

ကေရာဇ်ဘုရင်က ကုလားထိုင်ပေါ်တွင် ထိုင်စေ၏။



ပေါင်ချင်းထန်းက ကုလားထိုင်ပေါ်တွင်ထိုင်ချလိုက်သောအခါမှ ကေရာဇ်ဘုရင်၏မျက်နှာတော် ညှိုးနွမ်းနေခြင်းကို တွေ့မြင်ရ၏။

သူက ကေရာဇ်ဘုရင်မှာ မိမိတင်ပြသောအမှုအတွက် စိတ်နှလုံး မကြည်မသာဖြစ်နေကြောင်း နားလည်လိုက်လေသည်။

ကေရာဇ်ဘုရင်က သက်ပြင်းမျှင်မျှင်ချကာ....

'တရားသူကြီးမင်း....အသင့်ရဲ့ အမှုအခြေအနေကိုပြောပါဦး....'

ပေါင်ချင်းထန်းက အတွင်းဝန်မင်းကို ဟိုင်၏ အာဏာဖီဆန်နေပုံကို လျှောက်တင်လိုက်၏။

ကေရာဇ်ဘုရင်က....

'အတွင်းဝန်မင်းကို ဟိုင်ဟာ မယ်တော်ရဲ့လူယုံတော်လည်း ဖြစ်ပြန်၊ ကျုပ်တို့ ထိန်းသိမ်းစောင့်ရှောက်သူလည်း ဖြစ်ပြန်ဆိုတော့ သူဟာ နန်းတော်တွင်းမှာ အခွင့်အထူးအရဆုံးလပေါ့၊ ဒါကြောင့် တရားသူကြီးမင်းကို မလေးစားတာ မဆန်းပါဘူး'

ပေါင်ချင်းထန်း ဤသို့ သံတော်ဦးတင်လိုက်သည်၊

'အခု ကျွန်တော်မျိုးက သည်အမှုကို ဆက်လက်စစ်ဆေးဖို့ရာ ဧကရာဇ်မင်းရဲ့အမိန့်ကိုမှုပဲ ဖြစ်ပါလိမ့်မယ်'

ဧကရာဇ်ဘုရင်က ထိုင်ရာမှထ၍ လက်နှစ်ဖက်နောက်ပစ်ကာ ခေါက်တုံ့ပြန်လျှောက်ယင်း စဉ်းစားနေ၏။

အတန်ကြာမှ သူက ပြန်လည်ထိုင်ချလိုက်သည်။

'သည်အမှုနဲ့ ပတ်သက်ပြီး ကိုဟိုင်က မယ်တော်ကို အကြောင်းစုံ လျှောက်တင်ပြီးပုံရတယ်၊ မယ်တော်ဖုရားက ကျုပ်ကိုယ်တော်မြတ်လိုတောင်မှ ဆုံးမသြဝါဒပေးခဲ့ပါသေးတယ်၊ ဒါကြောင့် ဘယ်လိုဆက်လုပ်ရမှန်းတောင်မှ မစဉ်းစားတတ်တော့ပါဘူး တရားသူကြီးမင်းရယ်'

သူက စိတ်ပျက်စွာဖြင့် သက်ပြင်းတစ်ချက် ချလိုက်၏။

'သည်အမှုကို ခပ်ဖြေးဖြေးမှစစ်ဆေးယင် ကောင်းမယ်ထင်တယ်'

ပေါင်ချင်းထန်းက ရှုတ်တရက်ဒူးထောက်လိုက်သည်။

'ကုန်းတော်ကြီးမြတ်သော ဘုရင်မင်းမြတ်၊ ဤအမှုကို တုံ့ဆိုင်းလို့တော့ မဖြစ်ပါဘူး၊ သည်အမှုကို အစဖော်ထားကတည်းက တိုင်ကြားထားတဲ့အမျိုးသမီးမှာ ကြီးမားတဲ့ အန္တရာယ်ရှိနေပါတယ်၊ အတွင်းဝန်မင်း ကိုဟိုင်က လူလွှတ်ပြီး အဲဒီအမျိုးသမီးကိုသတ်လိုက်ပါပြီတဲ့ ဘုရင်မင်းမြတ်ရဲ့



မယ်တော်အစစ်အမှန်ဖြစ်ခဲ့ယင် ဘယ်လိုလုပ်မလဲ၊ ဒါကြောင့် သည်အမှုကို လေးလေးနက်နက် စဉ်းစားစေချင်ပါတယ်'

ဧကရာဇ်ဘုရင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

'ခက်တော့တာပဲ တရားသူကြီးမင်းရယ်၊ ကျုပ်ကိုယ်တော်မြတ်က ဘယ်လိုဆုံးဖြတ်ရမလဲ၊ အဲဒီတိုင်ကြားတဲ့အမျိုးသမီးကလဲ မယ်တော်အစစ်ပါလို့ ဘယ်လို ယုံကြည်ရမှာတဲ့လဲ၊ ကျုပ် ကိုယ်တော်မြတ်ရဲ့ အဆုံးအဖြတ် တစ်ချက်မှားခဲ့ယင်ကော'

ပေါင်ချင်းထန်းက လက်အုပ်ချီလိုက်ပြီး....

'ဒီအမှုမှာ အဓိကကျတဲ့လူက အတွင်းဝန်မင်း ကိုဟိုင်ပါ၊ ဒါကြောင့် သူ့ကိုစစ်ဆေးနိုင်ခဲ့ရင် အမှန်တရားဟာ ပေါ်ပေါက်လာလိမ့်မှာပါ၊ ခက်တာက သူဟာ အစစ်ဆေး မခံပါဘူး။

ဧကရာဇ်ဘုရင်က ခေါင်းကို ဖြေးညှင်းစွာ ခါရမ်းလိုက်သည်။

'ဒီကိစ္စ ကျုပ်ကိုယ်တော်မြတ် အမိန့် ချပေးလိုက်ယင် မယ်တော်က ခွင့်ပြုမှာ မဟုတ်ဘူး၊ သူက တားမှာပဲ'

ပေါင်ချင်းထန်းက ပါးစပ် ပိတ်ထားလိုက်သည်။

ဧကရာဇ်မင်းက လက်တစ်ချက် ဝှေ့လိုက်ပြီး....

'ကဲ... တရားသူကြီးမင်း အသင်ပြန်ပါတော့၊ နောက်မှပဲ နည်းလမ်းတစ်ခုခု ရှာကြပါစို့'

ပေါင်ချင်းထန်းက စိတ်မာတ်ကျသွားသည်။

သူက ဒူးထောက်ရာမှ ထရပ်လိုက်စဉ် ရုတ်တရက် သူ၏ ဦးခေါင်းထဲသို့ အကြံတစ်ခု တိုးဝင်လာလေသည်။

ကို့ဟိုင်အား စစ်ဆေးနိုင်ရန် အကြံပင်ဖြစ်သည်။

သူက ကမန်းကတန်း ဒူးထောက်လိုက်ပြန်သည်၊

'ဘုရင်မင်းမြတ်ကြီးကို ကျွန်တော်မျိုး ရရှိထားသော အကြံတစ်ခု လျှောက်တင်ပါရစေ၊ သည်အကြံသာ အောင်မြင်ခဲ့ရင် ဤအမှုအတွက် နောက်ထပ်မည်သူ့ကိုမျှ ဆက်လက်စစ်ဆေးရန် မလိုတော့ကြောင်းပါ ဘုရား'

ကေရာဇ်ဘုရင်က အနည်းငယ် တွေဝေသွားပြီ....

'အသင့်ရဲ့အကြံကို သံတော်ဦးတင်စေ'

ပေါင်ချင်းထန်းသည် မိမိရရှိထားသောအကြံကို အသေးစိတ် သံတော်ဦးတင်လိုက်သည်။

ကေရာဇ်ဘုရင်က ပေါင်ချင်းထန်း၏ သံတော်ဦးတင်သောစကားကို ဆုံးအောင် နားထောင်ပြီးသောအခါ လက်နှစ်ဖက်နောက်ပစ်ကာ နန်းတော်ထဲ၌ ခေါက်တုန့်ခေါက်ပြန် လျှောက်ကာ စဉ်းစားနေ၏။



အတန်ကြာတော့မှ သူက ဤသို့ မိန့်တော်မူ လိုက်သည်၊

'ကောင်းပြီ.... အသင်၏အကြံကို ကျုပ် ကိုယ်တော်မြတ်က လက်ခံလိုက်မယ်၊ အစစအရာရာအသင်ပဲ စီးစဉ်ထားပေတော့'

ပေါင်ချင်းထန်းက အလွန်ဝမ်းသာ သွားလေသည်၊

သူသည်ကေရာဇ်ဘုရင်အား ဂါရဝပြုပြီးနောက် ရုံးတော်သို့ပြန်လာခဲ့လေတော့သည်။

*　　*　　*

ဆယ်ရက်—

ဆယ်ရက်ဟူသောအချိန်သည် တခဏအတွင်း၌ပင် ကုန်ဆုံးခဲ့လေသည်။

အတွင်းဝန်မင်းကို့ဟိုင်သည် အခန်းထဲ၌ထိုင်ကာ စဉ်းစားနေမိလေသည်။

ဤရက်ပိုင်းအတွင်း ပေါင်ချင်းထန်းကို မတွေ့ရသကဲ့သို့ ပေါင်ချင်းထန်းရုံးမှ ဆင့်ခေါ်စာလည်း မရောက်လာတော့ပါ။

သူက မျက်မှောင်ကုတ်လိုက်သည်။

'အင်း...ကျေနပ်တော့ ပေါင်ချင်းထန်းက သည်အမှုစာ ကိစ္စကို ဘုရင်မင်းမြတ်စီသွားဖို့ လျှောက်တင်ထားမယ်ထင်တယ်'

သူသည် ပေါင်ချင်းထန်းမှာ တော်ရုံဘန်ရုံနှင့်လက်လျှော့တတ်သူ တစ်ယောက်မဟုတ်ကြောင်း နားလည်ထားသည်။

ထို့ကြောင့် ပေါင်ချင်းထန်းက ဘုရင့်ထံသွင် အမှုစစ်ရန် သွားရောက်တောင်းဆိုကာ ကောရာဇ်ဘုရင်ကိုယ်တိုင်က ဘုရင့်တံဆိပ်တုံးခတ်နှိပ်၍ ဆင့်ခေါ်လာလိမ့်မည်ဟု နားလည်ထားသည်။

သို့သော်...ဆယ်ရက်ခန့် ရောက်ရှိလာသည့် တိုင်အောင် ဘုရင့်တံဆိပ်တုံးခတ်နှိပ်ထားသည့် ဆင့်ခေါ်စာက ရောက်မလာပါ။

သူကပြုံးလိုက်သည်။

'ဟုတ်ပြီး သည်အမှုဟာ မယ်တော်နဲ့ ပတ်သက်နေတာကြောင့် ကောရာဇ်ဘုရင်က အမိန့်ချမပေးဝံ့ဘူး ထင်တယ်'

သူက ယင်းသို့တွေးရင်း စိတ်ပျော်သွား လေသည်။

'ဟား...ဟား...ဟား'

သူက တစ်ယောက်တည်းပင် အားပါးတရ ရယ်မောလိုက်မိလေသည်။

ထိုအချိန်မှာပင်....



နန်းတွင်းသူ တစ်ယောက်က ဝင်ရောက်လာ လေသည်။

'အဘကြီး....သည်မှာ ဘုရင့်အမိန့်တော် ပါလာတယ်'

ကို့ဟိုင်၏ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားလေသည်။

'ဟာ...ဒုက္ခပါပဲ ဘုရင်က မိုက်မိုက်ကန်းကန်းကို အမိန့်ချလိုက်ပြီ ထင်တယ်'

သူက အမိန့်တော်ကို ကြိုဆိုရန် ဧည့်ခန်းထဲသို့ ထွက်လာခဲ့သည်။

သူသည် အမိန့်တော်ကို ဂါရဝပြုလိုက်သည်။

ထိုအခါတွင် နန်းတွင်းသူက အမိန့်စာကို ဖတ်ပြလိုက်၏။

'အတွင်းဝန်မင်း သိစေရန်....'

ကနေ့ညတွင် ရှစ်လတစ်ဆယ့်ငါးရက်ဖြစ်၍ လမုန့်ပွဲတော် ကျင်းပရပေမည်။ ထို့ကြောင့် အသင်သည် ကျွန်ုပ်ပါကိုယ်တော်မြတ်နှင့်အတူ လမုန့်ပွဲတော် ကျင်းပနိုင်ရန် ဥယျာဉ်တော်သို့ လာရောက်စေ....

ကောရာဇ်ဘုရင်မင်းမြတ်။

အတွင်းဝန်မင်း ကို့ဟိုင်သည် ထိုအမိန့်တော်ကို ကြားလိုက်ရသောအခါမှ စိတ်သက်သာရာ ရရှိသွားသည်။

'အင်း တော်ပါသေးရဲ့ ဘုရင်မင်းမြတ်က လမုန့်ပွဲတော် ကျင်းပဖို့ ငါ့ကို ဖိတ်ခေါ်လိုက်တာကိုး'

သူက ယင်းသို့ကြိတ်၍ စဉ်းစားကာ အဘွင်းဆောင်သို့ ပြန်ဝင်ခဲ့ပြီး ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

သူက မဲ့ပြုံးပြုံးကာ....

'ပေါင်ချင်းထန်း အသင်ဘာတတ်နိုင်သေးလဲ၊ အသင်က ကိုယ့်ဘာသာကိုယ် အေးအေးမနေပဲ ပျားအုံကိုမှ တုတ်နဲ့ထိုး ချချင်တာကိုး စောင့်ကြည့်ပါလေ၊ ငါ့အလှည့် လာလိမ့်မယ်'

*   *   *

## လမုန့်ပွဲတော်

ကောင်းကင်တစ်ခုလုံး တိမ်တိုက်တိမ်လိပ်များ ကင်းရှင်းနေလေသည်။

ယနေ့ညအဖို့ လပြည့်ဝန်းက ပို၍ ထိန်လင်းသာနေသည်။

နေပြည်တော်တစ်ဝှမ်းလုံးမှာ ရောင်စုံမီးများ ထွန်းညှိ၍ လမုန့်ပွဲတောင်ကို ကျင်းပနေကြလေသည်။

နန်းတော်အတွင်းမှသည်း ရောင်စုံမီးများ လှပစွာထွန်းညှိထားလေသည်။

နန်းတွင်းသူ နန်းတွင်းသားများတို့မှာသည်း ပျော်ရွှင်စွာ မီးထွန်းသည်။

မီးပန်းများ လွှတ်ဘင်နေကြ၏။

မြင်ကွင်းတစ်ခုလုံးမှာ ကြည်နူးပျော်ရွှင်ဖွယ်ရာ ကောင်းလှပေသည်။

အတွင်းဝန်မင်းကို့ဟိုင်က ဥယျာဉ်ထဲသို့ ရောက်ရှိလာ၏။

ယနေ့ညသူသည် အတွင်းဝန် အဆောင်အယောင်များကို စုံစုံလင်လင် ဝတ်ဆင်၍ ရောက်ရှိလာခြင်း ဖြစ်ပေသည်။

နန်းတွင်းသူများက သူ့အား ကြိုဆိုကာ ကေရာဇ်မင်းထံသို့ လိုက်လံပို့ဆောင်ပေးလေသည်။

ကေရာဇ်ဘုရင်က ဥယျာဉ်ထဲမှ ကျောက်စားပွဲတစ်လုံးအနီးတွင် ထိုင်နေ၏။

အနီးတွင် အရက်ငှဲ့ပေးရန် ပြုစုပေးရန်အတွက် နန်းတွင်းသူ လေးယောက်မှလွဲ၍ ဝန်မင်း မှူးမတ် တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရပါချေ။

အတွင်းဝန်မင်းကို့ဟိုင်က အနည်းငယ် အံ့သြသွားမိလေသည်။



သူက အံ့သြစွာကြည့်ရင်း လျှောက်လာရာ ကေရာဇ်မင်းရှေ့သို့ ရောက်ရှိလာပြီး ဂါရဝ ပြုလိုက်သည်။

ကေရာဇ်ဘုရင်က မိမိ၏စားပွဲရှေ့ရှိ ကုလားထိုင်ကို ညွှန်ပြလိုက်သည်။

'အတွင်းဝန်မင်း ထိုင်ပါ'

ကို့ဟိုင်က ထိုင်ချလိုက်သည်။

ကေရာဇ်ဘုရင်က သူ့အား ရင်းရင်းနှီးနှီးဖြင့်....

'ကျုပ်ကိုယ်တော်မြတ်နဲ့ အတွင်းဝန်မင်းတို့ မဆုံရတာ အတော်ကြာခဲ့ပြီပဲ၊ အခုလို လမိုက်ရာသီမှာ အတွင်းဝန်းမင်းနဲ့အတူတကွ ပွဲတော်ကျင်းပချင်တာကြောင့် ကျုပ်ခေါ်ရတာပါပဲ'

လွင်စာပေ

ကို့ဟိုင်က ....

ဦးညွှတ်လိုက်သည်။

'ကျေးဇူးကြီးမားလှပါတယ် သူရင်းမင်းမြတ်'

သူက ဘေးဆီသို့တစ်ချက် ဇွေ့ကြည့်လိုက်တာ....

'ဒါနဲ့ အခြားမှူးမတ်များနဲ့ မတွေ့ရပါလား ဘုရား'

ကေရာဇ်ဘုရင်က....

'သူတို့က နန်းတော်ထဲမှာ စိုင်းဖွဲ့ပြီး စားသောက်နေကြတယ်လေ ကျုပ်ကိုယ်တော်မြတ်က တစ်ခါတစ်လေ အခုလိုအေးအေးဆေးဆေး အပန်းဖြေ ချင်တာကြောင့် ဥယျာဉ်တော်ထဲမှာ လာထိုင်နေတာပါ'

သူက လဝန်းကို မော့ကြည့်လိုက်ပြီး....

'အမှန်တော့ လမုန့်ပွဲတော်ဆိုတာဟာ လဝန်းရဲ့သာယာပုံနဲ့ ကောင်းကင်ရဲ့ အေးချမ်းကြည်လင်မှုတွေကို ကြည့်ရှုခံစားတတ်မှ အဓိပ္ပာယ်ရှိမှာပေါ့ အတွင်းဝန်မင်းရယ်'

ကိုဟိုင်က ခေါင်းညိတ်လိုက်သည်။

'မှန်လှပါဘုရား'

ကေရာဇ်ဘုရင်က ကိုဟိုင်ရှေ့တွင် ချထားသော အရက်ခွက်လို ညွှန်ပြလိုက်သည်။



'ကဲ....အတွင်းဝန်မင်း ယနေ့ညတော့ နှစ်ချို့အရက်ကို ဇိမ်ခံသောက်ရင်း လှပတဲ့ လဝန်းရဲ့သာယာမှု ညကို ခံစားလိုက်ပါဦးလေ'

ကိုဟိုင်က အရက်ခွက်ကို ကိုင်မြှောက်ပြ လိုက်လေသည်။

'ကေရာဇ်မင်း ဘုန်းကံ ကြီးမားသထက် ကြီးမားပြီး သက်တော်ရာကျော် ရှည်ပါစေ'

ဟု ဆုမွန်ကောင်းတောင်းကာ အရက်ကို မော့ချလိုက်သည်။

နန်းတွင်းသူက အရက်များကို ကိုဟိုင်၏ ခွက်ထဲသို့ ထပ်မံငှဲ့ပေးပြန်လေသည်။

ဤသို့ဖြင့် ကိုဟိုင်သည် လမုန့်ရာသီကို ပျော်ပျော်ကြီး ဆင်နွဲကာ ညဉ့်နက်သန်းခေါင်ယံ အချိန်ကျမှ မိမိအဆောင်သို့ပြန်ခဲ့သည်။

သူက ကေရာဇ်ဘုရင်သည် မိမိအား အမှုကိစ္စ မေးမြန်းလိမ့်မည်ဟု ထင်ထားခဲ့လေသည်။

သို့သော်....

ကေရာဇ်ဘုရင်က ဤအမှုကိစ္စကို လုံးဝပင် မဟပါချေ။

သူက ဤအမှုကိစ္စအတွက် မိမိမှာ လုံးဝဖြေရှင်းရန် မလိုတော့ပြီဟု နားလည်လိုက်သည်။

သူသည် ကျေနပ်စွာ ရယ်မောရင်း ဦးခေါင်း တစ်ခုလုံး မူးဝေလာသဖြင့် အဝတ်အစားပင် မလဲနိုင်တော့ဘဲ အိပ်ရာပေါ်တွင် ဝင်ရောက်လဲလျောင်းလိုက်ရာ အိပ်ပျော်သွားခဲ့လေသည်။

*　　*　　*

ယမမင်းပြည်

မည်မျှအချိန်ကြာ သွားမှန်းမသိခဲ့ပါ။

သူက မျက်လုံးဖွင့်ကြည့်လိုက်သောအခါ ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေခြင်းကို တွေ့ရှိလိုက်ရသည်။

ထို့နောက်....

စိမ်းဖန့်ဖန့် မီးရောင်များကို မြင်တွေ့လိုက်ရလေသည်။

ရှင်းပြင်....

မီးခိုးလော၊ နှင်းမြူလောဟု ခွဲခြားမရသော အငွေ့အသက်များက ဝန်းကျင်တစ်ခုလုံးတွင် လွှမ်းခြုံထားကြောင်း တွေ့လိုက်ရသည်။

သူက အံ့သြသွားမိလေသည်။

ကိုယ့်ကိုကိုယ် ပြန်လည်ကြည့်မိ လိုက်သောအခါ အိပ်ရာပေါ်တွင် လှဲလျောင်းနေခြင်း မဟုတ်ဘဲ ကျောက်သားပြင် ကြမ်းခင်းပေါ်တွင် လဲလျောင်းနေကြောင်း တွေ့မြင်လိုက်ရသည်။

သူက ထထိုင်ရန် ဟန်ပြင်လိုက်သောအခါ သူ့လက်နှစ်ဖက်တွင် လက်ထိပ်ခတ်ထားခြင်းကို တွေ့မြင်လိုက်ရလေသည်။

လက်ထိပ်သံကြိုးများမှာ ကြမ်းခင်းပေါ်တွင် ပုံကျနေခြင်းကို တွေ့လိုက်ရသည်။

သူက ထိတ်လန့်သွားကာ ဝန်းကျင်အား မျက်လုံးဝေ့၍ ကြည့်မိလိုက်၏။

သူ၏ နောက်တစ်လံခန့်အကွာတွင် အလွန်ကြီးမားသော ဒယ်အိုးကြီးတစ်လုံးအား မီးဖိုပေါ်တွင် တင်ထားခြင်းကို တွေ့မြင်လိုက်ရလေသည်။



မီးဖိုမှ မီးများမှာ အရှိန်ပြင်းစွာ တောက်လောင်နေပြီး ဒယ်အိုးထဲမှ ဆီများမှာ ပွက်ပွက်ဆူနေသည်။

မီးဖို၏ ဝဲယာဘက်ဖက် တစ်ချက်တွင် လူနှစ်ယောက် ရပ်နေလေသည်။

သူတို့၏ ခန္ဓာကိုယ်အပေါ်ပိုင်းတွင် ဗလာကျင်းထားကာ ခါးတွင် ကြမ်းတမ်းသော အဝတ်တစ်ထည် ပတ်ထားခြင်းကို တွေ့မြင်လိုက်ရသည်။

ရှည်လျားရှုပ်ပွေနေသော ဆံပင်များက ပခုံးပေါ်သို့ ကျနေလေသည်။

ထိုလူနှစ်ယောက်က ဘေးစောင်းအနေအထားဖြင့် ရပ်ကာ မီးဖိုအား ကြည့်နေကြလေသည်။

ယင်းကြောင့် သူတို့၏ မျက်နှာအား မမြင်တွေ့ရပါ။

ကိုဟိုင်က ထိတ်လန့်သွားလေသည်။

မိမိက မည်သည့်နေရာသို့ ရောက်ရှိနေပါသနည်း။

ကိုဟိုင်က ထိုလူနှစ်ယောက်အား လှမ်းကြည့်ကာ....

'ဒီမှာခင်ဗျာ....ဒီနေရာဟာ ဘယ်နေရာပါလဲ'

ဟု မေးလိုက်သည်။

ထိုလူနှစ်ယောက်က သူ့အားပြိုင်တူ လှည့်ကြည့်လိုက်ကြလေသည်။

ကိုဟိုင်က သူတို့နှစ်ယောက်၏ မျက်နှာအား တွေ့မြင်လိုက်သောအခါ....

'အမယ်လေးဗျာ'

ဟု ထိတ်လန့်စွာ အော်ဟစ်လိုက်သည်။

အကြောင်းမှာ....

ထိုလူနှစ်ယောက်၏ မျက်နှာများမှာ အသားအရေမရှိတဲ့ မျက်တွင်း ဟောက်ပက် ဖြစ်နေပြီး နှာခေါင်း နေရာတွင် အပေါက်နှစ်ခုသာ တွေ့မြင်ရသည်။

ထို့ပြင် ပါးစပ်မရှိ....



သွားများ ဖြူဖွေးပြီး ရှည်လျားစွာ ရှိနေကြသည်မဟုတ်ပါလော။

ကိုဟိုင်က ထွက်ပြေးရန် ကြိုးစားလိုက်သည်။

သို့သော်....

သံကြိုးများ ခတ်ထားသောကြောင့် ဝေးဝေးပင် မပြေးနိုင်ပါ။

ကြောက်ရွံ့ လန့်စွာဖြင့် ကြမ်းခင်းပေါ်သို့ လဲကျသွားသည်။

သူက လူးလိမ့်၍ ထထိုင်ကာ ရှေ့သို့ ကြည့်လိုက်လေသည်။

ယခုမှ မိမိမှာ ခန်းမဆောင်ကြီး တစ်ခုထဲသို့ ရောက်ရှိနေခြင်းကို တွေ့မြင်လိုက်ရသည်။

ခန်းမကြီး၏ မျက်နှာကြက်ပေါ်တွင် ထွန်းထားသော မီးအိမ်များမှ စိမ်းဖန့်ဖန့် အလင်းရောင်များမှာ ကျောချမ်းဖွယ်ရာ တောက်လျှပေသည်။

ခန်းမကြီး၏ ပုဏ္ဏားကွယ်ရှေ့တွင် ကြီးမားသော စားပွဲတစ်လုံး ရှိလေသည်။

ပုဏ္ဏားကွယ်ပေါ်တွင် အဖြူရောင် အောက်ခံသားပြီး အမည်းရောင် စာလုံးများ ရေးသားထားခြင်းကို တွေ့ရ၏။

ထိုစာများမှာ 'ယမမင်းခန်းမဘစ်'ဟု ရေးသားထားခြင်းကို တွေ့ရလေသည်။

ကို့ဟိုင်၏ ခန္ဓာကိုယ် တစ်ခုလုံး အေးစိမ့် တောင့်တင်းသွားမိလေသည်။

'ငါ....ငါဒီကို သယ်လိုလုပ်ပြီး ရောက်လာတာလဲ၊ ငါသေများ သေသွားပြီလား'

ဟု တွေးမိလိုက်သည်။

သူက ခေါင်းတစ်ချက် ညိတ်လိုက်သည်။

'မဟုတ်နိုင်ပါဘူး....ငါအိပ်မက်ဆိုး မက်နေတာနဲ့ တူပါတယ်'



သူက ယင်းသို့ စဉ်းစားကာ မိမိ၏ခေါင်းကို လိမ်ဆွဲလိုက်ရာ နာကျင်မှု ဝေဒနာကို ခံစားလိုက်ရသည်။

သို့တိုင်အောင်....

သူ၏ မြင်ကွင်းက ပျောက်ကွယ်သွားခြင်း မရှိပါချေ။

'ဟာ....ငါအိပ်မက်မက်နေတာ မဟုတ်ပါလား'

ထိုအချိန်....

ခေါင်းသံတစ်ချက် ထွက်ပေါ်လာသည်။

'ဒူ....'

တစ်ဆက်တည်းမှာပင်....

အောင်သံတစ်သံများက ဆူညံစွာ ထွက်ပေါ်လာသေသည်။

'ယမမင်းကြီး ကြွလာပါပြီ'

ယင်းအသံမှာ....

လူသားတစ်ယောက်၏ အသံနှင့်မတူ ငှက်ဆိုးထိုးညံ့နှင့် တူလှပေသည်။

ထိုအသံဆုံးသောအခါ....

ဓားများ၊ လှံများ၊ သံကြိုးများနှင့် တုတ်များ ကိုင်ဆောင်ထားသည့် လူတစ်စုက ဗီတန်း၍ ဝင်လာကြလေသည်။

ထိုလူများသည် လူသားစစ်စစ်များ မဟုတ်ကြပါ၊

လူခန္ဓာကိုယ်နှင့် နွားဦးခေါင်း၊ လူခန္ဓာကိုယ်နှင့် မြင်းဦးခေါင်းများ ဖြစ်ကြ၏။

သူတို့၏ နောက်တွင် အလွန်အရုပ်ဆိုး အကျည်းတန်သော လူများ အလွန်ကြောက်မက်ဖွယ်ရာ ကောင်းသော တစ္ဆေသူရဲများ ပါရှိလာခြင်းကို တွေ့မြင်လိုက်ရလေတော့သည်။

သူတို့သည် ကို့ဟိုင်အား လှည့်ပင် မကြည့်ကြတော့ပါ။



ခန်းမထဲရှိ စားပွဲရှေ့တွင် ဝဲ့ယာခွဲ၍ ဗီတန်းကာရပ်တန့်နေကြလေသည်။

ထို့နောက်....

အမတ်ကြီး ဝတ်စုံဝတ်ဆင်ထားသော လူတစ်ယောက်က လက်ထဲတွင် အလွန်ကြီးမား ထူထပ်သော စာအုပ်ကြီးတစ်အုပ်နှင့် စုတ်တံကိုကိုင်ကာ ရောက်ရှိလာလေသည်။

သူ၏ မျက်နှာတစ်ခုလုံးမှာ မည်းနက် နေလေတော့သည်။

ယင်းအချိန်....

ကော်ရာဇ်ဘုရင်ကဲ့သို့ ဝတ်စုံကို ဝတ်ဆင်ထားသော လူတစ်ယောက်က ခန်းမကြီးထဲသို့ ဝင်လာကာ စားပွဲ၏ကုလားထိုင်တွင် ဝင်ရောက်ထိုင်ချလိုက်ရသည်။

ဗီတန်း၍ ရပ်နေကြသော တစ္ဆေ၊ သူရဲများက လက်နက်များလို မြှောက်ရင်း....

'ယမမင်းကြီး ကျန်းမာပါစေ'

ယမမင်းကြီး၏ မျက်နှာတစ်ခုလုံးမှာ စိမ်းဖန့်ဖန့်အရောင်များ ယှက်သန်းနေ၍ ကြောက်စရာ ကောင်းလှပေတော့သည်။

'ဖွားခဲ့သောစာရင်း အမတ်မင်း ကနေ့ ဘာများ စစ်ဆေးစရာရှိသလဲ'

စာအုပ်ထူကြီးနှင့် စုတ်တံကိုကိုင်ဆောင်ထားသော အမတ်မင်းက အတွင်းဝန်မင်း ကို့ဟိုင်အား ညွှန်ပြလိုက်လေသည်။

'ကနေ့ လူ့ပြည်က အတွင်းဝန်မင်း ကို့ဟိုင်ဆိုတဲ့လူဟာ ကံကုန်သက်ခဲ့လို့ ယမမင်းပြည်ကို ရောက်လာပါတယ်၊ သူ့ကို လူ့ပြည်မှာ ပြုခဲ့တဲ့ကောင်းမှု မကောင်းမှုတွေကို စစ်ဆေးရပါမယ်'

ကို့ဟိုင်က စကားကို ကြားလိုက်သောအခါ ခန္ဓာကိုယ်တစ်ခုတစ်လုံး တုန်လှုပ်သွားမိလေသည်။

'ဟင်....ငါ...ငါ...သေသွားလို့ ယမမင်းပြည် ရောက်နေတာကိုး'



အမတ်မင်းဆိုသူက စာအုပ်ထူကြီးကို တစ်ရွက်ခြင်း လှန်လှောဖတ်ရှုပြီးမှ....

'ယမမင်းကြီးခင်ဗျာ ကို့ဟိုင်ဟာ လူ့ပြည်မှာတုန်းက နန်းတွင်းလုပ်ကြံမှုကြီးတစ်ခုမှာ ဦးစီးလုပ်ဆောင်ပြီးအကုသိုလ်တွေ အကြီးအကျယ် လုပ်ခဲ့ပါတယ်'

ယမမင်းကြီးက အေးစက်စက် အသံဖြင့်....

'ဘယ်လို အကုသိုလ်မျိုးလဲ'

အမတ်မင်းက....

ဤသို့ ပြောလိုက်သည်။

'သူဟာ နန်းတွင်းသူတွေကို သတ်ခဲ့တယ်၊ မီးဖွားတဲ့လက်သည် အမျိုးသမီးကိုလည်း သတ်ခဲ့တယ်၊ တောင်နန်းစံမိဖုရားက မွေးဖွားတဲ့သားတော်ကို မြောက်နန်းစံ မိဖုရားရဲ့သားတော်လို့ လိမ်ညာလျှောက်တင်ပြီး တောင်နန်းစံမိဖုရားက မွေးဖွားသန့်စင်လာတဲ့ သားတော်လေးကိုကျတော့ ကြောင်ပေါက်လေးနဲ့လဲပြီး ဘုရင်ရှေ့တော်မှောက်မှာ ပြသခဲ့ပါတယ်၊ နောက်ပြီး ဘုရင်က ရာဇအမျက်မာန်ရှလို့ တောင်နန်းစံ

မိဖုဘုရားကြီးကို အပယ်ဆောင်ပို့ထားတဲ့အချိန်မှာ မီးလောင်တိုက်သွင်းခဲ့ပါတယ် နောက်ပြီး....

ယမမင်း၏ အသံက အေးစက်စွာ ထွက်ပေါ်လာလေသည်။

'နောက်ထပ် ဆက်မပြောနဲ့တော့'

သူက သစ်သားချောင်းဖြင့် မိမိမရှေ့ရှိ စားပွဲကို ရိုက်၍လိုက်သည်။

'ဝုန်း....'

ကိုဟိုင်၏ ခန္ဓာကိုယ်တစ်ခုလုံး တစ်ချက် တုန်ခါသွားလေသည်။

ယမမင်းကြီးက....

'ကိုဟိုင် မင်းမကောင်းမှုပြုလုပ်ခဲ့တာတွေဟာ လူ့ပြည်မှာ မရှိပေမယ့် ငါ့ရဲ့ ယမမင်းပြည်မှာတော့ ရှိနေပါတယ်၊ ကဲ.... သည်တော့ မင်းက ဒီအမှုတွေ ကျူးလွန်တယ် မကျူးလွန်ဘူးဆိုတာ အမှန်အတိုင်း ဝန်ခံပါ'



ကိုဟိုင်ကဲ ထိတ်ထိတ်လန့်လန့်ဖြင့် ရပ်နေမိလေသည်။

မှတ်တမ်းစာအုပ်တွင် ရေးထားသော အကြောင်းအရာများအားလုံး မှန်ကန်နေခြင်းကို ငြင်းမရပါချေ။

သို့သော်....

သူက မိမိဝန်ခံလိုက်ပါလျှင် ကြီးလေးသော အပြစ်ဒဏ်သင့်မည်ကို ကြောက်ရွံ့နေသူဖြင့် မည်သို့ ပြောရမှန်း မသိဘဲ တွေဝေနေမိ၏။

ဝဲယာတစ်ဖက်တစ်ချက်တွင် ရပ်နေကြသော သူရဲများက လက်ထဲတွင် ကိုင်ထားသော လက်နက်များအား ကြမ်းပြင်ပေါ်သို့ ဆောင့်ချကာ ပြိုင်တူအော်ဟစ်လိုက်ကြ၏။

'ပြော....ပြော....အမှန်ကို ပြော'

ကိုဟိုင်က ခေါင်းအသွင်သွင် ခါယမ်းကာ....

'မဟုတ်ဘူး....မဟုတ်'

သူ၏ စကားမဆုံးမီ အမတ်မင်းက လှမ်း၍ အော်ဝေါက်လိုက်လေသည်။

'တရားခံ ကို့ဟိုင် မှတ်တမ်းထဲမှာ အပြည့်အစုံ ရှိနေတာတောင်မှ ဝန်မခံဘူးဆိုရင် နောက်ထပ် ဘယ်တော့မှ လူမဖြစ်ရတော့ဘူး'

သူက ယမမင်းအား ဦးညွှတ်လိုက်၏။

'ယမမင်း တရားခံ ကို့ဟိုင်ဟာ သေဆုံးပြီးချိန်ထိ ကျူးလွန်ခဲ့တဲ့အပြစ်တွေကို နောင်တမရဘဲ လိမ်ညာနေတာကြောင့် တဖော်ဆက်ဆက်မှာ ငရဲပြည်မှာ ဒုက္ခခံစားစေရန် အမိန့်ချမှတ်တော်မူပါ'

ယမမင်းက....

သစ်တုံးကို တစ်ချက် ရိုက်လိုက်သည်။

'ဟော....သည်ငမိုက်သားကို ဆီပူအိုးထဲ ပစ်ထည့်လိုက်စမ်း....'

ဆီပူအိုးအနီးရှိ သူရဲတစ်ယောက်သည် ကို့ဟိုင်၏လက်ကိုင်ကို ဆွဲဖြုတ်ကာ ဆီပူအိုးဆီသို့ တရွတ်တိုက် ဆွဲခေါ်သွားလေသည်။



ကို့ဟိုင်က ထိတ်လန့်လွန်းသဖြင့် ငယ်သံပါအောင် အော်ဟစ်လိုက်လေသည်။

'အား....ဆီပူအိုးထဲကို မထည့်ပါနဲ့တော့ ကျွန်တော် ဝန်ခံပါတော့မယ်'

ယမမင်းကြီးက ဟန့်တားလိုက်၏။

သူရဲနှစ်ယောက်က သူ့အား လက်လွှတ်လိုက်သည်။

ကို့ဟိုင်က ယမမင်းရှေ့သို့လေးဖက်ထောက်၍ သွားလေသည်။

'ကျွန်တော်မျိုးမှားပါတယ်၊အမှန်အတိုင်း ဝန်ခံပါတော့မယ်၊ ကျွန်တော်မျိုးကို သက်သက်ညှာညှာ စီရင်ပါလို့တောင်းပန်ပါတယ်'

အမတ်မင်းက....

စားပွဲပေါ်တွင် အသင့်ရှိနေသော စာရွက်နှင့် စုတ်တံကို လှမ်းယူကာ ကို့ဟိုင်ထံသို့ ပေးလိုက်၏။

'ကောင်းပြီ....မင်း ကျူးလွန်ခဲ့သမျှ အပြစ်တွေကို မကွယ်မဖွက်ဘဲ သည်စာရွက်ပေါ်မှာ ရေးချပါ'

ကို့ဟိုင်က မထူးတော့သဖြင့် မိမိကျူးလွန်ခဲ့သော အပြစ်များကို စုတ်တံနှင့် စက္ကူပေါ်တွင် ရေးလိုက်ရလေတော့သည်။

*  *  *

အမတ်မင်းသည် ကို့ဟိုင်ရေးပြီးသော စာရွက်ကို ပြန်ယူကာ ယမမင်းရှေ့မှောက်သို့ တင်ပြလိုက်လေသည်။

ယမမင်းသည် ကို့ဟိုင်၏ ဝန်ခံရေးသားထားသော စာများကို သေချာစွာ ဖတ်ကြည့် ပြီးသောအခါ မျက်ရည်များ ဝဲလာလေသည်။

သူက ဖွားသေစာရင်းကိုင်ထားသောအမတ်ကို ခေါင်းညိတ်ပြလိုက်၏။

ဖွားသေစာရင်း ကိုင်ထားသော အမတ်တွိုကဲ လက်ခုတ်တီးလိုက်လေသည်။

'ဖြောင်း'

သူ၏လက်ခုပ်သံထွက်ပေါ်လာသည်နှင့် စိမ်းဖန့်ဖန့် မီးရောင်များပျောက်ကွယ်သွား၊ အခန်းတစ်ခုလုံး မီးတိုင်များအလျှိုလျှို ပေါ်ထွက်လာကာ ထိန်ထိန်လင်းလာ၏။

ဖွားသေစာရင်းအမတ်က အပေါ်အင်္ကျီ မျက်နှာပေါ်မှဆေးများကိုဖယ်ရှားလိုက်ရာ ပေါင်ချင်းထန်း၏မျက်နှာပေါ်လွင်လာလေသည်။

ယမမင်းကလည်း မိမိယမမင်း အဆောင်အယောင်နှင့် မျက်နှာဖုံးအားချွတ်လိုက်ရာကောရော်ဘုရင်မင်းဖြစ်နေကြောင်း တွေ့လိုက်ရ၏။

နွားခေါင်း၊ မြင်းခေါင်းများ တပ်ဆင်ထားသော လူအသီးသီးတလည်း မိမိတို့ ရုပ်ဖျက်ထားခြင်းကို ပယ်ဖျက်လိုက်ကြရာ နန်းတွင်းမှအာဏာသားများ ဖြစ်နေကြခြင်းကို တွေ့မြင်လိုက်ရသည်။

ကို့ဟိုင်က အံ့ဩလွန်းစွာဖြင့် ဆီပူနံဘေးရှိ သူ့ရဲ့နှစ်ယောက်အား ကြည့်လိုက်ရာ....



အာဏာသားများ ဖြစ်နေကြောင်း တွေ့မြင်လိုက်ရလေသည်။

ယခုမှ သူက မိမိမှာ ပေါင်ချင်းထန်း ဆင်ထားသော ထောင်ချောက်ထဲသို့ တိုးဝင်မိသည်ကို နားလည်လိုက်မိလေသည်။

ပေါင်ချင်းထန်းက သူ့အား မေးလိုက်၏။

'ကို့ဟိုင်....အသင် ဘာများ ပြောစရာရှိသေးလဲ'

ကို့ဟိုင်က ခေါင်းငိုက်စိုက်ကျသွားသည်။

'ကျွန်ုပ် ဘာမှပြောစရာ မရှိတော့ပါဘူး'

ဟု ပြောလိုက်ရလေသည်။

* * *

ပြည်သူ့တရားသူကြီး ပေါင်ချင်းထန်း၏ ခက်ခက်ခဲခဲ ကြိုးစားဖော်ထုတ်မှုကြောင့် တစ်ဆယ့်ရှစ်နှစ်တိုင်တိုင် တိမ်မြုပ်ပျောက်ကွယ်သောနန်းတွင်းလုပ်ကြံမှုကြီးမှာပေါ်ပေါက်ခဲ့ပြီ ဖြစ်လေသည်။

တောင်နန်းစံမိဖုရားကြီးအား ရက်ရက်စက်စက်လုပ်ကြံခဲ့သော အတွင်းဝန်မင်း 'ကို့ဟိုင်' အား ဘုရင်ဧကရာဇ်ကိုယ်တော်တိုင်က သေဒဏ်ပေးခဲ့လေသည်။

သို့သော် မြောက်နန်းစံမိဖုရားကြီးကိုမူ မည်သို့အပြစ်ပေးရမှန်းမသိဘဲ အခက်ကြုံနေသဖြင့် ဧကရာဇ်ဘုရင်က ပေါင်ချင်းထန်းနှင့် ခေါင်းချင်းဆိုင်နေလေသည်။

ပေါင်ချင်းထန်းကလည်း ထိုအမှုအတွက် ဆုံးဖြတ်ချက်ပေးရန် အခက်ကြုံနေရသည်။

ထို့ကြောင့် သူက တောင်နန်းစံမိဖုရားကြီး(ဝါ)ဧကရာဇ်ဘုရင်၏မယ်တော်အား....

ပထမဦးဆုံး ရှန်းရှန်းကျေးရွာသို့သွား၍ ခေါ်ယူရန်အကြံပြုလိုက်သည်။



ဧကရာဇ်ဘုရင်သည် ပေါင်ချင်းထန်းပေးသော အကြံအတိုင်းပင် ရှန်းရှန်းကျေးရွာသို့သွား၍ တောင်နန်းစံမိဖုရားကြီးအား ကိုယ်တိုင်ကိုယ်ကျပင် ခေါ်ဆောင်ခဲ့လေတော့သည်။

လင်းစာပေ

* * *

ယခု....

နန်းရင်းပြင်တစ်ခုလုံးတွင် မှူးကြီးမတ်ရာ သေနာပတိနှင့် နန်းတွင်းသူ နန်းတွင်းသားအားလုံးတို့မှာ ရာပန်းခတ်မျှ လှုပ်လှုပ်ရွရွ ဖြစ်နေကြလေသည်။

အကြောင်းမှာ ဧကရာဇ်ဘုရင်မင်းမြတ် ကိုယ်တော်တိုင် မိမိ၏ မယ်တော်အရင်းဖြစ်သော တောင်နန်းစံ မိဖုရားကြီးအား သွားရောက်ခေါ်ယူ၍ နန်းတော်သို့ပြန်လာမည် မဟုတ်ပါလော။

ထို့ကြောင့် နန်းရင်ပြင်တစ်ခုလုံးသာမက ဘုရင်နှင့်မယ်တော်တို့ ကြွချီတော်မူလာမည့် လမ်းတစ်လျှောက်တွင် လူအများ အုတ်အုတ်ကျွက်ကျွက် ညံနေလေသည်။

ယင်းအချိန် အခါးဆီမှ မင်္ဂလာစည်တော်ယွန်းသံ သဲသဲ ကို ကြားလိုက်ကြရသည်။

ထို့ကြောင့် နန်းတွင်းသူ နန်းတွင်းသားများနှင့် မြည် သူလူထုအားလုံးက စည်တော်ယွန်းသံ ထွက်ပေါ်လာကြရာ သို့ လှမ်းမျှော်ကြည့်လိုက်ကြလေသည်။

မှန်ပါသည်။

ရာဇမတ်ကာရံထားသော လမ်းမကြီးအတိုင်း ဘုရင်နှင့် မယ်တော်တို့အား နန်းတွင်းကိုယ်ရံတော်များက ဝန်းရံကာ ကြွချီတော်မူလာသည်ကို တွေ့မြင်လိုက်ကြရလေ တော့သည်။

*　　*　　*



တောင်နန်းစံ မိဖုရားကြီးသည် နန်းတော်သို့ ပြန်လည် ရောက်ရှိသွားပြီ ဖြစ်သည်။

ကေရာဇ်ဘုရင်သည် မိမိအား လူ့လောကသို့ ရောက်ရှိ ချိန်မှစ၍ ကံကြမ္မာဆိုးနှင့် ရင်ဆိုင်ကာ ခဲ့ခွာနေခဲ့ရသော မယ်တော်ဖြစ်သူအား သနားကြင်နာစွာဖြင့် အစစအရာရာ ဂရုတစိုက်ပင် စောင့်ရှောက်ခဲ့လေသည်။

ထို့ကြောင့် တောင်နန်းစံမိဖုရားကြီးသည် မိမိဘဝတစ် သက်တာတွင် တစ်သသ တမ်းတနေရသော သားတော်နှင့် ပြန်လည်ဆုံတွေ့ရသည့်အတွက် အလွန်ပင် ဝမ်းသာနေမိလေ သည်။

ချမ်းလျှံကိုလည်း ကေရာဇ်ဘုရင်က အိမ်ရှေ့စံ ရာထူး ချီးမြှောက် လေသည်။

တောင်နန်းစံမိဖုရားကြီး(ဝါ) မယ်တော်ကြီးမှာ မိမိဘဝ ဤသို့ပြန်လည် ဖြစ်လာရခြင်းအတွက် ပေါင်ချင်းထန်းအား ကျေးဇူးအထပ်ထပ်ပင် တင်မိလေသည်၊

ထို့ကြောင့် သူမက သားတော် ကေရာဇ်ဘုရင်အား ပေါင်းချင်းထန်းအတွက် အကောင်းဆုံး ဆုလာဘ်များ ပေးသနားပါရန် တိုက်တွန်းလေသည်။

ကျော်ရာဇ် ဘုရင်ကလည်း လိုလိုလားလားပင် လက်ခံကာ နောက်သစ်နေ့တွင် တရားသူကြီး ပေါင်ချင်းသန်းအတွက် အထူးချီးမြှင့်မည့် အစီအစဉ်တစ်ခုကို ညီလာခံ၌ကျင်းပပေးမည်ဟု ကတိပြုလိုက်လေတော့သည်၊

* * *

နောက်တစ်နေ့....

နန်းတော်ထဲတွင် မှူးမတ် သေနာပတိစုံစုံညီညီဖြင့် ညီလာခံကျင်းပလေသည်။

ပေါင်ချင်းထန်းကလည်း တရားသူကြီးမင်း အဆောင်အယောင်ကို ဝတ်ဆင်ကာ ညီခံလာခံကို တက်ရောက်ခဲ့လေသည်။

ကျော်ရာဇ်ဘုရင် ညီလာခံစတင်လိုက်သည်နှင့် ဤသို့ မိန့်တော်မူလေသည်၊

'ယနေ့....ညီလာခံမှာ တရားအမှုအခင်းများကို မျက်နှာကြီးငယ်မရွေး အဂတိမလိုက်စားပဲ ဖြတ်ဖြတ်သားသားဖော် ထုတ်ဆုံးဖြတ်ချက်ချတတ်တဲ့ တရားသူကြီးမင်း ပေါင်ချင်းထန်းအား ကျုပ်ဘုရင်ကိုယ်တော်မြတ်က အထူးလေးစားအားကိုးတော်မူပေတယ်....

'သို့အတွက်ကြောင့် နောက်နောင် မည်သည့်အမှုအခင်းပင်မဆို တရားသူကြီးမင်းက တရားစီရင်ရာတွင် နန်းတွင်းမှမည်မျှ ရာထူးဂုဏ်ရှိန်ကြီးမြင့်သည့် ပုဂ္ဂိုလ်များကြောင့် အနှောင့်အယှက် တစ်စုံတစ်ရာ မပေါ်ပေါက်စေရန် ဤကျောက်မျက်ရတနာတို့နှင့် စီခြယ်ထားသော လက်သုံးတော်ဓားကို ချီးမြှင့်တော်မူမယ်၊ ဤလက်သုံးတော်ဓားသည် ကျုပ်ဘုရင်မင်းမြတ်ကိုယ်စားပြု အမှတ်အသားပင်ဖြစ်၏။

'တရားသူကြီးမင်း ပေါင်ချင်းထန်းက လက်ခံပါလော'

သူက....

ယင်းသို့....

မိန့်တော်မူရင်းမှ ရတနာများဖြင့် စီခြယ်ထားသော ဓားအား ပေါင်ချင်းထန်းအား ချီးမြှင့်တော်မူလေသည်။



ပေါင်ချင်းထန်းက ရှိခိုးကန်တော့ကာ ဝမ်းမြောက်ဝမ်းသာ လက်ခံလေသည်။

'မှန်လှပါ၊ ဤလက်သုံးတော်ဓားဖြင့် အမှုအခင်းမှန်သမျှကို တရားသဖြင့်စီရင်ချမှတ်ပါမည်ဟု ဝန်ခံကတိပြုပါတယ်သူရား'

ကေရာဇ်ဘုရင်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

'အိမ်း....အသင့်ကို နန်းတွင်းလုပ်ကြံမှုကြီးနှင့် ပတ်သက်၍ နောက်ဆုံးတာဝန်တစ်ခု ပေးအပ်တော်မူမယ်၊ အဲသည့်တာဝန်ကတော့ မြောက်နန်းစံမိဖုရားကြီးကို စီရင်ချက်ချဖို့ပါပဲ'

ပေါင်ချင်းထန်း၏ ရင်ထဲ၌ တစ်ချက် လှုပ်ရှားသွားမိလေသည်။

ထိုအချိန်....

ဘုရင်က ကိုယ်ရံတော် တပ်မှူးတစ်ယောက်အား တောင်နန်းစံမိဖုရားကြီးအား သွားရောက် ပင့်ဆောင်စေ၍ ကျန်ကိုယ်ရံတော်မှူးတစ်ယောက်အား မြောက်နန်းစံမိဖုရားကြီးကို သွားရောက်ဆင့်ခေါ်စေလိုက်သည်။

မကြာမီအချိန်အတွင်းမှာ....

တောင်နန်းစံ မိဖုရားကြီးသည် မယ်တော်အဆောင် အဆောင်များဖြင့် အပျိုတော်များက တစ်ဖက်တစ်ချက်မှ တွဲကာ ရောက်ရှိလာ၏။

ဘုရင်ကရောဇ် ကိုယ်တော်တိုင်လျှင် ပလ္လင်ပေါ်မှ ဆင်းကာ နေရာထိုင်ခင်းများ ပေးလေသည်။

ယင်းအချိန်မှာပင်....

မြောက်နန်းစံ မိဖုရားကလည်း ရောက်ရှိလာလေတော့သည်။

သူမ၏ မျက်နှာတစ်ခုလုံး ညှိုးနွမ်းကာ ငိုထားလွန်းသဖြင့် မျက်လုံးပင် မို့အစ်နေလေသည်။

ကေရာဇ်ဘုရင်က သူမအား တစ်ချက်ကြည့်ကာ စိတ်နှလုံး မကြည်မသာ ဖြစ်နေမိ၏။

သို့သော်....



သူက ပလ္လင်ပေါ်သို့ ပြန်လည်ထိုင်ကာ ဤသို့ မိန့်တော်မူလေသည်။

'တရားသူကြီးမင်း ပေါင်ချင်းထန်း'

တရားသူကြီး ပေါင်ချင်းထန်းက လက်အုပ်ချီလိုက်လေ

'မှန် မှပါ....အမိန့်ရှိတော်မူပါဘုရား'

ကေရာဇ်ဘုရင်က မြောက်နန်းစံမိဖုရားဘက်သို့ တစ်ချက် လှမ်းကြည့်ကာ....

'သူတစ်ပါး၏ ရင်သွေးကို မိမိ၏သားတော်ဟု လိမ်ညာ လျှောက်တင်ကာ သူတစ်ပါးဘဝပျက်အောင် လုပ်ကြံခဲ့သော မြောက်နန်းစံမယ်တော်အား အသင်တရားသူကြီးမင်း ကိုယ်တိုင်ပင် အမိန့်ချမှတ်တော်မူစေ'

ပေါင်ချင်းထန်းက ကေရာဇ်ဘုရင်သည် မြောက်နန်းစံ မိဖုရားအား နန်းရင်ပြင်၌ပင် တရားစီရင်စေခြင်းမှာ မယ်တော်အဖြစ် သံယောဇဉ်ရှိခဲ့ခြင်းနှင့် ယခု မိမိအားပေးအပ်သော ရတနာများဖြင့် စီခြယ်ထားသော လက်သုံးတော်ဓား

သည် ပြည်သူလူထုသာမက နန်းတွင်းရှိ မည်သည့်ပုဂ္ဂိုလ်များကမဆို ကြောက်ရွံ့လေးစားစေလို၍ ပြုမူခြင်းဖြစ်ကြောင်း နားလည်လိုက်၏။

သူက....

မြောက်နန်းစံမိဖုရားကြီးအားလှမ်းကြည့်ကာ မတ်တပ်ရပ်လိုက်ရလေသည်။

'မြောက်နန်းစံမယ်တော်ကြီးဟာ တစ်ချိန်တုန်းက မယ်တော်ကြီးဟာ တောင်နန်းစံမယ်တော်ကြီးအပေါ် မတရားလုပ်ကြံမှုတစ်ခုပြုခဲ့တယ်ဆိုရင် ဖြင်းမှာလား'

မြောက်နန်းစံမိဖုရားကြီး (ဝါ) မယ်တော်က ခေါင်းအသွင်သွင် ခါယမ်းလိုက်သည်။

'မငြင်းလိုပါဘူးကွယ် မောင်တော် ဘုရင်မင်းမြတ်ရဲ့မေတ္တာကို ရယူလိုတာကြောင့်၊ တောင်နန်းစံ မိဖုရားကြီးအပေါ် လုပ်ကြံမိခဲ့ပါတယ်ကွယ်'

သူမက ပြောရင်း မျက်ရည်များ ဒလသွင်သွင် စီးကျလာသည်။



ပေါင်ချင်းထန်းက ကေရာဇ်ဘုရင်အား လက်စုံမိုး၍ ရှိခိုးကန်တော့လိုက်၏။

'ဤအမှုကို စီရင်ချက်မချမီ ကျွန်တော်မျိုးက ဘုရင်မင်းမြတ်အား သံတော်ဦးတင်ပါရစေဘုရား'

ကေရာဇ်ဘုရင်က ခေါင်းညိတ်၏။

'သံတော်ဦးတင်စေ'

ပေါင်ချင်းထန်းက ခေါင်းတစ်ချက်ညိတ်ကာ....

'မှန်လှပါ....မြောက်နန်းစံ မိဖုရားသည် ဘုရင်မင်းမြတ်၏ မယ်တော်အပေါ် လုပ်ကြံဖန်တီးခဲ့ပါသော်လည်း ဘုရင်မင်းမြတ်အပေါ် ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ် အရွယ်မှပင် ယုယပိုက်ထွေး ပြုစုခဲ့သည်မှာ ကျွန်တော်မျိုးတို့ မျက်မြင်ကိုယ်တွေ့ပင် ဖြစ်ပါသည်၊ ထို့အတွက်ကြောင့် ကျွန်တော်မျိုးက တရားစီရင်ချက် ချမှတ်ရန်မှာ အလွန်ခဲယဉ်းနေရပါတယ်ဘုရား'

ကေရာဇ်ဘုရင်က တွေဝေသွားမိလေသည်။

သူက လူမှန်းသိစအရွယ်ကပင် မိမိအပေါ် မြောက်နန်းစံ မိဖုရား(ဝါ) မယ်တော်က မည်မျှ ဂရုစိုက်ခဲ့ကြောင်းကို တရေးရေး ပြန်လည်မြင်ယောင် လာမိသည်။

မည်သို့ဆိုစေ....

သူက ဘုရင်တို့၏ ထတိကို မဖျက်သိမ်းနိုင်ပါချေ။

'တရားသူကြီးမင်း....ဤအမှုတွင် အသင်သည် တရားသူကြီးမင်း တစ်ယောက်ဖြစ်၏၊ သို့အတွက်ကြောင့် အသင်၏ စိတ်ထဲ၌ တရားမျှတမယ်ထင်တဲ့ အရာကိုသာ ဆုံးဖြတ်တော်မူစေ'

တရားသူကြီးမင်း ပေါင်ချင်းထန်းက စဉ်းစားကာ ငေးငိုင်သွားမိလေသည်။

ထိုအချိန်—

တောင်နန်းစံ မိဖုရားကြီး(ဝါ) မယ်တော်၏ အသံက အေးချမ်းတည်ငြိမ်စွာ ထွက်ပေါ်လာလေသည်။

'အသင်တရားသူကြီးမင်း....အသင်စောစောက သံတော်ဦး တင်ခဲ့သော အရာမှုများစွာ မှန်ကန်ပေတယ်၊ သို့အတွက်



ကြောင့် မယ်တော်ကြီးမှာ သားတော်အား ငယ်စဉ်ကလေး ဘဝကပင် ပြုစုကျွေးမွေးသော ကျေးဇူးကို ထောက်ရှုခြင်း အားဖြင့် တရားစီရင်ပေးဖို့ ကျွန်မက မေတ္တာ ရပ်ခံ ပါတယ်'

ထိုစကားကို ကြားသောအခါ....

မြောက်နန်းစံ မိဖုရားကြီးမှာ မိမိ၏ မိုက်မဲမှု အတွက် ယူကျုံးမရဖြစ်ကာ တောင်နန်းစံ မိဖုရားကြီး၏ ခြေထောက် တော်ကိုပင် ပြေးဖက်၍ လူးလှိမ့်ကာ ငိုကြွေး လိုက် သည်။

တရားသူကြီး ပေါင်ချင်းသန်း၏ အသံက တည်ငြိမ်စွာ ထွက်ပေါ်လာလေသည်။

'မြောက်နန်းစံမိဖုရားကြီးသည် မကောင်းမှုပြုမူခဲ့ခြင်းမှာ ထင်ရှားသော်လည်း လူမမယ် ဘဝကပင် ဘုရင်မင်းမြတ် အပေါ် ပြုစုကျွေးမွေးခဲ့သော ကျေးဇူးကိုထောက်ရှု၍ မယ် တော် အဆောင်အယောင်မှချကာ အာယ်ဆောင်အတွင်းသို့ ပြောင်းရွှေ့ရန်သာရှိ၏၊ သို့သော် ဤအမှုတွင် တောင်နန်းစံ မိဖုရားကြီးသည် အစိကတရားလိုဖြစ်သည့်အပြင် ယခုလက်ရှိ ဧကရာဇ်ဘုရင်မင်းမြတ်၏ မယ်တော်လည်း ဖြစ်သည့်အတွက်

တောင်နန်းစံ မိဖုရားကြီး၏ ဆုံးဖြတ်မှုအပေါ်တွင် တရားစီရင်မှု ချမှတ်စေ'

ဟု အမှုစီရင်လိုက်သည်၊

တောင်နန်းစံ မိဖုရားကြီးမှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။

'အို...ကျေးဇူး ကြီးလှပါတယ် အသင်တရားသူကြီးမင်းရယ်၊ ကျွန်ုပ်က ဖြစ်ပျက်ခဲ့သမျှသော ကိစ္စအလုံးစုံတို့မှာ အတိတ်ဘဝက ဝဋ်နာ ကံနာကြောင့် ဟုသာ မှတ်ယူပါတယ်၊ ဒီအပြင် မြောက်နန်းစံ မိဖုရားကြီးက ကျွန်ုပ်ကိုယ်စား သားတော် အပေါ် ပြုစု စောင့်ရှောက် ခဲ့တဲ့ ကျေးဇူးတော်ကြောင့် ၎င်း မယ်တော် အဆောင်အယောင်နှင့် နန်းဆောင်မှာ [illegible] ဆက်လက် နေထိုင်စေလိုပါတယ်'

ထိုစကားကို ကြားသောအခါ ကေရာဇ်ဘုရင်မင်းမြတ်သည် ချက်ချင်းပင် ပလ္လင်ပေါ်မှဆင်းကာ မယ်တော်ဖြစ်သူအား အကြိမ်ကြိမ် ရှိခိုးကန်တော့ လိုက်လေသည်။



ယင်းနောက်....

ဘုရားစင်ရှေ့သို့ ကြွချီတော်မူကာ ဤသို့ သစ္စာဆိုလေသည်။

'အရှင်ဘုရား....

'ကျွန်တော်မျိုး၏ မယ်တော်သည် အလွန်တရာ သဘောထား ပြည့်ဝပြီး သူတစ်ပါးအပေါ် မေတ္တာထားနိုင်ပါတယ်၊ တစ်ချိန်က မယ်တော်အား ကျွန်တော်မျိုးက မိခင်မှန်း မသိခဲ့၍ ဆင်းရဲချို့တဲ့စွာ ထားခဲ့မိခြင်း ဖြစ်တယ်၊ ထို့ပြင် ကျွန်တော်မျိုး ကေရာဇ်ဘုရင် ဖြစ်ချိန်မှ စ၍ တိုင်းသူပြည်သားများအပေါ် မင်းကျင့်တရား ဆယ်ပါးနှင့်အညီ အုပ်ချုပ် မင်း လုပ်ခဲ့ပါတယ်၊ ဤ သစ္စာစကားသည် မှန်ကန်ခဲ့ပါလျှင် ကျွန်တော်မျိုး၏ မယ်တော် စက္ခုအစုံမှာ ပကတိပြန်လည်၍ အလင်းရောင်ရပါစေသား'

သူက....

ယင်းသို့ သစ္စာ ဆိုလိုက်သော အခါ အံ့ဩစရာကောင်းအောင်ပင် တောင်နန်းစံမိဖုရားကြီး၏ မျက်လုံးအစုံက ပြန်လည်၍ မြင်လာလေသည်။

တောင်နန်းစံ မိဖုရားကြီးက ဝမ်းမြောက် ဝမ်းသာဖြင့်....

'အလို....သစ္စာစကားဟာ အင်မတန် တန်ခိုးကြီးပါလား မယ်တော်ရဲ့ မျက်လုံးအစုံ ပြန်လည်မြင်ရပြီတဲ့ သားတော်ရယ်....'

ကော်ရာဇ်ဘုရင်က အလွန်ဝမ်းသာ သွားလေသည်။

ဤအဖြစ်အပျက်ကို ကြည့်၍ နန်းတွင်းရှိ မှူးမတ်သေနာပတိ အပေါင်းတို့မှာ ကြက်သီးမွေးညှင်းများ ထလာမိသည့်အထိ အံ့ဩတုန်လှုပ်ကြကုန်သည်။

'ဘုရင်မင်းမြတ် သက်တော်ရာကျော် ရှည်ပါစေ'

'မိဖုရားကြီး သက်တော်ရာကျော် ရှည်ပါစေ'



'ပြည်သူ တရာသူကြီး ပေါင်ချင်းထန်း သက်တော်ရာကျော် ရှည်ပါစေ....'

အစရှိသော ကောင်းချီးသြဘာ သံပေး၍ ဆုမွန်ကောင်းတောင်းဆိုသံများမှာ နန်းတွင်းတော်ထဲမှ လျှံထွက်လာကာ ဘဝဂ်အထိ ညံသွားလေတော့သည်။

ပြီးပါပြီ။

ဘုန်းကြယ်

# ဘုန်းကြွယ်

## ပေါင်ချင်းတျန်း

## အိမ်ရှေ့စံနှင့် ကြောင်ပေါက်လေး

စာမူခွင့်ပြုချက် - ၆၁၁/၉၇ (၁၂)
အဖုံးခွင့်ပြုချက် - ၅၉၆/၉၇ (၁၂)
ထုတ်ဝေသူ - ဦးတင်ဦး
အာရုဏ်ဦးစာပေ၊ ၁၁၂၀/က
စိန်ရတနာလမ်း၊ သာကေတ။
အဖုံးရိုက် - ဒေါ်စောညွန့် (၀၄၀၁၄)
မင်းမင်းဇော်အော့ဖ်ဆက်
အမှတ် ၁၆၃၊ ၄၆ လမ်း
ဗိုလ်တထောင်၊ ရန်ကုန်။
ပုံနှိပ်သူ - ဦးအောင်ခိုင် (၀၄၆၈၅)
အောင်သစ္စာပုံနှိပ်တိုက်
အမှတ် ၇၂၊
ရေတာရှည်လမ်းဟောင်း
ဗဟန်းမြို့နယ်၊ ရန်ကုန်။
အုပ်ရေ - ၅၀၀၊ တန်ဘိုး - ၇၀ ကျပ်
ခုနှစ် - ၁၉၉၈၊ ဇန်နဝါရီလ၊ ပထမအကြိမ်
ဖြန့်ချိရေး - တော်ဝင်စာပေ